ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် တွင် စတင်တည်ထောင်သည်။ Established in 1957

**စိုးရိမ်ကြောင့်ကြမှုမရှိ**

ချစ်ခင်နှစ်သက်စွဲလမ်းမှုကြောင့် စိုးရိမ်ခြင်း၊ ကြောင့်ကြခြင်းတို့သည် ဖြစ်ကုန်၏။ ချစ်ခင်နှစ်သက် စွဲလမ်းခြင်းမရှိလျှင် စိုးရိမ်ကြောင့်ကြမှုတို့သည် အဘယ်လျှင်ရှိနိုင်တော့အံ့နည်း။ (မည်သည့်အရာ၊ မည်သည့်ပုဂ္ဂိုလ်ကိုမျှ ချစ်ခင်စွဲလမ်းခြင်း မပြုရာ၊ မရဏာနုဿတိ စီးဖြန်းခြင်းဖြင့် ကင်းလွတ်အောင် အားထုတ်ရာ၏)

ပီယဝဂ်(ဓမ္မပဒ-၂၁၂)

၁၃၈၂ ခုနှစ်၊ နယုန်လဆန်း ၄ ရက်၊ တနင်္လာနေ့။ Monday, 25 May 2020 ၁၀၀၂၃

# အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့

နေပြည်တော် မေ ၂၄

နိုင်ငံတကာခရီးသည်တင်လေယာဉ်များ ပျံသန်းမှုယာယီရပ်ဆိုင်းထားခြင်းကြောင့် အိန္ဒိယနိုင်ငံ ချန်နိုင်းမြို့နှင့် ယင်းမြို့၏အနီးအနားဒေသများတွင် ရောက်ရှိနေပြီး အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသား ၁၂၃ ဦးအား မြန်မာအမျိုးသားလေကြောင်းလိုင်း(Myanmar National Airlines-MNA) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ဒုတိယအသုတ်အဖြစ် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ယနေ့ည ၇ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ✻



အိန္ဒိယနိုင်ငံမှ ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-စင်ကာပူ-ရန်ကုန် ကုန်တင်လေယာဉ်ခရီးစဉ် မေ ၂၈ ရက်တွင် ပြေးဆွဲမည်**

စာမျက်နှာ » ၅

**မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်များ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချ ဖွင့်လှစ်နိုင်ရန် ပြင်ဆင်မှုလုပ်ငန်းများ လုပ်ဆောင်**

စာမျက်နှာ » ၇

**ကိုဗစ်အလွန်မှာ ဘာတွေတွေ့လာရနိုင်သလဲ**

ဆောင်းပါး စာမျက်နှာ » ၁၀

# ချင်းရွှေဟော် နယ်စပ်ဂိတ်မှ ပြန်ဝင်လာသည့် နေရပ်ပြန်ရွှေ့ပြောင်းလုပ်သား ခုနစ်သောင်းကျော်ရှိ

**ချင်းရွှေဟော် မေ ၂၄**

တရုတ်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများသည် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ မြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ နေ့စဉ်ဝင်ရောက်လျက်ရှိရာ မေ ၂၄ ရက်အထိ ပြန်ဝင်လာသူဦးရေမှာ အမျိုးသား ၄၄၃၅ ဦးနှင့် အမျိုးသမီး ၃၂၃၀ စုစုပေါင်း ၇၆၆၅ ဦး ရှိပြီဖြစ်ကြောင်း သိရသည်။

ဧပြီ ၃၀ ရက်မှစတင်၍ တရုတ်နိုင်ငံဘက်မှ ပြန်လည်ဝင်ရောက်လာသော နေရပ်ပြန်ရွှေ့ပြောင်းအလုပ်သမားများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ မြို့အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်ဦးဆောင်၍ ကော်မတီအဖွဲ့ဝင်များက ချင်းရွှေဟော် နယ်စပ်ဂိတ်ပေါက်တွင် ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်း၊ စနစ်တကျ လက်ဆေးနိုင်ရန် လက်ဆေးစင်များနှင့် လက်သန့်ဆေးရည်များ ထားရှိခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းများ ပြုလုပ်လျက်ရှိသည်။

**စနစ်တကျပို့ဆောင်**

ထို့ပြင် လိုအပ်သည်များကူညီဆောင်ရွက်ပေးကာ ၎င်းတို့၏ နေရပ်များသို့ ရောက်ရှိစေရေးအတွက် လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ စနစ်တကျ ချိတ်ဆက်ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ဇင်ဇင်(ပြန်/ဆက်)






# ကြေးမုံ

## ပြည်သူလူထုကျန်းမာရေး ပူးပေါင်းပါဝင်

မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် နှစ်လပြည့်ပြီးကာလ၌ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ငါးသန်းကျော်ရှိနေပြီး သေဆုံးသူ သုံးသိန်းကျော်ရှိပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မေလ ၂၃ ရက်နေ့က ထုတ်ပြန်ခဲ့သည်။

မြန်မာနိုင်ငံတွင် မေလ ၂၄ ရက်နေ့ နံနက်အထိ ရောဂါပိုးတွေ့ထားသူ စုစုပေါင်း ၂၀၁ ဦး ရှိသော်လည်း ရောဂါပျောက်ကင်းသွားသူ ၁၂၀ ရှိသည်။ ရောဂါတွေ့ရှိ ကုသမှုခံယူခဲ့သည့်လူနာများတွင် လက်ရှိ၌ လူနာ ၇၅ ဦး ရှိသည်။ ယခုရက်ပိုင်းတွင် မြန်မာနိုင်ငံ၌ နေ့စဉ်နီးပါး ပိုးတွေ့လူနာ မရှိသလောက်တွေ့ရပြီး ယခုရက် ပိုးတွေ့လူနာမှာ ပြည်ပနိုင်ငံမှ လေကြောင်းဖြင့် ပြန်လည်ရောက်ရှိလာသူများအနက်မှ အချို့သာဖြစ်သည်။

ပြည်ပနိုင်ငံများတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ အခက်အခဲရှိနေပါက ပြန်လည်လက်ခံ စောင့်ရှောက်ပေးရမည်မှာ နိုင်ငံ၏ တာဝန်ဖြစ်သည်။ မြန်မာနိုင်ငံသို့ ပြန်လာလိုသော ပြည်ပရောက် မြန်မာနိုင်ငံသားများအား လေကြောင်းခရီးဖြင့်လည်းကောင်း၊ နယ်စပ်ဂိတ်ဝင်ပေါက်များမှလည်းကောင်း လက်ခံပေးလျက်ရှိပြီး ဂိတ်များတွင်စိစစ်၍ သက်ဆိုင်ရာဒေသများသို့ လွှဲပြောင်းပေးလျက်ရှိသည်။ သက်ဆိုင်ရာဒေသများတွင် စောင့်ကြည့်စစ်ဆေး ရောဂါထိန်းချုပ်ရေးကို သတ်မှတ်ထားသည့်အတိုင်း ဆောင်ရွက်ပြီး ရောဂါကင်းဝေးရေးကို ဆောင်ရွက်နေသည်။

အဓိကမှာ ပြည်သူလူထုအကြားတွင် ရောဂါပိုးကူးစက်မှု မမြင့်မားစေရန်ဖြစ်သည်။ ယခုအခါ ပြည်သူလူထုအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ကွင်းဆင်းရှာဖွေစစ်ဆေးနေသည်။ မြန်မာနိုင်ငံ၌ ရောဂါကူးစက်မှု အတိုင်းအတာအနေဖြင့် ရောဂါပိုးတွေ့သူ ၂၀၁ ဦးအနက် ရန်ကုန်တိုင်းဒေသကြီး၌ ၁၅၆ ဦးရှိသဖြင့် ဖြစ်ပွားမှုအများဆုံးဖြစ်သည်။ ရောဂါပိုးရှိသူမှ တစ်ဆင့်ခံကူးစက်မှု အများဆုံးဒေသဖြစ်သည်။ ထို့ကြောင့် ရန်ကုန်မြို့ကို အဓိကကာကွယ်ထိန်းချုပ်၍ ရောဂါကင်းဝေးရေးဆောင်ရွက်နေသည်။

ယခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့တို့ ပူးပေါင်း၍ ရောဂါကူးစက်ဖြစ်ပွားမှုအများဆုံး မြို့နယ်များတွင် ရောဂါရှာဖွေစစ်ဆေးမှုများ လုပ်ကိုင်ပေးလျက်ရှိရာ ရပ်ကွက်နေပြည်သူများက အသိတရားဖြင့် ပါဝင်ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ အလိုအလျောက် ကိုယ်အပူချိန်တိုင်းစက် တပ်ဆင်ထားသော မော်တော်ယာဉ်ကြီးများဖြင့် ရပ်ကွက်နေပြည်သူလူထုအား အိမ်တိုင်ရာရောက် ကျန်းမာရေးဝန်ဆောင်မှုပေးသည့် လုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်ကြရမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ခြင်းအားဖြင့် ပြည်သူလူထုကြားတွင် မိမိကိုယ်ကိုယ် ရောဂါရှိမှန်းမသိသူများကို ရှာဖွေနိုင်မည်ဖြစ်သည်။ ဤသို့စစ်ဆေးခြင်းဖြင့် ရောဂါပိုးရှိသူ တွေ့ရှိရပါက အချိန်မီကုသနိုင်မည်ဖြစ်သည်။ ဖြစ်ပေါ်လာနိုင်မည့် ရောဂါကွင်းဆက်နောက်သို့ လိုက်နိုင်မည်ဖြစ်သည်။ ရောဂါကွင်းဆက်ကို ဖြတ်နိုင်မှ ရောဂါကို ကာကွယ်ထိန်းချုပ်နိုင်မည်ဖြစ်သည်။ ပြည်သူတိုင်း ရောဂါရှာဖွေစစ်ဆေးမှုကို ခံယူလိုက်ခြင်းအားဖြင့် ပြည်သူများ ကျန်းမာရေးအတွက် လူထုကြားတွင် ယုံကြည်မှုများရှိလာမည်ဖြစ်သည်။ ပြည်သူလူထုကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိဖြင့် လိုလိုလားလား စစ်ဆေးမှုခံယူကြသောကြောင့် မြန်မာနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကင်းဝေးရေးမှာ အလှမ်းမဝေးဟု ဆိုနိုင်သည်။

ရန်ကုန်မြို့တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အတည်ပြုလူနာ အများဆုံး မြို့နယ်များဖြစ်သည့် အင်းစိန်မြို့နယ်အပါအဝင် တာမွေ၊ လှိုင်သာယာ၊ တောင်ဥက္ကလာပ၊ ဗဟန်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း၊ မြောက်ပိုင်း၊ တောင်ပိုင်း) နှင့် ရွှေပြည်သာ၊ မင်္ဂလာဒုံ၊ ကျောက်တံတား၊ မင်္ဂလာတောင်ညွန့်မြို့နယ်များတွင် ရောဂါရှာဖွေစစ်ဆေးမှုများကို ဆောင်ရွက်နိုင်ခဲ့ပြီး အတည်ပြုလူနာ ဒုတိယအများဆုံး မရမ်းကုန်းမြို့နယ်တွင် မြို့နေလူဦးရေ တစ်သိန်းကျော်ကို ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ ပြည်သူလူထု ကိုဗစ်-၁၉ ရောဂါကင်းဝေးစေရေးအတွက် ရောဂါရှာဖွေစစ်ဆေးမှုများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ပေးနေချိန်တွင် ရပ်ကွက်နေပြည်သူအပေါင်းတို့ကလည်း ကျန်းမာရေးဝန်ထမ်းများနှင့်အတူ လက်တွဲ၍ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းဖြင့် ရောဂါဘေးကို အချိန်တိုအတွင်း အောင်မြင်စွာကျော်ဖြတ်နိုင်မည်ဟု ယုံကြည်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေ ထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်–

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ဤ "စောစောရှာ" Mobile Application အသုံးပြုသူများ အနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ်မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ဤ Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID–19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID–19 အသက်ရှုလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည် မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID–19) ထိန်းချုပ်ရေးနှင့်**
**အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID–19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းက ဆန်အိတ်များ လှူဒါန်း



ပြင်ဦးလွင် မေ ၂၄

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် မန္တလေး ယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းက ကိုဗစ် -၁၉ ရောဂါကြိုတင်ကာကွယ်၊ ထိန်းချုပ်ကာလများအတွင်း ဆန်အိတ်များ လာရောက်လှူဒါန်းပွဲကို ယနေ့နံနက် ၉ နာရီခွဲက ပြင်ဦးလွင်မြို့ရှိ ဇယန်းသာသနရက္ခိတ သီလရှင်ကျောင်းတိုက်၌ ကျင်းပသည်။

အဆိုပါလှူဒါန်းပွဲတွင် ပြင်ဦးလွင်မြို့နယ် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ ဒုတိယဥက္ကဋ္ဌနှင့်အဖွဲ့တို့က ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်ရေးကာလများအတွင်း ပြင်ဦးလွင်မြို့ရှိ ဇယန်းသာသနရက္ခိတ သီလရှင်ကျောင်းတိုက်မှ ပညာသင်ကြားနေသော သီလရှင်တို့အား ဆန် ၁၂ ပြည်ဝင်အိတ် ၄၀ ကို ဇယန်းသာသနရက္ခိတသီလရှင်ကျောင်းတိုက် တာဝန်ခံဆရာကြီးထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ကိုဗစ် -၁၉ ရောဂါ ကြိုတင်၊ ကာကွယ်၊ ထိန်းချုပ်ရေးကာလတွင် မိမိတို့ ဇယန်းသာသနရက္ခိတသီလရှင်ကျောင်းတိုက် ပရဟိတပညာရေးကျောင်းသို့ လိုအပ်သည်များ လာရောက်လှူဒါန်းပေးခြင်းကြောင့် မန္တလေးယူနန်ဗုဒ္ဓဘာသာဘုရားကျောင်းမှ တာဝန်ရှိသူများအားလုံးအား အလွန်ပင်ကျေးဇူးတင်ရှိကြောင်း ဇယန်းသာသနရက္ခိတ သီလရှင်ကျောင်းတိုက် ဆရာကြီးက ပြောသည်။

**ဇော်မျိုးထိုက်(ပြင်ဦးလွင်)**


ကြေးမုံ

| | | | | | |
|---|---|---|---|---|---|
| **ခေတ္တ စာတည်းမှူးချုပ်** | – | ဦးစိုးစိုးနိုင် | **အငယ်တန်း** | – | ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| **စာတည်းမှူး** | – | ဦးဝင်းနိုင် | **သတင်းထောက်များ** | | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ |
| **စာတည်းများ** | – | ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ | | | ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ |
| | | ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း | | | ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး |
| **သတင်းထောက်မှူး** | – | ဦးမြင့်စိုး | **ဓာတ်ပုံသတင်းထောက်** | – | ဦးခင်မောင်ဝင်း |
| **ဘာသာပြန်စာတည်းများ** | – | ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော် | **သုတေသန** | – | ဒေါ်ဇင်မာဝင့် |
| **အကြီးတန်း** | – | ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ | **စာပြင်** | – | ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့ |
| **သတင်းထောက်များ** | | ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | – | ဒေါ်အေးအေးသင်း၊ဦးတင်ထွန်းတာနှင့်အဖွဲ့ |
| | | ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ | **အီးမေးလ်နှင့် အွန်လိုင်း** | – | ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် – စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ – အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး – ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို Video Conferencing ဖြင့် ကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၂၄**

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်၊ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း၊ လမ်း၊ တံတားနှင့် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန တို့မှ ညွှန်ကြားရေးမှူးချုပ်တို့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမဆောင်မှ Video Conferencing ဖြင့် ချိတ်ဆက်၍ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားနှင့် ကျေးလက်လမ်း၊ တံတား ဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ငန်းဆောင်ရွက်နေမှုနှင့် တိုးတက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လုပ်ငန်းလိုအပ်ချက်များ မှာကြားသည်။





### ရှင်းလင်းတင်ပြ

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီး လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးတိုးတိုးက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေ၊ ရန်ကုန် – တောင်ငူ – မန္တလေး ပြည်ထောင်စုလမ်းမကြီး လုပ်ငန်းဆောင်ရွက်နေမှု၊ ရန်ကုန် – ပြည်လမ်း (ပဲခူးတိုင်းဒေသကြီးအပိုင်း) လုပ်ငန်းဆောင်ရွက်နေမှု၊ တောင်ငူ – လိပ်သို – ယာဒိုလမ်းအပိုင်း လုပ်ငန်းဆောင်ရွက်နေမှုနှင့် တံတားချဉ်းကပ်လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများနှင့် လျှုဒါန်းထောက်ပံ့မှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ဆောင်ရွက်လျက်ရှိသော လမ်း၊ တံတား တိုးတက်မှုအခြေအနေတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် ပဲခူးတိုင်းဒေသကြီး ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးအောင်ကျော်လူက တိုင်းဒေသကြီးအတွင်း ဆောင်ရွက်လျက်ရှိသော ကျေးလက်လမ်း/တံတားလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့်ပြသသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၆)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဝင်းလွင်က ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ရေတာရှည်မြို့နယ် ရေတာရှည်–ကရင်ချောင်း–လိပ်သိုလမ်းပေါ်ရှိ စစ်တောင်းမြစ်ကူးတံတား (ရေတာရှည်)တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

### ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း)

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၉)မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးကျော်မျိုးက ပဲခူးတိုင်းဒေသကြီးအတွင်း ဆောင်ရွက်နေသည့် တောင်ငူ–ကျောက်ကြီး– ရွှေကျင်– ဝင်းကံလမ်းပေါ်ရှိ အရှည်ပေ ၁၆၈၀ ရွှေကျင်ချောင်းကူးတံတား၊ ကဝမြို့ရှောင်လမ်းပေါ်ရှိ အရှည်ပေ ၆၀၀ ပဲခူးမြစ်ကူးတံတား (ကဝ)နှင့် ပဲခူးမြို့ စိန်သာလျောင်းလမ်းနှင့် သမိန်ဗရမ်းလမ်းတို့ကို ဆက်သွယ်သည့် ပဲခူးမြစ်ကူးတံတား (မြို့ဦးကင်း) တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ လုပ်ငန်းပြီးစီးမှုနှင့် တိုးတက်မှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တံတားလုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၀)မှ ညွှန်ကြားရေးမှူး(မြို့ပြ) ဦးမြင့်ဝင်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်၊ ကျွဲပွဲ – မြို့စိုး – ဇရပ်ကြီးလမ်းပေါ်ရှိ အရှည်ပေ ၁၂၀၀ စစ်တောင်းမြစ်ကူးတံတား (မြို့စိုး) တည်ဆောက်နေမှုအခြေအနေကိုလည်းကောင်း၊ ဖြူးမြို့နယ် ဖြူး–အုတ်ဖြတ်–မုန်းလမ်းပေါ်ရှိ အရှည်ပေ ၆၂၀ စစ်တောင်းတံတား(အုတ်ဖြတ်) တည်ဆောက်နေမှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး တံတားလုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

### လေးနှစ်တာကာလအတွင်း လုပ်ငန်းတိုးတက်မှု

ယင်းနောက် မွန်ပြည်နယ် လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးကြည်သွင်ဦးက ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အလိုက် ပြည်ထောင်စု/ ပြည်နယ်ရန်ပုံငွေဖြင့် မွန်ပြည်နယ်အတွင်း ဆောင်ရွက်နေသည့် လုပ်ငန်းအခြေအနေကိုလည်းကောင်း၊ BOT စနစ်ဖြင့် ဆောင်ရွက်သော ဘုရားကြီး–မော်လမြိုင်–ထားဝယ် –မြိတ် –ဘုတ်ပြင်း –ကော့သောင်းလမ်းအပိုင်းတွင် ကတ္တရာကွန်ကရစ် ထပ်ပိုးလွှာခင်းခြင်း၊ သံကူကွန်ကရစ်တံတားများ တည်ဆောက်နေမှု အခြေအနေကိုလည်းကောင်း၊ နိုင်ငံတကာ ဆက်သွယ်ရေးလမ်းဖြစ်သော သဏ္ဍော(သံဖြူဇရပ်) – ဘုရားသုံးဆူလမ်းအပိုင်းအား မြေသားလမ်း ဖောက်လုပ်ခြင်း၊ ကတ္တရာခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကိုလည်းကောင်း၊ စံပယ်ဂူတံတား ချဉ်းကပ်လမ်း ၆ မိုင်ကျော်အား ပေ ၄၀ အကျယ် မြေသားတာပေါင်ပြုလုပ်ခြင်း၊ ၂၄ ပေအကျယ် ကွန်ကရစ်လမ်းခင်းခြင်းနှင့် တံတား တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လေးနှစ်တာကာလအတွင်း လုပ်ငန်းတိုးတက်မှုအခြေအနေ၊ ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လှူဒါန်းထောက်ပံ့မှုတို့ကို Power Point ဖြင့် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မွန်ပြည်နယ်အတွင်းရှိ လမ်း၊ တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ထို့နောက် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး(မြို့ပြ) ဦးလှမျိုးဝင်းက မွန်ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော လမ်း/ တံတား လုပ်ငန်းများနှင့် Pilot Project ဖြင့် ဆောင်ရွက်သော လုပ်ငန်းများကို Power Point ဖြင့် ရှင်းလင်းတင်ပြပြီး လုပ်ငန်းဆောင်ရွက်နေမှုနှင့် လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် တံတားဦးစီးဌာန တံတားအထူးအဖွဲ့(၁၄) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးဇော်မိုးလွင်က အတ္တရံမြစ်ကူး(စံပယ်ဂူ) တံတားတည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှု၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် အရည်အသွေးစစ်ဆေးခြင်းလုပ်ငန်းများဆောင်ရွက်ထားရှိမှု၊ ကိုဗစ်–၁၉ ကာကွယ်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ထားရှိမှုတို့ကို ရှင်းလင်းတင်ပြပြီး တံတားလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုနှင့် တိုးတက်မှုကို Video Clip ဖြင့် ပြသသည်။

### မွန်ပြည်နယ်အတွင်း စီမံကိန်းလုပ်ငန်းများ

ထို့နောက် အဆောက်အဦဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ (၁၃) မှ ဒုတိယညွှန်ကြားရေးမှူး(မြို့ပြ) ဦးစိုးဝင်းက ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ် မွန်ပြည်နယ်အတွင်းရှိ ဆောင်ရွက်လျက်ရှိသော အဆောက်အဦစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး လုပ်ငန်းတိုးတက်မှုတို့ကို Video Clip ဖြင့် ပြသသည်။

ယင်းနောက် မွန်ပြည်နယ် မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ထားထားစိုးက မွန်ပြည်နယ်အတွင်း ဆောင်ရွက်လျက်ရှိသော အိမ်ရာစီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က လုပ်ငန်းများသတ်မှတ် စံချိန်စံညွှန်းနှင့်အညီ ပြီးစီးရေး အလေးထားဆောင်ရွက်ရန် မှာကြားလိုပါကြောင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် BOT စနစ်ဖြင့် ဆောင်ရွက်သော လမ်းပိုင်းများ အရည်အသွေးကောင်းမွန်ရန် လိုအပ်ပါကြောင်း၊ တံတားလုပ်ငန်းများနှင့် ချဉ်းကပ်လမ်းလုပ်ငန်းများ စတင်ဆောင်ရွက်စဉ်ကပင် စံချိန်စံညွှန်းပြည့်မီရန် လိုပါကြောင်း၊ ကျေးလက်နေပြည်သူများ သွားလာရေး လွယ်ကူအဆင်ပြေစေရန် ကျေးလက်လမ်း/တံတားများ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရန်တို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



## ရွှေယမုံ လယ်ယာနှင့် အထွေထွေစီးပွားရေး သမဝါယမအသင်း

## အခြေခံစားကုန်၊ လူသုံးကုန်များ ဖြန့်ဖြူးရောင်းချ

**နေပြည်တော် မေ ၂၄**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့နယ် ရွှေယမုံ လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းဆိုင်က နှာခေါင်းစည်းများ၊ လက်သန့်ဆေးရည်၊ လက်ဆေးဆပ်ပြာရည်နှင့် အခြေခံစားသောက်ကုန်များ၊ လူသုံး၊ အိမ်သုံးကုန်ပစ္စည်းများအား ပုံမှန်ဈေးနှုန်းဖြင့် ဖြန့်ဖြူးပေးလျက်ရှိသည်။ ကိုဗစ်–၁၉ ကာလအတွင်း ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ ထုတ်ပြန်ထားသည့် ကာကွယ်ရေးစနစ်များဖြင့် ရောင်းသူဝယ်သူတို့အကြား ဝယ်ယူမည့်နေရာများကို သတ်မှတ်ထားရှိပြီး ရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မိုးကြိုကာလတွင် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လို

**နေပြည်တော် မေ ၂၄**

၂၀၂၀ ပြည့်နှစ် မိုးကြိုကာလတွင် မိုးရွာသွန်းမှု လျော့နည်းနိုင်သည့်အတွက် စိုက်ပျိုးရေရရှိမှု နည်းပါး၍ မိုးသီးနှံစိုက်ဧရိယာ ပုံမှန်ထက် လျော့နည်းနိုင်ခြင်းများ၊ အထွက်နှုန်းလျော့နည်းကာ ထုတ်လုပ်မှုလျော့နည်းခြင်းများ ကြုံတွေ့နိုင်သဖြင့် ရာသီဥတုပြောင်းလဲမှု အခြေအနေများအပေါ် တောင်သူလယ်သမားများအနေဖြင့် တုံ့ပြန်ဆောင်ရွက်နိုင်ရေးနည်းလမ်းများကို စိုက်ပျိုးရေးဦးစီးဌာနက တိုက်တွန်းနှိုးဆော်ထားကြောင်း သိရသည်။

မိုးရွာသွန်းမှု လျော့နည်းမှုများကြုံတွေ့လာပါက ရေချိုစုဆောင်းသိုလှောင်နိုင်မှုအပါအဝင် ရေအရင်းအမြစ်များလည်း လျော့ကျလာနိုင်သဖြင့် ရေလိုအပ်ချက်နည်း၍ ဒေသနှင့်ကိုက်ညီပြီး ဈေးကွက်ရှိသော သီးနှံပြောင်းလဲစိုက်ပျိုးရန် လိုအပ်ကြောင်း၊ စိုက်ပျိုးသီးနှံမျိုး ပြောင်းလဲစိုက်ပျိုးရန် မဖြစ်နိုင်ပါက ရေလိုအပ်ချက်နည်းပြီး ရေငတ်ဒဏ်ခံနိုင်သော မျိုးကွဲများကို ပြောင်းလဲစိုက်ပျိုးသင့်ကြောင်း အဆိုပါနှိုးဆော်ချက်တွင် ဖော်ပြထားသည်။

အလားတူ ရေအလေအလွင့်များသော ရေပေးသွင်းမှုစနစ်အစား ရေချွေတာသုံးစွဲနိုင်သော ရေသွင်းနည်းစနစ်များ အသုံးပြုစေခြင်း၊ မြေဖုံးပစ္စည်းများ ထည့်သွင်းဆောင်ရွက်ခြင်း၊ ရေရရှိရေး နည်းလမ်းအသစ်များ ရှာဖွေဖော်ထုတ်စီမံခြင်းများကိုလည်း ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရေရှားပါးမှုကြောင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးလုပ်ငန်းများ ထိခိုက်မှုမဖြစ်ပေါ်စေရန် ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများ၊ သီးနှံနှင့် ရေပေးသွင်းနည်းစနစ်များ ပြောင်းလဲရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် နည်းပညာနှင့် အကူအညီများ လိုအပ်ပါက နီးစပ်ရာ တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်အကူအညီ ရယူနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

*** ရှေ့ဖုံးမှ**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေး စိစစ်ရေးနှင့် (၂၁)ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့တို့က ကဏ္ဍအလိုက် တာဝန်ယူ ဆောင်ရွက်ပေးကြသည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏လမ်းညွှန်ချက်နှင့်အညီ မြန်မာ သံရုံး နယူးဒေလီမြို့နှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာ ဝန်ကြီးဌာနတို့နှင့် ပူးပေါင်းညှိနှိုင်းလျက် အိန္ဒိယနိုင်ငံတွင် အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ကယ်ဆယ်ရေးလေယာဉ်များဖြင့် ပြန်လည်ခေါ်ဆောင်လျက်ရှိရာ ပထမအသုတ်အဖြစ် မြန်မာနိုင်ငံသား ၉၅ ဦးအား မေ ၁၉ ရက်တွင် ပြန်လည်ခေါ်ဆောင်ခဲ့ပြီးဖြစ်သည့်အတွက် ယနေ့ဒုတိယအသုတ်အပါအဝင် စုစုပေါင်း ၂၁၈ ဦးအား ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်သည်။

### ပူးပေါင်းညှိနှိုင်း

ဆက်လက်၍ မေ ၂၇ ရက်တွင် တတိယအသုတ်အဖြစ် ဂါယာ–ရန်ကုန် ခရီးစဉ်အတိုင်း ကယ်ဆယ်ရေးလေယာဉ်ပြေးဆွဲလျက် အိန္ဒိယနိုင်ငံ ဂါယာမြို့နှင့် ယင်းမြို့၏အနီးအနားဒေသများရှိ မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

**သတင်းစဉ်**

# ညောင်ရွှေမြို့နယ် ကျေးရွာများရှိ အခြေခံပြည်သူများအား စားနပ်ရိက္ခာများနှင့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပစ္စည်းများ ပေးအပ်လှူဒါန်း

**တောင်ကြီး မေ ၂၄**

ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ ဦးစိုင်းလုံးဆိုင်၊ ပြည်နယ်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ကမ္ဘောဇဘဏ်လီမိတက် နာယကနှင့် ဘဏ်အရာထမ်း၊ အမှုထမ်းများ၊ ပြည်နယ်အဆင့် တာဝန်ရှိသူများနှင့် ရှမ်းပြည်နယ်ပြည်သူလူထုစားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီမှ အဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့ဝင်များသည် ညောင်ရွှေမြို့နယ် လက်မောင်းကွေးကျေးရွာအုပ်စု ပန်းတင်ရွာနှင့် ကျောင်းနားကျေးရွာများသို့ ယနေ့ နံနက် ၉ နာရီတွင် သွားရောက်၍ တောင်ရိုးတိုင်းရင်းသား အိမ်ထောင်စု ၅၀၀ အတွက် ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲပါဝင်သည့် ရိက္ခာထုပ် ၅၀၀၊ ငွေကျပ် တစ်သောင်းစီနှင့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေးအတွက် အထောက်အကူပစ္စည်းများ၊ စိုက်ပျိုးရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ထားသည့် အိမ်ခြံဥယျာဉ် (Home Garden)အတွက် ပျိုးပင်များနှင့် မျိုးစေ့များအား တိုင်းရင်းသားပြည်သူများ လက်ဝယ်အရောက် ပေးအပ်လှူဒါန်းပြီး ကျောင်းနားကျေးရွာ ဘုန်းတော်ကြီးကျောင်းအတွက် ဆန်အိတ် ၂၀ နှင့် ဆီငါးပုံးအား ဆရာတော်ထံ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။



ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်နှင့် တာဝန်ရှိသူတို့ တောင်ရိုးတိုင်းရင်းသားများအား ရိက္ခာထုပ် ပေးဝေစဉ်။

**ပေးအပ်လှူဒါန်း**

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟဲယာရွာမကျေးရွာနေ အင်းတိုင်းရင်းသား အိမ်ထောင်စု ၅၀၀ အတွက် ရိက္ခာထုပ်ပေါင်း ၅၀၀၊ ငွေကျပ် တစ်သောင်းစီနှင့် ကိုဗစ်– ၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများအား ပြည်သူများလက်ဝယ်အရောက် ပေးအပ်လှူဒါန်းခဲ့ကြသည်။ ထို့ပြင် ဟဲယာရွာမရှိ ရွှေဘုံသာ ဘုန်းကြီးကျောင်းမှ ရဟန်းသံဃာများအတွက် ဆန်အိတ် ၅၀၊ ဆီ ၁၀ ပုံးအား အဆိုပါကျောင်း ဆရာတော်ထံ လှူဒါန်းပြီး ဟဲယာရွာမရွာရှိတံတား သုံးစင်း ဆောက်လုပ်ရန်အတွက် ဘိလပ်မြေအိတ် ၆၀၀ နှင့် အလှူငွေများအား တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းသည်။

အလားတူ ရှမ်းပြည်နယ် စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးစိုးညွန့်လွင်နှင့် ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာ ထောက်ပံ့ရေးကော်မတီဝင်များ၊ ပရဟိတ အဖွဲ့ဝင်များက တောင်ကြီးမြို့ရှိ ကျောင်းကြီးစုရပ်ကွက်၊ ကံကြီးရပ်ကွက်နှင့် ချမ်းသာရပ်ကွက် ရပ်ကွက် (၃) ရပ်ကွက်ရှိ အခြေခံပြည်သူ အိမ်ထောင်စု ၁၀၈၁ စုတို့အား ဆန်၊ ဆီ၊ ဆား၊ ကုလားပဲများ ပါဝင်သည့် ရိက္ခာထုပ်ပေါင်း ၁၄၅၁ ထုပ်အား ဖြန့်ဝေပေးခဲ့သည်။

**စီမံဆောင်ရွက်**

ရှမ်းပြည်နယ် ပြည်သူလူထု စားနပ်ရိက္ခာထောက်ပံ့ရေးကော်မတီသည် ကမ္ဘောဇဘဏ်လီမိတက်၏ မတည်လှူဒါန်းငွေကျပ်သိန်း ၅၀၀၀ ကျော်နှင့် အများပြည်သူ လှူဒါန်းငွေများဖြင့် ကိုဗစ်– ၁၉ ကာလအတွင်း ဆန်၊ ဆီ၊ ဆားနှင့် ကုလားပဲများပါဝင်သည့် ရိက္ခာထုပ်ပေါင်း တစ်သိန်းအား ဖြန့်ဝေနိုင်ရန် စီမံဆောင်ရွက်ထားရှိပြီး ရှမ်းပြည်နယ်အတွင်း နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာဒေသများသို့ လည်းကောင်း၊ စစ်ဘေးရှောင်စခန်းများကို လည်းကောင်း၊ သာသနာရေးဆိုင်ရာ ကျောင်းများနှင့် ပရဟိတကျောင်းများအား ဖြန့်ဝေလှူဒါန်းလျက်ရှိရာ ယနေ့ ပြည်သူများ လက်ဝယ်အရောက် လှူဒါန်းခြင်းသည် စတုတ္ထနေ့ဖြစ်ပြီး စားနပ်ရိက္ခာထုပ်များ ဆက်လက်လှူဒါန်းသွားနိုင်ရန် စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုက်နယ်ဆေးရုံများ၊ ကျေးလက်ကျန်းမာရေးဌာနများနှင့် မြန်မာနိုင်ငံအတွင်း ပြန်လည်ဝင်ရောက်လာသည့် ပြည်သူများအား စောင့်ကြည့်စင်တာများအတွက် လိုအပ်သည့် ကျန်းမာရေး အထောက်အကူပြုပစ္စည်းများကိုလည်း နေရာအရောက် ပေးပို့လှူဒါန်းလျက်ရှိကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)



# ညောင်ဦးမြို့နယ် ညောင်လှကျေးရွာရှိ ပြည်သူများအား သောက်သုံးရေ လှူဒါန်း

**ညောင်ဦး မေ ၂၄**

နွေရာသီကာလ သောက်သုံးရေ အခက်အခဲဖြစ်ပေါ်နေသော မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ညောင်လှကျေးရွာသို့ သောက်သုံးရေ ဂါလန် ၆၄၀၀ နှင့် နှာခေါင်းစည်း အခု ၅၀၀ အခမဲ့ဖြန့်ဝေခြင်းကို ညောင်ဦးခရိုင်/ မြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များ ပူးပေါင်း၍ ကျေးရွာအရောက် ယနေ့နံနက် ၈ နာရီက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါ ညောင်လှကျေးရွာတွင် အိမ်ခြေ ၁၄၈ အိမ်၊ လူဦးရေ ၈၇၄ ဦးခန့်ရှိပြီး ယခင်က ချွေးပြုတ်ကန်မှ ကန်ရေကိုသာ အဓိကထား အသုံးပြုနေရကြောင်း၊ ရေကန်မှ အိမ်အထိ ထော်လာဂျီတစ်စီးလျှင် ငွေကျပ် ၆၀၀၀ ခန့် ပေးရကြောင်း၊ တစ်လလျှင် ထော်လာဂျီ သုံးစီး၊ လေးစီးခန့် ကုန်ကျသဖြင့် လစဉ် ငွေကျပ် ၂၀၀၀၀ ခန့် ကုန်ကျပါကြောင်း၊ ယခုနှစ် နွေရာသီကာလသည် အပူချိန်မြင့်မားပြီး မိုးရွာသွန်းမှုမရှိသဖြင့် ရေရှားပါးကြောင်း၊ ယခုလို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးပြီး ရေလာရောက်လှူဒါန်းပေးသည့်အတွက် များစွာ ကျေးဇူးတင်ကြောင်း ညောင်လှကျေးရွာနေ ဦးချစ်မောင်က ပြောသည်။

**လှူဒါန်း**

ထိုသို့ ကျေးရွာများအရောက် ရေလှူဒါန်းနိုင်ရန်အတွက် မန္တလေးတိုင်းဒေသကြီး တိုင်းအုပ်ချုပ်ရေးမှူး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်လွင်နှင့် ဇနီး ဒေါ်သီတာအောင်တို့က ငွေကျပ် တစ်သိန်း လှူဒါန်းခဲ့ပြီး မြင့်မြတ်သူစေတနာ သွေးလှူရှင်နှင့် လူနာတင်ယာဉ်ကူညီမှုအသင်း ရေသယ်ယာဉ်များဖြင့် ကျေးရွာအရောက် သောက်သုံးရေ လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း အမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်ယုယုလှိုင်ထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# COVID– 19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID – 19 ကာလတွင် စိတ်ဖိစီးမှုများကို ကြုံတွေ့လာရတတ်ပါသည်။

ကြုံတွေ့ရသော ကိစ္စအဝဝကို ဒေါသစိတ်ဖြင့် မဖြေရှင်းမိစေရန် အမြဲသတိထားခြင်း၊ စိတ်ထွက်ပေါက်ရရှိစေရေးအတွက် စိတ်လိုက်မာန်ပါ မပြုခြင်း၊ အရက်/ မူးယစ်ဆေးဝါး သုံးစွဲမှုတို့ကို ရှောင်ရှားခြင်း၊ အခက်အခဲပြဿနာရပ်များကို မိသားစုဝင်များ (သို့မဟုတ်) အနီးကပ်နေထိုင်သူများနှင့်အတူ ဝိုင်းဝန်းအဖြေရှာခြင်း၊ ရာသီဥတု၊ မိမိ၏ကျန်းမာရေးအခြေအနေတို့နှင့် လျော်ညီစွာ ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ မျှတသော အာဟာရမှီဝဲခြင်း၊ ကောင်းစွာအိပ်စက်အနားယူခြင်းတို့သည် စိတ်ဖိစီးမှုများကို ရင်ဆိုင်ဖြေရှင်းနိုင်သည့် နည်းလမ်းများဖြစ်ပါသည်။

ထိုနည်းလမ်းများကို တစ်ဦးချင်းက နားလည်သတိပြုဆင်ခြင် ကြိုးစားဆောင်ရွက်ခြင်းဖြင့် စိတ်ခံတော်ခွန်အားများကို တိုးတက်ရရှိစေကာ စိတ်မောပန်းကျဆင်းသည့် အဆင့်သို့ ရောက်ရှိခြင်းမှ ကာကွယ်နိုင်မည်ဖြစ်ကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်
မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)

# ကန့်သတ်စောင့်ကြည့်ရေး စခန်းများသို့ သောက်သုံးရေများ လှူဒါန်း

**ကော့သောင်း မေ ၂၄**

ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာနမှ ကော့သောင်းမြို့ပေါ်ရပ်ကွက်များရှိ ကိုဗစ်– ၁၉ ရောဂါ ထိန်းချုပ်ရေး အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ယမန်နေ့က သောက်သုံးရေများ လိုက်လံ ဖြန့်ဝေလှူဒါန်းခဲ့ကြကြောင်း သိရသည်။

ဖြန့်ဝေလှူဒါန်းမှုတွင် ကော့သောင်းခရိုင် မီးသတ်ဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်ငြိမ်းဦးနှင့် တပ်ဖွဲ့ဝင်များသည် ကိုဗစ်– ၁၉ ရောဂါ ထိန်းချုပ်ရေး ပိတောက်ရွှေဝါရပ်ကွက် ရွှေမင်းဝံအထက်တန်းကျောင်းခွဲနှင့် အဏ္ဏဝါရပ်ကွက် အထက်တန်းကျောင်းခွဲတို့တွင် ဖွင့်လှစ်ထားသည့် ကန့်သတ်စောင့်ကြည့်ရေးစခန်းများရှိ ပြည်သူများ သောက်သုံးရေအဆင်ပြေစေရေး သုံးရေ ဂါလန်ပေါင်း ၂၄၀၀ ခန့်အား လှူဒါန်းခဲ့ကြောင်း သိရသည်။

ကျော်စိုး(ကော့သောင်း)



**နောက်နှစ်ရက်အတွက် ခန့်မှန်းချက်**

နေပြည်တော် မေ ၂၃

မြစ်ဝကျွန်းပေါ်ဒေသများတွင် ထစ်ချုန်းမည့်အခြေအနေများ ဖြစ်ပေါ်နိုင်သည်။

မိုး/ဇလ

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



## ထူးမတောင်ပေါ်ရှိ အဝါရောင်ဘိုးဘွားရိပ်သာသို့ ခမ္ဗိက လူမှုကူညီရေးအသင်းမှ ရေလှူဒါန်း

**မန္တလေး မေ ၂၄**

မန္တလေးမြို့ ပုသိမ်ကြီးမြို့နယ် ရေကြည်ကျေးရွာ ရေတံခွန်တောင်အထက် ထူးမတောင်ပေါ်တွင် တည်ရှိသော အဝါရောင်ဘိုးဘွားရိပ်သာ (ခိုကိုးရာမဲ့ ဘိုး၊ ဘွားများစောင့်ရှောက်ရေးကျောင်း)တွင် သောက်သုံးရေများ အခက်အခဲဖြစ်လျက်ရှိရာ မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် စက်မှုဇုန်(၂) ခမ္ဗိက လူမှုကူညီရေးအသင်းမှ အပတ်စဉ်ရေဂါလန် ၅၀၀၀ ကျော် လှူဒါန်းပေးလျက်ရှိကြောင်း ခမ္ဗိက လူမှုကူညီရေးအသင်း ဥက္ကဋ္ဌထံမှ သိရသည်။



ထူးမတောင်အနီးရှိ အဝါရောင်ဘိုးဘွားရိပ်သာတွင် အဘိုး အဘွား စုစုပေါင်း ၉၇ ဦးရှိပြီး အဘိုး ၃၃ ဦး အဘွား ၆၄ ဦးရှိသည်။ အဝါရောင်ဘိုးဘွားရိပ်သာကို ၂၀၁၅ ခုနှစ်တွင် ဖွင့်လှစ်ကာ ဘိုးဘွားများ စတင်ထားရှိကာ စောင့်ရှောက်ခဲ့သည်။ အဝါရောင်ဘိုးဘွားရိပ်သာ(ခိုကိုးရာမဲ့ ဘိုးဘွားများ စောင့်ရှောက်ရေးကျောင်း)တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ခိုကိုးရာမဲ့ ဘိုးဘွားများကိုသာ အဓိကထား စောင့်ရှောက်ထားသည်။

လမ်းဘေးတွင်နေထိုင်ကာ ခိုကိုးရာမဲ့နေသည့် ဘိုးဘွားများ ဘဝနေဝင်ချိန်တွင် တရားဘာဝနာအားထုတ်ကာ ငြိမ်းချမ်းစွာ ရှင်သန်နိုင်ရန်ဆိုသော ရည်ရွယ်ချက်ဖြင့် ဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။ အဝါရောင်ဘိုးဘွားရိပ်သာတွင်ခိုကိုးရာမဲ့ဘိုးဘွား နာမကျန်းသူ၊ လေဖြတ်သူများကိုပါ စောင့်ရှောက်ပေးထားခြင်းဖြစ်သည်။

**နွေနဒီ(မြစ်ငယ်)**

## အရာတော်မြို့နယ်၌ လေးရက်အတွင်း ပျိုးပင်ပေါင်း ၁၆၀၀၀ ကျော်စိုက်ပျိုး

**အရာတော် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အရာတော်မြို့နယ်တွင် လေးရက်အတွင်း ပျိုးပင်ပေါင်း ၁၆၀၀၀ ကျော် စိုက်ပျိုးထားကြောင်း အရာတော်မြို့နယ် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ဦးစီးမှူး ဦးချစ်သန်းထွန်းထံမှ သိရသည်။

"လေးရက်တည်းနဲ့ အပင်ပေါင်း ၁၆၃၀၀ ကို စိုက်ပျိုးခဲ့ပြီးပါပြီ။ ကျေးရွာနေသူတွေ ထင်း၊ တိုင်၊ သစ် စတဲ့ သူတို့လိုရာသုံးစွဲနိုင်ဖို့ နီးစပ်ရာကျေးရွာတွေမှာ စိုက်ပေးတာပါ" ဟု ဦးချစ်သန်းထွန်းက ပြောသည်။

အရာတော်မြို့နယ် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနက ကျေးရွာသုံးစိုက်ခင်း ဧက ၃၀ ကို သပြေသာရွာအနီး မြေလွတ်၊ မြေလပ်၊ မြေရိုင်း ကိုးဧကတွင် ယူကလစ်ပင် ၄၈၆၀၊ ၁၆ ဧကတွင် ရှားပင် ၈၆၄၀၊ နှစ်ဧကတွင် သန်းပင် ၁၀၈၀၊ သုံးဧကတွင် မျှင်ဝါးပင် ၁၆၂၀ နှင့် မာတာကွတ်အပင် ၁၀၀ တို့ကို မေ ၂၀ ရက်မှ မေ ၂၃ ရက်အထိ စိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

## ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား သီပေါဘူတာ၌ စားသောက်စရာများ လှူဒါန်း

**သီပေါ မေ ၂၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နှင့် ချင်းရွှေဟော်မြို့များရှိ နှစ်နိုင်ငံနယ်စပ်ဂိတ်များ၌ တရုတ်နိုင်ငံမှ ဝင်ရောက်လာကြသည့် နေရပ်ပြန်ပြည်သူများအား လားရှိုးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် လည်းကောင်း၊ ရထားဖြင့်လည်းကောင်း သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ စနစ်တကျလွှဲပြောင်း ပို့ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

### စနစ်တကျစိစစ်

ထိုသို့လွှဲပြောင်းပို့ဆောင်ပေးရာတွင် နေရပ်ပြန်ပြည်သူများကို စနစ်တကျစိစစ်၍ လားရှိုးမြို့မှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ရထားခရီးစဉ်ဖြင့် မေလဆန်းမှအစပြုကာ ယနေ့အထိ နေရပ်ပြန်အမျိုးသား ၁၅၁ဦး၊ အမျိုးသမီး ၈၆ဦး စုစုပေါင်း ၂၃၇ဦး ဖြစ်ပြီး ကချင်ပြည်နယ်မှ တစ်ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၃၅ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၄၆ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၈၀၊ မန္တလေးတိုင်းဒေသကြီးမှ ၃၂ ဦး၊ နေပြည်တော်မှ ငါးဦး၊ ရခိုင်ပြည်နယ်မှ ၂၀၊ ရန်ကုန်တိုင်းဒေသကြီးမှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၁၇ ဦး တို့ဖြစ်ကြောင်း သိရသည်။

### ကျန်းမာရေးစစ်ဆေး

သီပေါမြို့အထွက်ဂိတ်မှ မော်တော်ယာဉ် ၁၀ စီးဖြင့် ရောက်ရှိလာသည့် ၁၀၃ဦးတို့ကိုလည်း ကိုဗစ်-၁၉မြို့ဝင်၊ထွက်ကာကွယ်ထိန်းချုပ်စစ်ဆေးရေးအဖွဲ့က ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ စစ်ဆေးပြီး ကျောက်မဲမြို့အဝင်ဂိတ်သို့ ပို့ဆောင်ပေးခဲ့သည်။

အဆိုပါ ရထားခရီးစဉ်ဖြင့် လားရှိုးမှ သီပေါဘူတာသို့ရောက်ရှိလာသူ နေရပ်ပြန်ပြည်သူများအား ယနေ့နံနက်ပိုင်းတွင် သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးနှင့် ကော်မတီဝင်များ၊ မြို့နယ်ကြက်ခြေနီအသင်းဥက္ကဋ္ဌ ဦးစိုင်းဇော်ဝင်းနှင့် ကြက်ခြေနီမောင်မယ်များ၊ စေတနာရှင်အလှူရှင်များက စားသောက်စရာများ၊ ရေသန့်ဘူးများအား လှူဒါန်းခဲ့ကြကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြန်မာအမျိုးသားလေကြောင်းမှ ရန်ကုန်-စင်ကာပူ-ရန်ကုန် ကုန်တင်လေယာဉ်ခရီးစဉ် မေ ၂၈ ရက်တွင် ပြေးဆွဲမည်

**ရန်ကုန် မေ ၂၄**

ကိုဗစ်-၁၉ ကူးစက်ရောဂါကာလအတွင်း နိုင်ငံတကာခရီးသည်တင်လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်တွင်း၌ လူသုံးကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်ပသို့တင်ပို့ရမည့် ကုန်စည်များ ပို့ဆောင်နိုင်ရေးအတွက်မြန်မာအမျိုးသားလေကြောင်း (MNA)မှ ရန်ကုန်-စင်ကာပူ-ရန်ကုန် ကုန်တင်လေယာဉ်ခရီးစဉ်အား မေ ၂၈ ရက်တွင် ပျံသန်းပြေးဆွဲပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ရန်ကုန်-စင်ကာပူ-ရန်ကုန် ကုန်တင်လေယာဉ်ခရီးစဉ်၌ ခရီးသည်များ လိုက်ပါနိုင်မည်မဟုတ်ဘဲ ကုန်စည်ပစ္စည်းများသာ တင်ပို့နိုင်မည်ဖြစ်ပြီး ကုန်တင်လေယာဉ်ခရီးစဉ်သည် မေ ၂၈ ရက် နံနက် ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှထွက်ခွာကာ ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီတွင် စင်ကာပူနိုင်ငံသို့ ဆိုက်ရောက်မည်ဖြစ်သည်။ ထို့နောက် စင်ကာပူနိုင်ငံမှ ဒေသစံတော်ချိန် ညနေ ၄ နာရီတွင် ပြန်လည်ထွက်ခွာပြီး ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ညနေ ၅ နာရီခွဲတွင် ဆိုက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**စိုးမြင့်အောင်**

သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး
သစ်ပင်ကိုနှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး



# ဆည်ရေစနစ်တကျသုံးစွဲဖို့ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ထူထောင်ကြပါစို့

ကြည်ဝေ( ဆည်မြောင်း)

**ကမ္ဘာတစ်ဝန်းပြောင်းလဲလာသော ရာသီဥတုနှင့်အတူ လူတို့အသုံးပြုနေသော ရေချိုရှားပါးမှုသည်လည်း တစ်စထက်တစ်စ တိုးမြင့်လာလျက်ရှိရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနအနေဖြင့် ဆည်မြောင်းတာတမံများအား ထိန်းသိမ်းစောင့်ရှောက်သည့်လုပ်ငန်းများ ဆောင်ရွက်နေသည့်နည်းတူ တောင်သူလယ်သမားများအတွက် စိုက်ပျိုးရေများ အဆင်ပြေချောမွေ့စွာ ရယူသုံးစွဲနိုင်ရန်အတွက် ပြည်ထောင်စုဝန်ကြီး၏ လမ်းညွှန်ချက်နှင့်အညီ ဆည်မြောင်းစနစ်ဆောင်ရွက်ချက်များ တိုးတက်လာစေရန် နည်းလမ်းများချမှတ်ဆောင်ရွက်လျက်ရှိရာ နည်းလမ်းတစ်ခုအနေဖြင့် ပူးပေါင်းပါဝင် ဆည်မြောင်းစနစ် ( Participatory Irrigation Management–PIM ) အား အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။**

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဆိုသည်မှာ ဆည်မြောင်းအဆောက်အအုံများ ရေရှည်အသုံးပြုနိုင်ရန်အတွက် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် စိုက်ပျိုးရေးအတွက် ဆည်ရေစီမံခန့်ခွဲမှုလုပ်ငန်းများကို ထိရောက်စွာ အသုံးပြုနိုင်ရန် ရေအသုံးချသူများအသင်း (WUA) နှင့် ရေအသုံးချသူများအဖွဲ့ (WUG) များမှတစ်ဆင့် သက်ဆိုင်ရာဌာနများနှင့် ဆည်ရေကိုအသုံးပြုသည့် တောင်သူများ အတူတကွပူးပေါင်းပါဝင်သည့် ဆည်ရေစီမံခန့်ခွဲမှုစနစ် ဖြစ်ပါသည်။

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် ကျင့်သုံးရသည့် ရည်ရွယ်ချက်အနေဖြင့် ဆည်မြောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ပြုပြင်ထိန်းသိမ်းမှုကုန်ကျစရိတ် ထိရောက်စေရန်နှင့် ရေကိုအကျိုးရှိစွာ အသုံးပြုနိုင်ရန်အပြင် ဆည်ရေကိုအသုံးပြုသည့် ရေအသုံးချသူများ အသင်း / အဖွဲ့အစည်းများမှတစ်ဆင့် ဌာနနှင့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်သော ဆည်ရေစီမံခန့်ခွဲမှုစနစ်ကို လွယ်ကူစွာ စတင်အသုံးပြုနိုင်ရန် ဖြစ်ပါသည်။ ဒီမိုကရေစီကျင့်စဉ်တစ်ခုဖြစ်သော ရေသုံးစွဲသူများကိုယ်တိုင် ပါဝင်ဆောင်ရွက်သည့်စနစ် ဖြစ်ပါသည်။

### ကမ္ဘာ့နိုင်ငံများမှ ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်

ယခုအခါ ကမ္ဘာ့နိုင်ငံများစွာတွင် ပူးပေါင်းဆည်မြောင်းစီမံခန့်ခွဲမှုသည် အများလက်ခံနိုင်သည့် အလေ့အကျင့်ကောင်းတစ်ခုဖြစ်လာပြီး လွန်ခဲ့သော ဆယ်စုနှစ် နှစ်ခုကပင် နိုင်ငံများစွာတို့သည် ဆည်မြောင်းရေ စီမံရယူလုပ်ကိုင်ခွင့်ကို အစိုးရက လယ်သမားအဖွဲ့အစည်းများသို့ လွှဲပြောင်းပေးလျက်ရှိကြောင်း သိရသည်။

အာရှနိုင်ငံအများစုတွင်လည်း ဆည်မြောင်းအဆောက်အအုံများ ရေအရင်းအမြစ်ထိန်းသိမ်းမှု၊ မြောင်းမကြီးနှင့် အခြားတူးမြောင်းမကြီးများတွင်သာ အစိုးရက ပိုင်ရှင်အဖြစ်အလုံးစုံတာဝန်ယူလေ့ရှိပြီး လယ်သမားအဖွဲ့အစည်းများသည် ရေပေးမြောင်းငယ်များကိုထိန်းသိမ်းရေး၊ ဆည်ရေရယူစီမံသုံးစွဲရေးနှင့် ဆည်ရေစနစ် ဝန်ဆောင်ခကောက်ယူရေးတို့တွင် ကြီးကြပ်သူများအဖြစ် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

ကမ္ဘာအနှံ့တွင်လည်း ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် ( Participatory Irrigation Management– PIM ) အား ၁၉၅၀–၁၉၇၀ ပြည့်နှစ်များတွင် အမေရိကန်၊ ပြင်သစ်၊ ကိုလံဘီယာတို့တွင် ပျံ့နှံ့ခဲ့ပြီး ၁၉၈၀–၁၉၉၀ ပြည့်နှစ်များတွင် လက်တင်အမေရိကနိုင်ငံများ၊ အာဖရိကနိုင်ငံများ၊ အရှေ့အလယ်ပိုင်းနိုင်ငံများ၊ လာအို၊ ဗီယက်နမ်၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင် စသည့် အာဆီယံနိုင်ငံများနှင့် ဂျပန်၊ ပါကစ္စတန်၊ အိန္ဒိယ၊ သီရိလင်္ကာ၊ ဘင်္ဂလားဒေ့ရှ်နှင့် တရုတ် စသည့်နိုင်ငံများတွင်လည်း ပျံ့နှံ့ ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

### အကျိုးကျေးဇူးများ

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်တွင် ရေအသုံးချတောင်သူများအနေဖြင့်လည်း ဆည်မြောင်းစနစ်တွင် ပါဝင်ဆောင်ရွက်လာနိုင်ခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများတွင် အဓိကဆောင်ရွက်သူများဖြစ်လာပြီး ဆည်ရေ၏ အကျိုးကျေးဇူးများကို ပိုမိုခံစားလာနိုင်မည် ဖြစ်ပါသည်။ ရေအသုံးချတောင်သူများသည် ဆည်မြောင်းအဆောက်အအုံများကို ထိန်းသိမ်းမှုများ၌ ကိုယ်တိုင်ပါဝင်ဆောင်ရွက်လာနိုင်ခြင်းကြောင့် ၎င်းတို့ထိန်းသိမ်းသောအပိုင်းရှိ ရေပေးမြောင်းများ၏ အပျက်အစီးများကို ချက်ချင်းပြုပြင် ထိန်းသိမ်းနိုင်မည်ဖြစ်၍ ကုန်ကျစရိတ်များပိုမိုသက်သာစေပြီး အရည်အသွေးကောင်းမွန်မှုကို ထိရောက်စွာ ထိန်းသိမ်းစောင့်ရှောက်နိုင်စေမည် ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းဆောင်ရွက်နိုင်ခြင်းကြောင့် ရေအလေအလွင့် နည်းပါးစေခြင်း၊ အချိန်တိုအတွင်း ရေလိုအပ်သောနေရာများသို့ ပေးဝေနိုင်ခြင်းတို့အပြင် လယ်ကေများ ပိုမိုရေပေးဝေနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ရရှိမည် ဖြစ်ပါသည်။

**အာရှနိုင်ငံအများစုတွင်လည်း ဆည်မြောင်းအဆောက်အအုံများ ရေအရင်းအမြစ်ထိန်းသိမ်းမှု၊ မြောင်းမကြီးနှင့် အခြားတူးမြောင်းမကြီးများတွင်သာ အစိုးရက ပိုင်ရှင်အဖြစ် အလုံးစုံတာဝန်ယူလေ့ရှိပြီး လယ်သမားအဖွဲ့အစည်းများသည် ရေပေးမြောင်းငယ်များကိုထိန်းသိမ်းရေး၊ ဆည်ရေရယူစီမံသုံးစွဲရေးနှင့် ဆည်ရေစနစ် ဝန်ဆောင်ခကောက်ယူရေးတို့တွင် ကြီးကြပ်သူများအဖြစ် ဆောင်ရွက်လျက်ရှိသည်။**

### ကိုယ်တိုင်ပါဝင်စီမံနိုင်မည်

ရေအသုံးချသူများအဖွဲ့ (WUG) များ ဖွဲ့စည်းထူထောင်ခြင်းဖြင့် မြောင်းတစ်ခုတည်းမှ ရေရယူသော ရေအသုံးချတောင်သူများစုပေါင်း၍ မိမိတို့ စိုက်ပျိုးဧရိယာအတွင်း ရေဖြန့်ဝေမှုစနစ်နှင့် သီးနှံစိုက်ပျိုးမှုပုံစံတို့ကို စုပေါင်း၍ အကောင်းဆုံးအခြေအနေဖြစ်အောင် ကိုယ်တိုင်ပါဝင်စီမံနိုင်မည် ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ မိမိတို့ WUG အဖွဲ့များ၏ ရေလိုအပ်မှုပမာဏနှင့် ရေရယူမည့် အချိန်အတိအကျ စသည့်ကိစ္စရပ်များအတွက် ဌာနနှင့် ပူးပေါင်းစီမံနိုင်တော့မည် ဖြစ်ပါသည်။

ထို့ပြင် တွက်ခြေကိုက်၍ အရည်အသွေးပိုမြင့်သော လုပ်ငန်းထိန်းသိမ်းလည်ပတ်မှုများ၊ သင့်လျော်သော သီးနှံအမျိုးအစားရွေးချယ်မှု၊ သီးနှံပုံစံနှင့် စိုက်ပျိုးရေတစ်သမတ်တည်းဖြစ်မှု၊ အဖျက်ပိုးရောဂါများ လျော့နည်းမှုနှင့် ရေစီမံခန့်ခွဲမှုကောင်းမွန်မှုများကြောင့် အထွက်နှုန်းနှင့် ထုတ်ကုန်များ၏ အရည်အသွေး တိုးတက်လာနိုင်မည် ဖြစ်ပါသည်။



WUG ဖွဲ့စည်းနိုင်ရေး ညှိနှိုင်းဆောင်ရွက်နေမှုကို တွေ့ရစဉ်။

### ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် လမ်းညွှန်ချက်

သို့ဖြစ်ရာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ပူးပေါင်းပါဝင်ဆည်မြောင်းစနစ် လမ်းညွှန်ချက် (PIM Guidelines) နှင့် ရေအသုံးချသူများအသင်းဖွဲ့စည်းထူထောင်ခြင်း လက်စွဲစာအုပ်အား ၂၀၁၇ ခုနှစ် ဧပြီလမှစတင်ကာ JICA မှ စေလွှတ်သည့် Sanyu Consultants Inc မှ ပညာရှင်များနှင့် ဆည်/ရေ ဦးစီးဌာနမှ အင်ဂျင်နီယာများဖြင့် ပြုစုရေးဆွဲခဲ့ရာ ယခုအခါတွင် PIM လမ်းညွှန်ချက်စာအုပ်များကို ထုတ်ဝေနိုင်ခဲ့ပြီ ဖြစ်ပါသည်။

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် PIM Guideline မရေးဆွဲရသေးသည့် ၂၀၀၀ ပြည့်နှစ်ကတည်းက ရေအသုံးချသူများအဖွဲ့ (Water User Group– WUG) များကို ဆည်ရေသောက်စနစ်များတွင် စတင်ဖွဲ့စည်းထူထောင်ခဲ့ရာ ယခုအချိန်အထိ စုစုပေါင်း ၁၂၀၆ ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် PIM Guideline စတင်ရေးဆွဲခဲ့ပြီးနောက် အဆိုပါ Guideline နှင့်အညီ Water User Group (WUG) နှင့် Water User Association (WUA) များကို ဖွဲ့စည်းခဲ့ရာ ယခုအချိန်အထိ WUG ၃၈၁ ဖွဲ့၊ WUA ရှစ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သဖြင့် ယနေ့အချိန်အထိ စုစုပေါင်း WUG ၁၅၈၇ ဖွဲ့နှင့် WUA ရှစ်ဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီဖြစ်ကြောင်း သိရှိရသည်။

ယခုအခါတွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် ရေအသုံးချသူများအဖွဲ့ (WUG) များ၊ ရေအသုံးချသူများအသင်း (WUA) များ ဖွဲ့စည်းထူထောင်ခြင်းနှင့်ပတ်သက်၍ အောက်ပါအတိုင်း အဆင့်ဆင့်တိုးချဲ့ဖွဲ့စည်းဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များ

နိုင်ငံတကာအထောက်အပံ့ဖြင့် ဆောင်ရွက်သည့်စီမံကိန်းများတွင် PIM Guideline နှင့်အညီ ဆောင်ရွက်ခြင်း၊ ယခုအချိန်အထိ လိုအပ်ချက်များအရ Guideline အရ မဟုတ်သော်လည်း စီမံကိန်းဧရိယာများရှိ ရေသောက်စနစ်များတွင် ဖွဲ့စည်းပြီးဖြစ်သော WUG များကို စနစ်တကျဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ခြင်းနှင့် WUA များအဖြစ် တိုးတက်ဖွဲ့စည်းနိုင်ရန် ဆောင်ရွက်ခြင်း၊ နောင်တွင် နိုင်ငံတော်အစိုးရရန်ပုံငွေဖြင့် ဆောင်ရွက်ရန်ရှိသည့် ရေသောက်စနစ်များ အဆင့်မြှင့်တင်ဆောင်ရွက်ခြင်းတွင် WUG / WUA ဖွဲ့စည်းသွားနိုင်ရန် အစီအစဉ်များ၊ ရန်ပုံငွေများထည့်သွင်းဆောင်ရွက်ခြင်း၊ ဆက်လက်ဆောင်ရွက်ရန်ရှိသည့် နိုင်ငံတကာအထောက်အပံ့ဖြင့် ဆောင်ရွက်မည့် အစီအစဉ်များတွင်လည်း WUG / WUA ဖွဲ့စည်းခြင်းဆိုင်ရာ လုပ်ငန်းများတွင်လည်း အစီအစဉ်များ၊ ရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်း၊ ဖွဲ့စည်းပြီးဖြစ်သော WUG / WUA များ ရေရှည်တိုးတက်ရှင်သန်နိုင်ရန် ငွေကြေးထောက်ပံ့မှုများ ၊ နည်းပညာဖြန့်ဝေခြင်းဆိုင်ရာ သင်တန်းများပေးခြင်းနှင့် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များအရ ရေအရင်းအမြစ်များ စီမံခန့်ခွဲမှုအပေါ် သက်ရောက်လာသည့် ဆိုးကျိုးများကိုလျှော့ချနိုင်ရန်အတွက် ရေကိုအကျိုးရှိစွာ သုံးစွဲနိုင်ရေးတွင် ရေသုံးစွဲသူများပူးပေါင်းပါဝင်လာမှုသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လာသည်ကို သိသာထင်ရှားစေပြီး ရေရှည်တည်တံ့နိုင်သည့် ပံ့ပိုးမှုအစီအမံများ ဆောင်ရွက်ခြင်းတို့ကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

### တောင်သူများ၏ ဝင်ငွေတိုးပွားလာမည်

WUG/WUA များ ဖွဲ့စည်းပြီးသော စိုက်ပျိုးဧရိယာများတွင် တောင်သူများ၏ မိတ်ဖက်ဌာနများဖြစ်သော စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံပုံစံများ၊ နည်းပညာများနှင့် မျိုးစေ့များထိရောက်စွာ ပါဝင်ကူညီပေးခြင်း၊ စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများ ပံ့ပိုးကူညီခြင်း၊ အဆင့်မြင့် လယ်ယာမြေပြုပြင်မှုများဆောင်ရွက်ခြင်း၊ နည်းပညာများ ပါဝင်ကူညီဆောင်ရွက်ပေးခြင်းနှင့် အခြားဌာနဆိုင်ရာများမှလည်း လိုအပ်ချက်များကို ထိရောက်စွာပါဝင်ကူညီဆောင်ရွက်ပေးနိုင်မည် ဖြစ်ပါသည်။ ထိုသို့ ပူးပေါင်းပါဝင်ကူညီဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ဧရိယာအလိုက် ဈေးကွက်သေချာစေသော အရည်အသွေးမီ သီးနှံများစိုက်ပျိုးထုတ်လုပ်နိုင်ခြင်း၊ စိုက်ပျိုးထွက်ကုန်များအတွက် ဈေးနှုန်းပိုမိုရရှိနိုင်ခြင်းကြောင့် တောင်သူများ၏ ဝင်ငွေတိုးပွားလာမည်လည်း ဖြစ်ပါသည်။

သို့ဖြစ်ရာ ဆည်ရေအသုံးပြု တောင်သူဦးကြီးများအနေဖြင့် သီးနှံစိုက်ပျိုးထုတ်လုပ်ရေးအတွက် လိုအပ်သည့် ဆည်ရေကို အကျိုးရှိထိရောက်စွာ အသုံးပြုနိုင်ရန်အတွက် ရေအသုံးချသူများ အသင်း/အဖွဲ့ (WUG/WUA)များမှတစ်ဆင့် ဌာနနှင့် တောင်သူလယ်သမားများ ပူးပေါင်းပါဝင်သည့် ဆည်ရေ စီမံခန့်ခွဲမှုစနစ် (Participatory Irrigation Management–PIM) တွင် ကိုယ်တိုင်ပါဝင်ဆောင်ရွက်ခြင်းဖြင့် မိမိ၏ အကျိုးကျေးဇူးများစွာ တိုးမြှင့်နိုင်မည် ဖြစ်ပါကြောင်း အသိပေး တိုက်တွန်းနှိုးဆော်တင်ပြအပ်ပါသည်။ ။

# မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်များ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချဖွင့်လှစ်နိုင်ရန် ပြင်ဆင်မှုလုပ်ငန်းများ လုပ်ဆောင်

**မန္တလေး မေ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် နှစ်လတာကာလအထိ ပါဆယ်စနစ်ဖြင့်သာ ဖွင့်လှစ်ရောင်းချခွင့်ပြုခဲ့သည့် မန္တလေးမြို့ရှိ လက်ဖက်ရည်ဆိုင်များအား ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချခွင့်ပြုနိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆိုင်ထိုင်စနစ် ပြန်လည်ရောင်းချခွင့်**

မန္တလေးမြို့ရှိ စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များနှင့် အအေးဆိုင်များကို ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချခွင့်ပြုနိုင်ရန် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ပြင်ဆင်ထားရှိရေးအတွက် သက်ဆိုင်ရာဌာနများမှ လုပ်ငန်းရှင်များအား မေ ၂၀ ရက်မှစ၍ အသိပေးအကြောင်းကြားထားပြီး ပြင်ဆင်မှုလုပ်ငန်းများပြီးစီး၍ အစစ်ဆေးခံနိုင်ကြောင်း အကြောင်းကြားလာပါက သက်ဆိုင်ရာစစ်ဆေးရေးအဖွဲ့မှစစ်ဆေးကာ ကျန်းမာရေးလမ်းညွှန်ချက်များနှင့် ကိုက်ညီမှုရှိသောဆိုင်များကို ဆိုင်ထိုင်စနစ်ဖြင့် ပြန်လည်ရောင်းချခွင့် ပြုသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ဆိုင်တွေကို ဆိုင်ထိုင်စနစ်နဲ့ ပြန်လည်ရောင်းချနိုင်ဖို့ ကျန်းမာရေးလမ်းညွှန်ချက်တွေနဲ့အညီ ပြင်ဆင်ဖို့အတွက် မြို့နယ်စည်ပင်ဌာနကလာပြီး အကြောင်းကြားစာ ပို့ပါတယ်။ ပြင်ဆင်ရမယ့် လုပ်ငန်းတွေရော၊ ကုန်ကျစရိတ်တွေရော များပြားပေမယ့် ပြန်ပြီးရောင်းချခွင့်ပြုတာကိုပဲ ကျေးဇူးတင်ဝမ်းမြောက်စွာနဲ့ ညွှန်ကြားချက်တွေအတိုင်း လိုက်နာပြီး ပြင်ဆင်နေပါတယ်။ ဘာကြောင့်လဲဆိုတော့ ပါဆယ်စနစ်နဲ့ ရောင်းချရတဲ့ နှစ်လကျော်ကာလမှာ ရောင်းအားက သုံးပုံနှစ်ပုံလောက်ကျဆင်းသွားတဲ့အတွက် ဆိုင်ဝန်ထမ်းတွေရဲ့ စားသောက်ရေးနဲ့ လစာပုံမှန်ပေးနိုင်ဖို့ မနည်းထိန်းပြီး ဖွင့်လှစ်ခဲ့ရတယ်။



ကျွန်တော့်ဆိုင်မှာ ဝန်ထမ်း ၇၀ ကျော် ရှိပါတယ်။ လူလျှော့ခြင်းမရှိ၊ လစာလျှော့ခြင်းမရှိဘဲ ဒီကိုဗစ်ကာလကို ကျွန်တော်နဲ့အတူ ကျော်ဖြတ်ဖို့ လုပ်ဆောင်ခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော့်ဆိုင်မှာအားပေးနေကြတဲ့ စားသုံးသူတွေကိုလည်း ပါဆယ်စနစ်နဲ့ ရောင်းချနေရတာကို အားနာနေရပါတယ်။ အခုလို ဆိုင်ထိုင်စနစ်နဲ့ ပြန်ပြီးဖွင့်လှစ်ခွင့်ပေးတဲ့အတွက် ကျွန်တော်တို့ လုပ်ငန်းရှင်တွေအတွက်သာမက ဝန်ထမ်းတွေရော စားသုံးသူတွေအတွက်ပါ အဆင်ပြေသွားကြမှာပါ။ ဒါကြောင့် ပြင်ဆင်မှုတွေကို စားသုံးသူတွေအတွက် ကျန်းမာရေးနဲ့ညီညွတ်ပြီး သန့်ရှင်းသော အစားအစာတွေ စားသုံးနိုင်အောင် အကောင်းဆုံးပြင်ဆင်သွားမယ်"ဟု မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ၈၂ လမ်းနှင့် ၁၉ လမ်းထောင့်တွင် ဖွင့်လှစ်ထားသည့် မင်းသီဟလက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးမိုးကျော်က ပြောပြသည်။

**စားသုံးမှုပုံစံ ပြောင်းလဲ**

လက်ရှိတွင် အဆိုပါလက်ဖက်ရည်ဆိုင်၌ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ ဆိုင်အဝင်ပေါက်များ၌ ဆင်ဆာစနစ်သုံး လက်ဆေးဘေစင်များနှင့် လက်သန့်ဆေးရည်များ ထားရှိခြင်း၊ လက်ဖက်ရည်သောက်ရန် တစ်ခါသုံးခွက်နှင့် အစားအသောက်များ စားသုံးနိုင်ရန် ပေါင်းခံထားသည့် ပန်းကန်များအစား တစ်ခါသုံးကော်ဘူးများ ထားရှိခြင်း၊ ဆိုင်၌ လာရောက်စားသုံးသူများ တစ်ဦးနှင့်တစ်ဦး Social distancing ဖြစ်စေရန် သတ်မှတ်အကွာအဝေးအတိုင်း ထားရှိ၍ နှစ်ယောက်ထိုင်စားပွဲအလယ်၌ ရောဂါကူးစက်မှုမရှိစေရန် နှစ်ပေပတ်လည်ရှိ ထိုင်းနိုင်ငံထုတ် ကော်ကြည်ပြားအဖြူများ တပ်ဆင်လျက်ရှိပြီး ကိုဗစ်ကာလအလွန်တွင် ပြည်သူများ စားသုံးမှုပုံစံ ပြောင်းလဲသွားစေရန်အထိ ရည်ရွယ်၍ ပြင်ဆင်လျက်ရှိရာ လက်ရှိတွင် လုပ်ငန်းများ ၈၀ ရာခိုင်နှုန်းခန့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဆာစနစ် လက်ဆေးဘေစင်**

"လက်ဆေးဘေစင်က အမျိုးမျိုးရှိပေမယ့် ကျွန်တော့်ဆိုင်မှာ ရောဂါကူးစက်မှုမရှိစေရန် ဆင်ဆာစနစ်နဲ့ အသုံးပြုနိုင်တဲ့ လက်ဆေးဘေစင်ကို တပ်ဆင်မှာပါ။ ကော်ကြည်ပြားကလည်း အထူ၊ အပါးပေါ်မူတည်ပြီး တရုတ်နိုင်ငံထုတ် ကော်ကြည်ပြားက ၄ ပေ x ၈ ပေ တစ်ချပ်ကို ကျပ်ငါးသောင်းကျော်ရှိပြီး ထိုင်းနိုင်ငံကထုတ်တဲ့ အထူဆုံး ၃ မီလီမီတာရှိတဲ့ ကော်ကြည်ပြားက ကျပ်တစ်သိန်းကျော်ကျော်လောက်ရှိပါတယ်။ ကျွန်တော်ကတော့ ကိုဗစ်အလွန်ကာလအထိ ရေရှည်အသုံးပြုဖို့ရည်ရွယ်ပြီး အကောင်းဆုံးကိုပဲ ရွေးချယ်တပ်ဆင်ခဲ့ပါတယ်။ ဆိုင်မှာထားရှိရမယ့် အသိပညာပေး ဗီနိုင်းစတေကာတွေကတော့ ဘယ်လိုဗီနိုင်းမျိုးကို ရွေးချယ်ရမယ်ဆိုတာကို မသိသေးတဲ့အတွက် လေ့လာနေဆဲဖြစ်ပါတယ်။ ကျွန်တော်တို့ ဆိုင်တွေအနေနဲ့ သင့်တော်တဲ့ အသိပညာပေး ဗီနိုင်းစတေကာတွေကို တိတိကျကျ ညွှန်ကြားပေးရင် ကောင်းမှာပါ" ဟု ၎င်းက ဆက်လက်ပြောပြသည်။

မန္တလေးမြို့တော် စည်ပင်သာယာရေးနယ်နိမိတ်အတွင်း၌ စားသောက်ဆိုင်ပေါင်း ၁၇၉၈ ဆိုင်၊ လက်ဖက်ရည်ဆိုင်ပေါင်း ၁၂၁၁ ဆိုင်၊ အအေးဆိုင်ပေါင်း ၄၀၉ ဆိုင် စုစုပေါင်း ၃၄၁၈ ဆိုင် ဖွင့်လှစ်ရောင်းချလျက်ရှိရာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးအတွက် အဆိုပါစားသောက်ဆိုင်များအား မတ် ၂၅ ရက်မှစ၍ ပါဆယ်စနစ်ဖြင့်သာ ဖွင့်လှစ်ရောင်းချရန် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ ဒေသန္တရတားမြစ်မိန့် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# မူဆယ်မြို့၌ စိန်တလုံးသရက်သီး ရောင်းအားကောင်းနေ

မူဆယ် မေ ၂၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) မြန်မာ-တရုတ်နယ်စပ် မူဆယ်မြို့တွင် စိန်တလုံးသရက်သီးများ ဝယ်ယူစားသုံးသူ များပြားပြီး ရောင်းအားသွက်နေကြောင်း မူဆယ်မြို့ စိန်တလုံးသရက်သီးရောင်းနေသည့် ဈေးသည်များထံမှ သိရသည်။

"လက်ရှိစိန်တလုံးသရက်သီးကတော့ ရောင်းအားကောင်းနေပါတယ်။ အိတ်စွပ်ရှယ်သီးဆိုရင် နှစ်သောင်းကိုးထောင်(သို့မဟုတ်) သုံးသောင်းဈေးအထိ ပေါက်ပါတယ်။ ရိုးရိုးသီးဆိုရင် နှစ်သောင်းခွဲ အထိပေါက်ပါတယ်။ တစ်ရက်ကို ပုံး ၁၀၀ အထိ ရောင်းရပါတယ်။ အရင်နှစ်တွေမှာတော့ တရုတ်နိုင်ငံကို တင်ပို့လို့ရတယ်။ လက်ရှိမှာတော့ တင်ပို့ဖို့ခက်ခဲနေတဲ့အတွက် မူဆယ်မြို့မှာ ရောင်းရတာဖြစ်ပါတယ်"ဟု မူဆယ်မြို့ ဈေးရပ်ကွက်နေ ကိုတေဇာအောင်က လက်ရှိမူဆယ်မြို့၏ စိန်တလုံးသရက်သီး ရောင်းအားသွက်နေသည့် အခြေအနေကို ပြောပြသည်။

မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်သို့ တစ်ရက်လျှင် စိန်တလုံးသရက်သီးကုန်တင်ယာဉ် ၁၅၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကာလ၌ တရုတ်နိုင်ငံဘက်သို့ စိန်တလုံးများတင်ပို့ရာ၌ အခက်အခဲကြုံတွေ့နေရခြင်း ဖြစ်သည်။

"စိန်တလုံးသရက်သီးဈေးနှုန်းကတော့ မဆိုးဘူးလို့ဆိုရမယ်။ ဒါပေမယ့် ငွေဈေးလဲလှယ်နှုန်း နည်းနည်းကျဆင်းတဲ့အတွက် ယခင်နှစ်ဈေးအတိုင်းတော့ မရနိုင်သေးဘူးပေါ့။ ယခင်နှစ်မှာ စိန်တလုံးသရက်သီးတစ်ပုံးကို တရုတ်ယွမ်ငွေ ၁၅၀ နဲ့ရောင်းရတယ်။ မြန်မာငွေနဲ့ဆိုရင် ကျပ် ၃၀၀၀၀ ကျော်လောက်ရတယ်။ လက်ရှိမှာတော့ ကျပ် ၂၆၀၀၀ ကျော်ပဲရပါတယ်"ဟု မူဆယ်-နမ့်ခမ်း ကုန်သည်ကြီးများအသင်း ဥက္ကဋ္ဌ ဦးစိုင်းနွံ့က ငွေဈေးလဲလှယ်နှုန်း အနည်းငယ်ကျဆင်းကြောင်းကို ပြောသည်။

ကိုဗစ်-၁၉ရောဂါ ဖြစ်ပွားသည့်ကာလ၌ သယ်ယူပို့ဆောင်ရေးကုန်ကျစရိတ်လည်း အနည်းငယ်မြင့်တက်နေပြီး ယခင်နှစ်မန္တလေးမှ မူဆယ်မြို့အထိ သယ်ယူပို့ဆောင်ခတစ်ကျင်းလျှင် ကျပ် ၁၅၀၀ ကုန်ကျရာမှ လက်ရှိတွင် ကျပ် ၂၀၀၀ ကျော်အထိ သယ်ယူစရိတ်မြင့်တက်နေကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်**

**❒ ကျောဖုံးမှ**

ရှမ်းပြည်နယ်မှတစ်ဆင့် သက်ဆိုင်ရာဒေသများသို့ စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ အဆိုပါ နေရပ်ပြန်ပြည်သူများသည် မိုင်းလား အထူးဒေသ(၄)နမ့်ပန်း၌ အသွားအလာကန့်သတ်၍ ၂၁ ရက် စောင့်ကြပ်ကြည့်ရှုခြင်းကို ခံယူခဲ့ပြီး မိုင်းယု၊ ကျိန်းယဲန်းတံတားမှ တောင်ကြီးမြို့အထိ သက်ဆိုင်ရာ ယာဉ်လိုင်းများဖြင့် ပြန်လည် ဝင်ရောက်လာခြင်းဖြစ်ပြီး တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် ထပ်ဆင့်လွှဲပြောင်း ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

အဆိုပါ နေရပ်ပြန်ပြည်သူ ၉၉ ဦးတို့တွင် ရန်ကုန်တိုင်းဒေသကြီးမှ အမျိုးသမီး တစ်ဦး၊ မန္တလေးတိုင်းဒေသကြီးမှ အမျိုးသား ရှစ်ဦး၊ အမျိုးသမီး ၁၀ ဦး၊ မကွေးတိုင်းဒေသကြီးမှ အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၅၆ ဦး၊ ကယားပြည်နယ်မှ အမျိုးသမီး နှစ်ဦးနှင့် ရှမ်းပြည်နယ် တောင်ကြီးမြို့မှ အမျိုးသား တစ်ဦး၊ အမျိုးသမီး တစ်ဦး၊ သီပေါမြို့မှ အမျိုးသား တစ်ဦးတို့ ဖြစ်ကြောင်းသိရပြီး ယနေ့အထိ နေရပ်ပြန်ပြည်သူ ၃၄၀၀ ကျော်အား တောင်ကြီးမြို့မှတစ်ဆင့် သက်ဆိုင်ရာ တိုင်းဒေသကြီး / ပြည်နယ်များသို့ တောင်ကြီးမြို့အခြေစိုက် ခရီးသည်တင်ယာဉ်လိုင်းများဖြင့် ပို့ဆောင်ပေးခဲ့ပြီး နေရပ်ပြန်ပြည်သူအများစုမှာ ရခိုင်ပြည်နယ်မှဖြစ်ကြောင်း မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးမင်းထိုက်၏ ပြောကြားချက်အရ သိရသည်။

ရှမ်းပြည်နယ်အရှေ့ပိုင်းရှိ နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန် ပြည်သူများအား တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ထပ်ဆင့်လွှဲပြောင်း ပို့ဆောင်ပေးရာတွင် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လမ်းခရီးတွင် စားသောက်ရန် ထမင်းဘူး၊ ရေသန့်ဘူး၊ အချိုရည်နှင့် ပေါင်မုန့်များ ဝေငှခြင်းများကို တောင်ကြီးမြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဝင်များနှင့် အလှူရှင်မိသားစုများ၊ ယာဉ်ထိန်း ရဲတပ်ဖွဲ့ဝင်များ၊ တာဝန်ရှိသူများ၊ တောင်ကြီးမြို့ စေတနာ့ဝန်ထမ်းအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် အရန်မီးသတ် တပ်ဖွဲ့ဝင်များက ပူးပေါင်းကူညီ ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

**ဓာတ်ပုံ -Lin Lin(Tgi)**



# မိုးစပါးထွန်ယက်စိုက်ပျိုးရန် ခက်ခဲနေသူများအား တနင်္သာရီတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက ကူညီပေးလျက်ရှိ

**ထားဝယ် မေ ၂၄**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နေစဉ်ကာလအတွင်း တနင်္သာရီတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက တောင်သူလယ်သမားများ၏ လယ်ယာဝန်ဆောင်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်ရည်ရွယ်၍ ဌာန၏ စက်ကိရိယာအင်အားဖြင့် အခက်အခဲဖြစ်ပေါ်နေသော တောင်သူလယ်သမားများအား မိုးစပါးအချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် သတ်မှတ်ထားသော နှုန်းထားများဖြင့် ကူညီဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ဆောင်ရွက်ပေးလျက်ရှိ**

တနင်္သာရီတိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနက မြို့နယ် ခုနစ်မြို့နယ်တွင် မိုးစပါးမြေပြင်ခြင်း ဧက ၁၅၅၀၊ ရိတ်သိမ်းခြွေလှေ့စက်ဖြင့် ၂၅၆ ဧက နှင့် မြို့နယ်လေးမြို့နယ်၌ စက်မှုလယ်ယာနည်းစနစ်များဖြင့် စနစ်တကျလယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဧက ၃၉၀ အား ဆောင်ရွက်ပေးနိုင်ခဲ့သည်။ စက်မှုလယ်ယာဦးစီးဌာနရှိ ထွန်စက်ကြီး ၂၃ စီး၊ ရိတ်သိမ်းခြွေလှေ့စက် ခြောက်စီး၊ ကောက်စိုက်စက် နှစ်စီးတို့ဖြင့် မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရန်အတွက် မြေယာများပြုပြင်ပေးခြင်း၊ ကောက်စိုက်စက်ဖြင့် စိုက်ပျိုးပေးခြင်း၊ စက်ကြီးများဖြင့် ရိတ်သိမ်းခြွေလှေ့ပေးခြင်းနှင့် စက်မှုလယ်ယာစနစ်ကျလယ်ယာမြေ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများအား ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားနေမှုကြောင့် အခက်အခဲဖြစ်ပေါ်နေသော တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ တောင်သူလယ်သမားများအနေဖြင့် တိုင်းဒေသကြီး စက်မှုလယ်ယာဦးစီးဌာနရုံး ဖုန်း ၀၅၉-၃၀၂၃၉၀၉၊ ၀၉-၄၅၂၆၆၆၇၆၊ ၀၉-၇၉၈၆၆၉၀၉၂၊ ၀၉-၂၅၆၀၀၆၈၀၁ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# အားလုံးရဲ့ စုပေါင်းအားနဲ့ ကိုဗစ် - ၁၉ ရောဂါကို ဖြေရှင်းနိုင်မယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာ ယုံကြည်ပါတယ်

ရုရှားနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov

ဆက်သွယ်မေးမြန်း- ဟန်နီဝင်း၊ နန္ဒာဝင်း
ဓာတ်ပုံစုစည်း - ကေတာ

**ပြည်သူများ နှာခေါင်းစည်းနှင့် ယဉ်ပါးပြီး အမြဲသုံးသည့် အလေ့အထဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က မေ ၁၃ ရက်မှ မေ ၁၅ ရက်အထိ နှာခေါင်းစည်းပြိုင်ပွဲကို ကျင်းပခဲ့ရာ ပြည်သူနှစ်သောင်းကျော် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ သုံးရက်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူမှုကွန်ရက်စာမျက်နှာသို့ တင်လာကြသည့် ပြိုင်ပွဲဝင်နှာခေါင်းစည်းများထဲမှ ပြည်သူအနှစ်သက်ဆုံး (Like အများဆုံး)ဆု၊ တီထွင်ဖန်တီးမှု အကောင်းဆုံးဆု၊ လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန်လုပ်သည့် နှာခေါင်းစည်းများထဲမှ like အများဆုံးဆု) နှင့် ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ်အကောင်းဆုံးဆုဟူ၍ ဆုအမျိုးအစား လေးမျိုးနှင့် အထူးဆုကို ရွေးချယ်ချီးမြှင့်မည် ဖြစ်သည်။**

ထိုဆုများအနက် လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန်လုပ်သည့် နှာခေါင်းစည်းများထဲမှ like အများဆုံးဆု)၊ ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ်အကောင်းဆုံးဆုနှင့် အထူးဆုရသူ စာရင်းများကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်၏ လူမှုကွန်ရက်စာမျက်နှာတွင် မေ ၂၃ ရက်က ထုတ်ပြန်ကြေညာခဲ့သည်။

အထူးဆုကို ရုရှားနိုင်ငံသံအမတ်ကြီး Dr. Nikolay Listopadov ပါဝင်သည့် သံရုံးမိသားစုဝင်သုံးဦးက ရရှိခဲ့ပြီး လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန်လုပ်သည့် နှာခေါင်းစည်းများထဲမှ like အများဆုံးဆု)ရရှိသူ သုံးဦး၊ ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ်အကောင်းဆုံး ဆုရရှိသူ သုံးဦးပေါ်ထွက်လာခဲ့ရာ ၎င်းတို့နှင့် ဆက်သွယ်မေးမြန်းခဲ့သည်များကို စုစည်း ဖော်ပြလိုက်ရပါသည်။



ရုရှားနိုင်ငံသံအမတ်ကြီး
Dr. Nikolay Listopadov




ဒေါ်ကြည်ကြည်ဝင်း



မမေဖြူစင်ငြိမ်း



မသင်းစုစုကျော်

**ရုရှားနိုင်ငံသံအမတ်ကြီး**
**Dr. Nikolay Listopadov အထူးဆု**

ကျွန်တော်တို့ ပြိုင်ပွဲဝင်ဖြစ်တာက နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဦးဆောင်ကျင်းပတဲ့ နှာခေါင်းစည်းပြိုင်ပွဲကို ထောက်ခံချင်တဲ့အတွက် ပါဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျန်းမာရေးအတွက် အပြင်ထွက်ရင် နှာခေါင်းစည်း အမြဲဝတ်ဆင်ဖို့ကလည်း အရေးကြီးပါတယ်။ ဖန်တီးတီထွင်မှုကို အားပေးချင်တဲ့အတွက်လည်း ပါဝင်ဖြစ်တာပါ။

အခုဆိုရင် အခမ်းအနားတွေလည်း မရှိ၊ အပြင်ထွက်တာတွေလည်း သိပ်ပြီးမရှိတဲ့ အချိန်မှာ စိတ်ဖိစီးမှုတွေလည်း ရှိနေကြတယ်။ ဒါကြောင့် ပြိုင်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်မယ်ဆိုရင် တီထွင်ဖန်တီးမှုရဲ့စွမ်းအားကို တိုးမြှင့်စေနိုင်တယ်လို့ ကျွန်တော်က ယူဆပါတယ်။ တချို့သူတွေက နှာခေါင်းစည်းတွေကို မဝယ်လိုကြဘူး။ ဒါကြောင့် ကိုယ်တိုင်ချုပ်လုပ်လို့ရတယ်၊ တပ်ဆင်လို့ရတယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ ကျွန်တော်တို့က ပြိုင်ပွဲကို ပါဝင်ခဲ့ကြပါတယ်။

ကျွန်တော်ကိုယ်တိုင်ချုပ်တာ မဟုတ်ဘူး။ ကျွန်တော်တို့သံရုံးက ကုန်သွယ်ရေးနဲ့ စီးပွားရေး အတိုင်ပင်ခံရဲ့ဇနီး အောဂါက ချုပ်လုပ်ခဲ့တာပါ။ ပိတ်စအသားကို ကျွန်တော် ရုရှားကယူလာတဲ့ လင်နင်ပိတ်စအသားနဲ့ နှာခေါင်းစည်း သုံးခုကို ချုပ်လုပ်ခဲ့ပါတယ်။ ပြိုင်တဲ့ပုံထဲက အောဂါနဲ့ သံတမန်ရဲ့ သမီးလေးပုံပါ။ ကျွန်တော့်မိသားစုဝင်တော့ မဟုတ်ပါဘူး။ ကျွန်တော့်သံရုံးက သံတမန်အမှုထမ်းတွေရဲ့ မိသားစုဝင်တွေပါ။

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က အခုလို ကျွန်တော်တို့ကို အထူးဆုချီးမြှင့်ပေးတဲ့အတွက် ဝမ်းသာပါတယ်။ ပီတိလည်းဖြစ်ရတယ်။ ဂုဏ်လည်းယူမိပါတယ်။ ဒါကြောင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ကို ကျေးဇူးတင်ပါတယ်။ သူ့ရဲ့မေတ္တာနဲ့ စေတနာကို တန်ဖိုးလည်းထားပါတယ်။

နောက်ပြီး ကိုဗစ်-၁၉ ရောဂါကို ရင်ဆိုင်နေရချိန်မှာ ပြည်သူပြည်သားအားလုံးရဲ့ စည်းလုံးညီညွတ်မှု၊ သွေးစည်းမှုက အရေးကြီးပါတယ်လို့ ပြောချင်ပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်တဲ့ အစိုးရအဖွဲ့နဲ့ တပ်မတော်ကလည်း ကမ္ဘာ့ကပ်ရောဂါကို ကျော်လွှားဖို့ ကြိုးစားပြီး ကောင်းတဲ့ရလဒ်တွေလည်း တွေ့မြင်နေရပါတယ်။ မြန်မာနိုင်ငံမှာ စေတနာလုပ်အားရှင်တွေနဲ့ ပြည်သူ ပြည်သားတွေကလည်း တက်တက်ကြွကြွ ပါဝင်ကြပါတယ်။ ချီးကျူးစရာလည်း ကောင်းပါတယ်။ အားလုံးရဲ့ စုပေါင်းအားနဲ့ ကိုဗစ်-၁၉ ရောဂါကို ဖြေရှင်းနိုင်မယ်လို့ ကျွန်တော် ခိုင်ခိုင်မာမာယုံကြည်ပါတယ်။

ကျွန်တော်တို့က အကောင်းမြင်စိတ်လည်း ရှိရမယ်။ စိတ်ဓာတ်မကျဖို့လည်း အရေးကြီးပါတယ်။ မေတ္တာနဲ့စေတနာကိုလည်း ထားရှိရပါမယ်။ ဒါကြောင့် မြန်မာမိတ်ဆွေတွေ အားလုံး ခက်ခဲတဲ့အခြေအနေတွေအောက်မှာ ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ပါစေလို့ ကျွန်တော် မေတ္တာပို့သပါတယ်။ မေတ္တာခြံလို့ လုံပါစေ။ စေတနာဆောင်လို့ အောင်ပါစေလို့ ကျွန်တော် ဆုမွန်ကောင်းအပ်ပါတယ်။

> **ကိုဗစ်-၁၉ ကပ်ရောဂါကြီးဖြစ်နေတဲ့ အချိန်မှာ ပြည်သူတွေအနေနဲ့ ကျန်းမာရေး အသိအမြင်ရှိရှိနဲ့ ချမှတ်ထားတဲ့ လုပ်သင့်တဲ့ စည်းကမ်းတွေကို လိုက်နာကြစေချင်ပါတယ်။ ပြီးတော့ ဒီလို အဝတ်နှာခေါင်းစည်းလေးတွေကို စနစ်တကျနဲ့ချုပ်တတ်ရင် ရောဂါပိုးလည်း ကာကွယ်တဲ့အပြင် အပိုပိုက်ဆံကုန်တာလည်း သက်သာစေလို့ ချုပ်ကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။**

**ဒေါ်ကြည်ကြည်ဝင်း ( Daw Kyi Kyi Win )**
**လူထုအကျိုးပြုဆု (လှူဒါန်းဝေငှရန်လုပ်သည့် နှာခေါင်းစည်းများထဲမှ like အများဆုံးဆု) ပထမဆု**

ပြိုင်ပွဲဝင်ဖြစ်တဲ့ ရည်ရွယ်ချက်ကတော့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် အမေစုရဲ့ ပြိုင်ပွဲကို အားပေးလိုစိတ်နဲ့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာပါ။ ဆုရမယ်လို့လည်း မထင်ခဲ့မိပါဘူး။ လူထုအကျိုးပြုဆု ပထမရလို့ အတိုင်းမသိ ဝမ်းသာကြည်နူးမိပါတယ်။

အမေစုကိုချစ်တဲ့ ပြည်သူတွေရဲ့ အားပေးမှုနဲ့ မန်းတက္ကသိုလ် ကျောင်းသားဟောင်း Group မှ စီနီယာ ၊ ဂျူနီယာတွေရဲ့ အားပေးမှုတွေကြောင့် Like အများကြီး ရရှိခဲ့တာ ဖြစ်ပါတယ်။

နှာခေါင်းစည်းတွေမချုပ်ခင် စက်ကို အရက်ပြန်နဲ့အရင်ပိုးသတ်ပါတယ်။ နှာခေါင်းစည်းတွေကို အပြင်တစ်ရောင်၊ အတွင်းတစ်ရောင် ၁၀၀ ရာခိုင်နှုန်း ချည်သားစစ်စစ်နဲ့ နှစ်ထပ်ချုပ်ပါတယ်။ ပြီးတော့ မျှော့ကြိုးတစ်ဖက်ကို ခြောက်လက်မစီနဲ့ နားကွင်းတပ်ပါတယ်။ ချုပ်ပြီးတော့ anti-bacterial ဆပ်ပြာနဲ့ လျှော်လှန်းပြီး မီးပူတိုက်ပါတယ်။ ကိုယ်တိုင်ချုပ်ပြီး ဝမ်းတွင်းမြို့နယ်မှာရှိတဲ့ ကိုဗစ်-၁၉ ထိန်းချုပ်၊ ကာကွယ်၊ ကုသရေးအဖွဲ့နဲ့အတူ ဈေးတွေမှာ ဝေငှပါတယ်။ အိမ်မှာလည်း နေ့စဉ် ဧပြီလဆန်းကတည်းက ဝေငှနေပါတယ်။ လူထုအတွက်ကတော့ တတ်နိုင်သလောက် နေ့စဉ် mask တွေ ချုပ်လုပ်မျှဝေ ပေးသွားမှာပါ။ လိုအပ်တဲ့နေရာတွေအတွက်လည်း တတ်နိုင်သလောက် အမြဲတမ်းကူညီပေးသွားမှာ ဖြစ်ပါတယ်။

ပြည်သူတွေကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာပြီး အတတ်နိုင်ဆုံး အပြင်မထွက်ဖို့၊ မဖြစ်မနေ အပြင်ထွက်ခဲ့ရရင်လည်း နှာခေါင်းစည်းတပ်ဖို့၊ အတတ်နိုင်ဆုံး ခြောက်ပေအကွာမှာနေဖို့၊ အိမ်ပြန်လာရင်လည်း စက္ကန့် ၂၀ ကြာလက်ဆေးဖို့ ၊ အပြင်သွားရင်လည်း ပြန်လာရင် အဝတ်တွေကို တန်းလျှော်ပစ်ဖို့ တိုက်တွန်းလိုပါတယ်။

**မမေဖြူစင်ငြိမ်း ( May Phyu Sin Nyein )**
**လူထုအကျိုးပြုဆု(လှူဒါန်းဝေငှရန်လုပ်သည့် နှာခေါင်းစည်းများထဲမှ like အများဆုံးဆု) ဒုတိယဆု**

နှာခေါင်းစည်းချုပ်ဖြစ်တဲ့ ရည်ရွယ်ချက်တွေထဲမှာ ပြည်သူတွေဟာ တစ်ခါသုံး နှာခေါင်းစည်းတွေတပ်ဖို့ အမြဲတမ်း အဆင်မပြေနိုင်ဘူး။ အဲဒီတော့ ကျွန်မတွေးမိတာက ပြန်လျှော်သုံးလို့ရတဲ့ နှာခေါင်းစည်းဆိုရင် အဆင်ပြေမယ်။ တစ်ယောက်ကို နှစ်ခု၊ သုံးခုလောက်ရှိရင် အလဲအလှယ်သုံးလို့ရတဲ့ အတွက် အဆင်ပြေသွားမယ်လို့ တွေးမိရာကနေ ချုပ်ဖြစ်ခဲ့တာပါ။

တကယ်တမ်း ပြိုင်ပွဲဆိုပြီးလည်း စိတ်ထဲမှာ သဘောမထားခဲ့ပါဘူး။ အမေစုကို ချစ်လို့ အမေစုကို ဝန်းရံပြီး အားလုံးနဲ့အတူ ပူးပေါင်းပါဝင်တဲ့သဘောနဲ့ ဒီလိုလေးချုပ်ဖြစ်တာပါ။ အမေစုမြင်သည်ဖြစ်စေ၊ မမြင်သည်ဖြစ်စေ ဒါလေးလုပ်ဖြစ်တယ်ဆိုတာ အမေစုကို ပြချင်လို့ ဒီတိုင်းလေး မန့်လိုက်တာပါ။ အခုလို ဆုရတဲ့အတွက်လည်း အလွန်ကို ပျော်ပါတယ်။ အတိုင်းမသိလည်း ဝမ်းသာပါတယ်။

နှာခေါင်းစည်း ပြိုင်ပွဲလုပ်မယ်ဆိုပြီး post မတင်ခင်ကတည်းက ကျွန်မရဲ့ အစ်မက အဝတ်နှာခေါင်းစည်းလေးတွေ ချုပ်ပါတယ်။ သူ့ကို ကူညီချုပ်ပေးရင်း လှူဖို့ချုပ်ဖြစ်သွားတာပါ။ လောလောဆယ် အခမဲ့ လိုက်ဝေငှတဲ့ ပရဟိတအဖွဲ့တွေမှာ တတ်နိုင်သလောက်ချုပ်လှူဖို့ စဉ်းစားထားပါတယ်။ သက်နန်းနဲ့ချုပ်ပြီးတော့လည်း ဆွမ်းခံကြွတဲ့ ဘုန်းဘုန်းတွေကိုပဲဖြစ်ဖြစ် အခွင့်သင့်ရင်သင့်သလို ညီမနိုင်သလောက် လှူဖို့ စိတ်ကူးထားတယ်။

အခုလိုရောဂါတွေ ဖြစ်နေချိန်မှာ ကိုယ်ကိုယ်တိုင်လုပ်နိုင်တာက အပြင်မထွက်ဘဲအိမ်မှာနေတာ၊ မဖြစ်မနေအပြင်ထွက်ရင် နှာခေါင်းစည်းတပ်တာ၊ လက်ဆေးတာတွေပဲဆိုတော့ အတတ်နိုင်ဆုံးလိုက်နာစေချင်ပါတယ်။ အားလုံးအတွက် ကိုယ်ကစကာကွယ်မှုဖြစ်မှာပါ။ အမေစုနဲ့တကွ ပြည်သူအားလုံး ကျန်းမာချမ်းသာကြပါစေ။ ဆုရအောင် like ပေးကြတဲ့ မိတ်ဆွေတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောကြားလိုပါတယ်။

**မသင်းစုစုကျော် (Thinn Su)**
**လူထုအကျိုးပြုဆု(လှူဒါန်းဝေငှရန်လုပ်သည့် နှာခေါင်းစည်း များထဲမှ like အများဆုံးဆု) တတိယဆု**

ပြိုင်ပွဲဝင်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ နှာခေါင်းစည်းတွေ ဈေးကြီးပေးဝယ်နေရတဲ့အချိန်မှာ ကိုယ်တိုင်လည်း အလွယ်တကူ ချုပ်လုပ်ပြီး ဝတ်ဆင်လို့ရတယ်ဆိုတဲ့ အမေစုရဲ့ပြိုင်ပွဲလုပ်ပေးတဲ့ ရည်ရွယ်ချက်လေးကို ပြည်သူတစ်ယောက်အနေနဲ့ အားပေးချင်လို့ပါ။ နောက်ပြီး မိန်းကလေးတွေ အချုပ်အလုပ်ကို ပိုမိုစိတ်ပါဝင်စားလာစေဖို့ ရည်ရွယ်ပြီး ပါဝင်ဖြစ်ခဲ့တာပါ။

နှာခေါင်းစည်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေနဲ့အညီ ချည်သားစစ်စစ် လင်နင်စအပါးကို သုံးပြီး သုံးလွှာချုပ်ထားပါတယ်။ သားရေကြိုးကိုတော့ တစ်ခါသုံး နှာခေါင်းစည်းကပဲ ဖြုတ်ယူလျှော်ပြီး recycle အဖြစ် ပြန်သုံးထားပါတယ်။ ပိုးမွှားကာကွယ် နိုင်မလားဆိုတာကို ပိတ်စထဲကနေ ဖယောင်းတိုင်မီးမှုတ် စမ်းသပ်ကြည့်ပြီးတော့လည်း ချုပ်ထားတာဖြစ်ပါတယ်။ အခုလို လူသောင်းချီ ပြိုင်ကြတဲ့နေရာမှာ လူထုအကျိုးပြုဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ရတာမို့လို့ အတိုင်းမသိ ဝမ်းသာမိပါတယ်။

ကျွန်မက စုပေါင်းညီညာ ညီအစ်မများ ပရဟိတအဖွဲ့အနေနဲ့ လိုအပ်တဲ့နေရာတွေမှာ လှူဒါန်းမှုတွေ အမြဲပြုလုပ်နေတာမို့ ဆက်လက်ပြီး လုပ်ဆောင်ဖို့ ခွန်အားတွေ အများကြီးရလိုက်သလို ခံစားရပါတယ်။ လူထုအကျိုးပြုဆုဖြစ်တဲ့အတွက် မူလရည်ရွယ်ချက်အတိုင်း မယ်သီလရှင်ကျောင်းတွေနဲ့ မိဘမဲ့ကျောင်းတွေကို နှာခေါင်းစည်းလေးတွေချုပ်ပြီး လှူဒါန်းသွားမှာဖြစ်သလို ငွေကြေးလှူဒါန်းမှုတွေလုပ်သွားမှာ ဖြစ်ပါတယ်။

ဒီလို ကိုဗစ်-၁၉ ကပ်ရောဂါကြီး ဖြစ်နေတဲ့ အချိန်မှာ ပြည်သူတွေအနေနဲ့ ကျန်းမာရေး အသိအမြင်ရှိရှိနဲ့ ချမှတ်ထားတဲ့ လုပ်သင့်တဲ့ စည်းကမ်းတွေကို လိုက်နာကြစေချင်ပါတယ်။ ပြီးတော့ ဒီလို အဝတ်နှာခေါင်းစည်းလေးတွေကို စနစ်တကျနဲ့ချုပ်တတ်ရင် ရောဂါပိုးလည်း ကာကွယ်တဲ့အပြင် အပိုပိုက်ဆံကုန်တာလည်း သက်သာစေလို့ ချုပ်ကြည့်ကြဖို့ တိုက်တွန်းချင်ပါတယ်။

**မဖြူဖြူငြိမ်းချမ်း(မာမီကွတ်)**
**(Shin Nyein Mel)**
**ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ် အကောင်းဆုံး-ပထမဆု**

ကျွန်မက ခိုးကိုးရာမဲ့ ကိုယ်ဝန်ဆောင်များနဲ့ မွေးကင်းစကလေးပြုစုစောင့်ရှောက်ရေး ဖောင်ဒေးရှင်းကို တည်ထောင်ထားပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကာလမှာ စိတ်ရောဲ လူရော ပင်ပန်းခဲ့ပါတယ်။ ပြည်ပခရီးက ပြန်လာပြီး ချောင်းဆိုး အသက်ရှူကျပ်ခဲ့တယ်။ ၁၄ ရက် ကွာရန်တင်းဝင်ပြီး သက်သာလာပေမယ့် ဒီလို ကိုဗစ်-၁၉ ဖြစ်ပွားနေတဲ့အချိန်မှာ လူပေါင်း ၇၀ နဲ့ ဘယ်လိုရင်ဆိုင်ကျော်ဖြတ်ရမလဲဆိုတာ စဉ်းစားနေချိန်မှာ အမေစုရဲ့ နှာခေါင်းစည်း ပြိုင်ပွဲလေးတွေ့တဲ့အခါ ကျွန်မ အဖြေရ ခဲ့ပါတယ်။ ဘယ်လိုအခြေအနေပဲ ဖြစ်ဖြစ် မေတ္တာနဲ့ ကျော်ဖြတ်ရမယ်ဆိုတာပါပဲ။ ကျွန်မမှာက လူ ၇၀ ပဲ။ အမေစုမှာက လူပေါင်း များစွာအတွက် စဉ်းစားရတာပါ။ ဒါကြောင့် မေတ္တာနဲ့ ကျော်ဖြတ်ကြမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ မေတ္တာတရားပြဖို့သက်သက် ပါဝင်ခဲ့ပါတယ်။ ပြိုင်ပွဲလို့ မတွေးခဲ့ဘူး။

စာမျက်နှာ ၉ သို့ ○

# ဆက်သွယ်မေးမြန်း၊ ပြည်တွင်းရေးရာ

❍ စာမျက်နှာ ၈ မှ

ဒီပြိုင်ပွဲကနေတစ်ဆင့် နိုင်ငံသား တစ်ယောက်အနေနဲ့ ရရှိတဲ့ခံစားချက်က တန်ဖိုးမဖြတ်နိုင်ပါဘူး။ ကပ်ရောဂါကာလကြီးမှာ မေတ္တာတရားကို စုစုစည်းစည်း၊ တစုတဝေးတည်း အတူတကွ စီးဆင်းခံစားမိစေတာပါပဲ။

ပထမဆုရတဲ့အပေါ်ကတော့ ဝမ်းသာပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဆုနဲ့ပတ်သက်ပြီးပေးခဲ့တဲ့ "မေတ္တာကို အမြင့်ဆုံးတန်ဖိုးထားခြင်းကို အလွန်သဘောကျမိပါတယ်"ဆိုတဲ့ မှတ်ချက်လေးဟာ ကျွန်မဘဝအပေါ်မှာ မေတ္တာတံဆိပ်တုံးထုပေးလိုက်သလိုပါပဲ။ ပြည်သူအချင်းချင်းလည်း ဖြစ်ပျက်ကိုရှုပြီး မေတ္တာနဲ့ ရှေ့ဆက်နိုင်ကြပါစေ။



မဖြူဖြူငြိမ်းချမ်း



ဦးကျော်သူ



မနွယ်နီအောင်

**ဦးကျော်သူ– ko kyaw thu w.k.a (kyaw thu)**

**ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ် အကောင်းဆုံး – ဒုတိယဆု**

အမေစုကိုယ်တိုင်လုပ်ပေးတဲ့ ပြိုင်ပွဲဖြစ်လို့ ချစ်တဲ့စိတ်နဲ့ ဝင်ပြိုင်ခဲ့တာပါ။ ကိုဗစ်–၁၉ ကြောင့် လူတွေတစ်ယောက်နဲ့တစ်ယောက် သူစိမ်းဆန်လွန်းနေသလို ခံစားရတဲ့အတွက် လမ်းမှာ လူတစ်ယောက်နဲ့တွေ့တဲ့အခါ ကိုယ်ပြုံးပြနေတာလေးကို တစ်ဖက်လူ သိစေချင်တဲ့ ဆန္ဒနဲ့ နှာခေါင်းစည်းကို ဖန်တီးဖြစ်ခဲ့တာပါ။

ကပ်ရောဂါကာလမှာ အကြောင်းအမျိုးမျိုးကြောင့် အပြင်ထွက်တဲ့အခါ ရောဂါမကူးစက်အောင် ကာကွယ်ဖို့ မဖြစ်မနေ နှာခေါင်းစည်း တပ်ရပါမယ်။ နှာခေါင်းစည်းတွေကို နေ့စဉ်ထည်လဲ လူတိုင်းမတတ်နိုင်ကြပါဘူး။ နှာခေါင်းစည်းပြိုင်ပွဲ အမေစုလုပ်ပေးလိုက်တဲ့အခါ ပြည်သူတွေအားလုံး အိမ်မှာရှိတဲ့ ပစ္စည်းတွေနဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားတဲ့ နှာခေါင်းစည်းချုပ်လုပ်နည်းအတိုင်း ပြည်သူတွေ ကိုယ်တိုင်ကိုယ်ကျ ကုန်ကျစရိတ်မရှိဘဲ ချုပ်ဝတ်ကြပါတယ်။ အားလုံးစိတ်ဝင်တစားနဲ့ ပြိုင်ပွဲဝင်ကြတာ တွေ့မိတော့ အင်မတန်စိတ်ကျေနပ်ဝမ်းသာမိပါတယ်။

ဆုကတော့ လုံးဝမထင်မှတ်ဘဲ ရခဲ့တာပါ။ အမေစု ဆုကြေညာပေးနေတဲ့အချိန်မှာ ကိုယ့်နာမည်ကြားတော့ "အိပ်မက်များမက်နေသလား" ဆိုပြီး တွေးနေမိပါတယ်။ ဆုရဖို့ဘယ်လိုမှ မျှော်လင့်မထားခဲ့မိတာပါ။ ဆုရတဲ့အတွက် ပျော်ရွှင်မိပါတယ်။ ကိုဗစ် –၁၉ ကြောင့် ပြည်သူတွေ စိုးရိမ်ထိတ်လန့်မှုတော့ ရှိကြပါတယ်။ ကျောင်းတွေ၊ ရုံးတွေ၊ စက်ရုံ အလုပ်ရုံတွေ ပိတ်ထားရပြီး ပြည်သူအများစု လက်လုပ်လက်စားတွေ ပိုပြီးဒုက္ခရောက်ကြပါတယ်။ လူတွေ တစ်ယောက်နဲ့တစ်ယောက်၊ တစ်အိမ်နဲ့ တစ်အိမ်၊ တစ်လမ်းနဲ့ တစ်လမ်း၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ပြည်နယ်၊ တိုင်းဒေသကြီး၊ နိုင်ငံအလိုက် အဆက်အသွယ်တွေ ဖြတ်ကြပါတယ်။ အဝင်အထွက်တွေ ကြပ်မတ်စစ်ဆေးတားဆီးကြပါတယ်။ တစ်ယောက်နဲ့ တစ်ယောက် ခပ်ခွာခွာနေကြရပါတယ်။ လမ်းမှာဆုံတဲ့အခါ နေကောင်းလား၊ စားပြီးပြီလား၊ မင်္ဂလာပါ စတဲ့ နှုတ်ခွန်းဆက်စကားတွေ မကြားရ၊ မမြင်ရတော့ပါဘူး။

ကိုဗစ်–၁၉ ကြောင့် တစ်ယောက်နဲ့ တစ်ယောက် သူစိမ်းဆန်လွန်းစေတဲ့ ခံစားမှုကို ကျော်လွှန်ပြီး ကိုယ့်ဘက်ကပြုံးပြနေတာ တစ်ဖက်လူမြင်စေချင်တယ်။ အပြုံးတွေ ကူးစက်ပြီး ဘဝအမောတွေပြေစေချင်တဲ့ ဆန္ဒနဲ့ရည်ရွယ်ပြီး ဒီ နှာခေါင်းစည်းပုံစံလေးကို စိတ်ကူးဖန်တီးခဲ့တာပါ။ ဒီစိတ်ကူးလေးကို အမေစုခံစားမိပြီး ရွေးချယ်ပေးခဲ့လို့ ကျေးဇူးလည်း တင်ပါတယ်။ ဝမ်းလည်းသာပါတယ်။

ဆက်လက်ပြီး ကိုဗစ် –၁၉ ကိုအနိုင်ယူဖို့ ကျွန်တော်တို့ ပြည်သူတွေအားလုံး ပူပေါင်းပါဝင်မှုရပါမယ်။ နိုင်ငံတော်နဲ့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ကြေညာချက်တွေကို တစ်ယောက်ချင်းစီတိုင်း စနစ်တကျ စည်းကမ်းရှိစွာ လိုက်နာဆောင်ရွက်ကြရင်းနဲ့ အပြင်ထွက်တိုင်း နှာခေါင်းစည်းတပ်၊ လက်ဆေးတဲ့အလေ့အထကို ပြုကျင့်ရမှာဖြစ်ပါတယ်။

**မနွယ်နီအောင် – ဒီဇိုင်နာ**

**နွယ်နီဝင်းမောင် (Daw Nwe Ni)**

**ပြိုင်ပွဲဝင်ရခြင်း ရည်ရွယ်ချက် စိတ်ဝင်စားဖွယ် အကောင်းဆုံး – တတိယဆု**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ကြီးမှူးကျင်းပတဲ့ ပြိုင်ပွဲမှာ ပြည်သူတစ်ယောက်အနေနဲ့ ပူးပေါင်းပါဝင်ချင်တဲ့ ဆန္ဒ၊ ကျန်းမာရေးအတွက် အရေးကြီးတဲ့ အခုလိုအချိန်မှာ အများပြည်သူအတွက် တစ်ထောင့်တစ်နေရာက ပါဝင်ပေးရင်းနဲ့ အကျိုးပြုရင်း ရလဒ်ကောင်းတစ်စုံတစ်ရာ ဖြစ်စေချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖန်တီးဖြစ်ခဲ့ပါတယ်။

ဒီလို အချိန်မှာ ကလေးလေးတွေ အပြင်ကို မဖြစ်မနေထွက်ဖို့ကြုံလာခဲ့ရင် ကလေးတွေအတွက် နှာခေါင်းစည်းတပ်ရတာကို ဝန်ထုပ်ဝန်ပိုးလို့ မခံစားရစေချင်ဘူး။ သူတို့လေးတွေ နှစ်သက်တဲ့ ဇာတ်ကောင်ပုံလေးတွေနဲ့ နှာခေါင်းစည်းတွေဆိုရင် သူတို့လည်း နှာခေါင်းစည်းတပ်ရတာ ပျော်မှာဖြစ်သလို တပ်ဖို့ကိုလည်း အထူးတိုက်တွန်းစရာမလိုဘူး။ ကလေးတွေကိုယ်တိုင် လိုလိုလားလား နှစ်သက်စွာ တပ်ကြမယ်လို့ ထင်မြင်မိတဲ့အတွက် အဲဒီစိတ်ကူးလေးနဲ့ နှာခေါင်းစည်းလုပ်ဖြစ်ခဲ့တာပါ။

ဒီလို ပြိုင်ပွဲကနေ ကိုယ်တတ်တဲ့ပညာနဲ့ တစ်ဖက်တစ်လမ်းကနေ ကိုဗစ်ကာကွယ်ရေးမှာ အားလုံးနဲ့အတူတူ ပူးပေါင်းခွင့်ရတဲ့အတွက် ဝမ်းသာကျေနပ်မိတယ်။ ပြည်သူတွေ လေးစားတန်ဖိုးထားရတဲ့ အမေစုပေးတဲ့ဆုကို ရရှိခဲ့တဲ့အတွက် အတိုင်းမသိဂုဏ်ယူပါတယ်။ ဘဝမှာ တန်ဖိုးမဖြတ်နိုင်တဲ့ ဆုအတွက် ဖန်တီးခွင့်ပေးတဲ့ အမေစုနဲ့ ပြိုင်ပွဲစီစဉ်ပေးတဲ့ ပုဂ္ဂိုလ်တွေ၊ ဖေ့စ်ဘွတ်က မိတ်ဆွေတွေအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။



၂၀၂၀ ပြည့်နှစ် နွေရာသီကာလ အောင်မြေသာစံမြို့နယ်အတွင်း ပြည်သူများ ဗို့အားပြည့်ဝစွာ သုံးစွဲနိုင်ရေးအတွက် မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးခင်မောင်ဝင်းနှင့် ကျွမ်းကျင်လုပ်သားများက မေ ၂၄ ရက်က ၁၀ လမ်း၊ ၇၄ လမ်းထောင့် ဥပုသ်တော်ရပ်ကွက် အကွက် ၅၂ အတွင်း ၁၁/၀.၄ ကေဗွီ ၂၀၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံး တိုးချဲ့တည်ဆောက်တပ်ဆင်နေစဉ်။

မန်း(ကိုယ်ပွား)

## ချင်းပြည်နယ်၌ ကမ္ဘောဇဘဏ်၏ ၂၇၄ တွင်းမြောက်စက်ရေတွင်း တူးဖော်လှူဒါန်း

ဟားခါး မေ ၂၄

ပူပြင်းခြောက်သွေ့သော နွေရာသီတွင် ပြည်သူများ ရေပြတ်လပ်မှုမရှိစေရေးအတွက် ကမ္ဘောဇဘဏ်က စက်ရေတွင်းများတူးဖော်လှူဒါန်းလျက်ရှိရာ ၂၇၄ တွင်းမြောက် ရေအောင်စက်ရေတွင်းအဖြစ် ချင်းပြည်နယ် ခြောက်လမ်းဆုံ ဟားခါးရပ်ကွက် (၁)တွင် မေ ၂၂ ရက်က အောင်မြင်စွာ တူးဖော်ပေးနိုင်ခဲ့သည်။



အဆိုပါစက်ရေတွင်းကို ကမ္ဘောဇဘဏ်က အင်္ဂလန်နိုင်ငံထုတ် အမှတ် (၁) Dando Heavy-duty ရေတွင်းတူးစက်ကြီးဖြင့် တူးဖော်ခဲ့ပြီး အနက် ၃၄၅ ပေတွင် တစ်နာရီရေဂါလန် ၃၅၀၀ ဖြင့် ရေအောင်ခဲ့သည်။ အဆိုပါစက်ရေတွင်း အောင်မြင်မှုကြောင့် ဟားခါးရပ်ကွက်ကြီး (၂) ရှိ ပြည်နယ်မီးသတ်စခန်း၊ စာသင်ကျောင်းနှင့် ရပ်ကွက်နေပြည်သူများ ရေအခက်အခဲမရှိဘဲ လုံလောက်စွာ သုံးစွဲနိုင်မည်ဖြစ်သည်။

ယခုစက်ရေတွင်းသည် ယခုနှစ်အတွင်း ကမ္ဘောဇဘဏ်ကတူးဖော်လှူဒါန်းခဲ့သည့် ချင်းပြည်နယ်၏ စတုတ္ထမြောက် ရေအောင်တွင်းဖြစ်ပြီး ယခင်က ခြောက်လမ်းဆုံ၊ ဟားခါးရပ်ကွက်ကြီး (၂) တွင် တစ်နာရီရေဂါလန် ၁၀၀၀ စက်ရေတွင်း၊ ဟားခါးကောလိပ်တွင် တစ်နာရီရေဂါလန် ၃၀၀၀ စက်ရေတွင်း၊ ပညာရေးကောလိပ် (ဟားခါး) တွင် တစ်နာရီ ရေဂါလန် ၃၀၀၀ စက်ရေတွင်းများကို အောင်မြင်စွာတူးဖော်လှူဒါန်းနိုင်ခဲ့သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် မန်းကျည်းစောက်ကျေးရွာတွင် တစ်နာရီ ရေဂါလန် ၃၀၀၀ စက်ရေတွင်းအားလည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် လည်းကောင်း၊ မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ အခြေခံကျန်းမာရေးတက္ကသိုလ်တွင် လည်းကောင်း အသီးသီးအောင်မြင်စွာ တူးဖော်လှူဒါန်းခဲ့သည်။

ကမ္ဘောဇဘဏ်သည် နိုင်ငံအနှံ့ အပြားရှိ စက်ရေတွင်းတူးဖော်ရန် အလွန်ခက်ခဲပြီး ရေရှားပါးသည့်နေရာများတွင် ပြည်သူများရေရှားပါး ပြတ်လပ်မှုမကြုံတွေ့စေရန်အတွက် စက်ရေတွင်းများ တူးဖော်ခြင်း၊ ရေတွင်းရေကန်များ တူးဖော်ခြင်း၊ ရေလှောင်ကန်များ တည်ဆောက်ပေးခြင်းနှင့် ရေပေးရေးစီမံကိန်းများ အပါအဝင် ငွေကျပ်သိန်းပေါင်း ၇၉၀၀၀ ကျော် လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့အတူ ရေပြတ်လပ်မှုမရှိစေရန် စက်ရေတွင်းများ တူးဖော်လှူဒါန်းခြင်းအပြင် ရေသယ်ယာဉ်အသစ်များ လှူဒါန်းလျက်ရှိရာ နိုင်ငံတစ်ဝန်း ငွေကျပ်သိန်းပေါင်း ၂၄၃၀၀ တန်ဖိုးရှိ ရေသယ်ယာဉ်အသစ်ပေါင်း ၅၄ စီးကို ပေးအပ်လှူဒါန်းခဲ့သည်။ ကမ္ဘောဇဘဏ်သည် ကဏ္ဍအသီးသီးတွင် လူမျိုးမရွေး၊ ဘာသာမရွေး၊ နေရာဒေသမရွေး နိုင်ငံတော်နှင့် ပြည်သူအတွက် ငွေကျပ် ၁၆၂ ဘီလီယံ ကျော် လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ကိုကျော်**

## ပြည်ပပြန်များနှင့်စပ်လျဉ်း၍ အသိပေးကြေညာချက်

- COVID-19 ရောဂါကူးစက်ပျံ့နှံ့နေသော နိုင်ငံများမှ ပြန်လာကြသူများအနေဖြင့် ပြည်သူလူထု၏ ဝိုင်းဝန်း ပူးပေါင်းကူညီစောင့်ရှောက်ပေးမှုဖြင့် သတ်မှတ်နေရာအဆောက်အဦများတွင်ထားရှိပြီး အသွားအလာ ကန့်သတ်ခြင်းအစီအစဉ်(Community Based Facility Quarantine)ဆောင်ရွက်ရာတွင် တာဝန်သိစွာနှင့် ပူးပေါင်းဆောင်ရွက်ပေးကြပါ။ သတ်မှတ်ထားတဲ့ စည်းကမ်းချက်များကို တိကျစွာလိုက်နာဆောင်ရွက်ကြပါ။
- ထိုကဲ့သို့ဆောင်ရွက်ခြင်းဖြင့် မိမိကိုယ်တိုင်ရောဂါဖြစ်ပွားပါက ထိရောက်စွာ ကုသမှုခံယူနိုင်မည့်အပြင် မိမိရဲ့ မိသားစု၊ မိတ်ဆွေများနဲ့ မိမိရပ်ရွာအတွင်း ရောဂါကူးစက်ပျံ့နှံ့ခြင်းကိုလည်း ထိရောက်စွာကာကွယ်နိုင်မှာ ဖြစ်ပါတယ်။
- ပြည်သူများကလည်း မိမိတို့ရပ်ကွက်၊ ကျေးရွာအတွင်း နိုင်ငံခြားမှ ပြန်ရောက်လာသူများရှိပါက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးမှတစ်ဆင့် သတင်းပို့ကြပါရန် အသိပေးနှိုးဆော်အပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကိုဗစ်အလွန်မှာ ဘာတွေ တွေ့လာရနိုင်သလဲ

ခင်မောင်ညို(ဘောဂဗေဒ)

ကိုဗစ်အလွန်ကာလမှာ ဘာတွေဖြစ်လာနိုင်သလဲ၊ စီးပွားရေးလုပ်ငန်းတွေ ဘယ်လိုပြောင်းလဲသွားနိုင်သလဲ ဆိုတာ အိမ်နီးချင်းနိုင်ငံမှ သုတေသီတစ်ယောက်က ခုလို ကြိုတင်တွက်ဆထားတာ တွေ့ရပါတယ်။

သေချာပေါက်ပြောနိုင်တာက အခုအချိန်မှာ ပုံမှန်လို့ ပြောနေတာတွေအများစုကို တွေ့ကြရမှာ မဟုတ်ဘူး။ အသစ်တွေတွေ့ရမယ်။ ဒါကြောင့် ပုံမှန်အသစ် (New Normal) ကို တွေ့ကြုံရမယ်လို့ ပြောကြတယ်။ ဖောက်သည်တွေရဲ့ ဝယ်ပုံဝယ်နည်းတွေ ပြောင်းလဲသွားမယ်။ ဒီလိုဆိုရင် စီးပွားရေးလုပ်ငန်းတွေရဲ့ လုပ်ပုံကိုင်ပုံတွေလည်း လိုက်ပြီးပြောင်းလဲရမှာအမှန်ပါ။ ဒီကပ်ရောဂါကို ကာကွယ်ဖို့နဲ့ ဖြေရှင်းဖို့ ကြိုးစားရင်းနဲ့ ဖောက်သည်တွေ စားသုံးသူတွေရဲ့ အလေ့အထတွေ ပြောင်းလဲသွားကြမယ်။ ဒါကိုပဲ ပုံမှန်အခြေအနေသစ်လို့ ခေါ်တာပါ။

**၁။ ကမ္ဘာကြီးကို နည်းပညာက အဓိကမောင်းနှင်မယ်။**

စားသုံးသူတွေရဲ့ အပြောင်းအလဲနဲ့ လိုက်လျောညီထွေပြောင်းလဲခြင်း မလုပ်နိုင်တဲ့ လုပ်ငန်းတွေ ဒုက္ခရောက်မယ်။ တချို့ဆို ရပ်ဆိုင်းသွားနိုင်တယ်။ အွန်လိုင်းက စာသင်တာမျိုးတွေ ပိုခေတ်စားလာမယ်။ လူတွေရဲ့ လုပ်အားအစား နည်းပညာတွေ စက်ရုပ်တွေက လုပ်ငန်းအတော်များများမှာ ဝင်ရောက်အစားထိုး နေရာယူကြမယ်။ အလျင်အမြန်ပြောင်းလဲနေတဲ့ ကမ္ဘာကြီးကို အမီလိုက်ဖို့က နည်းပညာတွေကို ပိုပြီးအားကိုးရမယ်။ နည်းပညာက လူ့လုပ်အားကို အစားထိုးရုံသာမက လုပ်သားအရေအတွက်တွေကိုပါ လျှော့ချလာနိုင်တယ်။ အိမ်မှာနေပြီး အလုပ်လုပ်လို့ရတဲ့အတွေ့အကြုံကြောင့် တကယ်တမ်းအလုပ်ခွင်ထဲမှာ လုပ်သားဘယ်လောက်ရှိရင်ဖြစ်တယ်ဆိုတာ ပြန်ပြီးချိန်ဆလာနိုင်တယ်။ လုပ်သားတွေ လျှော့ချလာနိုင်တယ်။

**၂။ အွန်လိုင်းကနေ အင်တာနက်သုံးရောင်းဝယ်မှုတွေ ပိုများလာနိုင်တယ်။**

ကိုဗစ်အကျပ်အတည်းကြောင့် စားသုံးသူတွေရဲ့ ဝယ်ယူတဲ့အလေ့အထတွေ ပြောင်းလဲသွားနိုင်တယ်။ ပုံမှန်အခြေအနေသစ်နဲ့ အသားကျလာနိုင်တယ်။ နည်းပညာကြောင့် ထုတ်လုပ်သူနဲ့ နောက်ဆုံး စားသုံးသူတို့ ကြားခံအနည်းဆုံးနဲ့ ဆက်သွယ်လာနိုင်တယ်။ လယ်ကွက်ကနေ ထမင်းစားစားပွဲအရောက် ချိတ်ဆက်တာမျိုးတွေလုပ်လာနိုင်တယ်။ ကြားခံလူတွေက ခါတိုင်းလို အရေးမပါတော့ဘူး။ အွန်လိုင်းကနေ တောက်လျှောက်တိုက်ရိုက်ရောင်းကြဝယ်ကြတာတွေ ပိုများလာမယ်။ ဖေ့စ်ဘွတ်လို လူမှုကွန်ရက်တွေမှာတင်ပြီး ကြော်ငြာတာတွေ ပိုများလာမယ်။ ကိုယ့်ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုအကြောင်း သတင်းအချက်အလက်အပြည့်အစုံ ပေးတာတွေ ပိုများလာနိုင်တယ်။

ရေတိုကာလမှာ အရောင်းနဲ့ဝယ်အားအသစ်မကိုက်ညီသေးမီ ပျက်စီးလွယ်ပြီး သိမ်းရဆည်းရတာခက်တဲ့ အသား ငါးတို့၊ ဟင်းသီးဟင်းရွက်တို့ကို ဝယ်ယူသိမ်းဆည်းတာ၊ ကြာရှည်ခံအောင်လုပ်တာ၊ ထပ်ပြီး အချောကိုင်ဖို့လုပ်တာတွေ လျော့နိုင်တယ်။ စားသုံးသူတွေဘက်က ပိုပြီးအင်အားကောင်းလာနိုင်တယ်။ ထုတ်လုပ်သူတွေက စားသုံးသူတွေရဲ့ အကြိုက်နဲ့ကိုက်အောင် ပိုကြိုးစား အားထုတ်လာကြလိမ့်မယ်။ အိမ်အရောက်ပို့တာတွေပိုပြီး ခေတ်စားလာနိုင်တယ်။ ထပ်ပြီးပြင်ဆင်စရာ လုပ်စရာမလိုတဲ့ အစားအစာတွေကို လူတွေပိုပြီးသဘောကျလာမယ်။

> **နည်းပညာကြောင့် ထုတ်လုပ်သူနဲ့ နောက်ဆုံး စားသုံးသူတို့ ကြားခံအနည်းဆုံးနဲ့ ဆက်သွယ်လာနိုင်တယ်။ လယ်ကွက်ကနေ ထမင်းစားစားပွဲအရောက် ချိတ်ဆက်တာမျိုးတွေ လုပ်လာနိုင်တယ်။ ကြားခံလူတွေက ခါတိုင်းလို အရေးမပါတော့ဘူး။ အွန်လိုင်းကနေ တောက်လျှောက်တိုက်ရိုက်ရောင်းကြ ဝယ်ကြတာတွေ ပိုများလာမယ်။ ဖေ့စ်ဘွတ်လို လူမှုကွန်ရက်တွေမှာတင်ပြီး ကြော်ငြာတာတွေ ပိုများလာမယ်။ ကိုယ့်ကုန်ပစ္စည်းနဲ့ ဝန်ဆောင်မှုအကြောင်း သတင်းအချက်အလက်အပြည့်အစုံပေးတာတွေ ပိုများလာနိုင်တယ်။**

**၃။ ချွေတာချင့်ချိန်ပြီးမှ ဈေးဝယ်လာကြမယ်။**

စီးပွားရေးအခြေအနေ သိပ်မကောင်းကြတာရယ်၊ ကပ်ဖြစ်နေတဲ့အချိန်မှာ ဘယ်ဟာက တကယ်လိုအပ်တယ် ဘယ်ဟာတွေကတော့အပိုတွေ မရှိရင်လည်း ဖြစ်တဲ့ဟာတွေ ဆိုတာ သဘောပေါက်လာလို့ရယ် သေသေချာချာစဉ်းစားပြီးမှဝယ်ကြခြမ်းကြ လုပ်လာမယ်။ စိတ်ခံစားချက်တွေ၊ စိတ်အလိုလိုက်ဝယ်တာတွေ လျော့လာနိုင်တယ်။ လှလို့ပေးဝယ်တာမျိုးမဟုတ်ဘဲ နေဖို့အတွက် အိမ်ဝယ်တာမျိုး ဖြစ်လာမယ်။ ဇိမ်ခံပစ္စည်းတွေ၊ ဝန်ဆောင်မှုတွေဝယ်တာ လျှော့ပြီး ချွေတာစုဆောင်းမှုတွေ ပိုလုပ်လာကြမယ်။ တန်ဖိုးကြီးလက်ဝတ်ရတနာဝယ်တာ ဈေးကြီးတဲ့ဆိုင်တွေ သွားစားတာမျိုးတွေ လျော့လာမယ်။ ကိုဗစ်အကျပ်အတည်းကြောင့် ခြေချုပ်မိနေကြလို့ပြီးရင် ခရီးသွားလိုက်ဦးမယ်လို့ ကြုံးဝါးနေကြပေမယ့် စီးပွားရေးမကောင်းရင်သွားနိုင်ကြပါ့မလား။ ဒါကြောင့် ခရီးသွားလုပ်ငန်းနဲ့ဆက်နွှယ်နေတဲ့ လုပ်ငန်းတွေအပေါ် အကျိုးသက်ရောက်မှုတွေ ရှိနိုင်တယ်။

ဒါပေမယ့် အသစ်အဆန်းဖြစ်တယ်လို့ထင်ရအောင် လုပ်နိုင်ရင် ပေးရတဲ့ငွေနဲ့တန်တယ်လို့ ထင်ရတဲ့လုပ်ငန်းတွေ အဆင်ပြေနိုင်တယ်။ လုပ်ငန်းရှင်သန်ရပ်တည်နိုင်မယ်။

**၄။ လမ်းညွှန်ချက်တွေနဲ့အတူ အများပြည်သူက ပိုးမွှား ကင်းစင်ရေးကို ပိုပြီးဂရုစိုက်လာကြမယ်။**

အနာဂတ်မှာ နောက်ထပ်ရောဂါဖြစ်ပွားတာမျိုးတွေ မကြုံတွေ့ရလေအောင် ပိုးမွှားတွေဖော်ထုတ်တားဆီးတဲ့ နည်းလမ်းတွေ ပိုမိုအသုံးပြုလာလိမ့်မယ်။ အများပြည်သူနဲ့ သက်ဆိုင်တဲ့နေရာတွေ၊ ခရီးသွားလုပ်ငန်းနဲ့ နိုင်ငံတကာလေကြောင်းတွေမှာ သန့်ရှင်းအောင်၊ ပိုးမွှားကင်းစင်အောင် ပိုပြီးကြိုးစားအားထုတ်လာကြလိမ့်မယ်။ ပိုပြီးတော့လည်း သန့်ရှင်းလာကြလိမ့်မယ်။ အများပြည်သူစုဝေးရာ ဇာတ်ရုံလို နေရာမျိုးတွေမှာ ကျန်းမာရေးကို အထောက်အကူဖြစ်စေတဲ့ နည်းလမ်းအသစ်တွေ ပိုပြီးကျင့်သုံးလာကြမယ်။

**၅။ ဝန်ဆောင်မှုလုပ်ငန်းတွေဟာ ပိုပြီးပုဂ္ဂလိကဆန်လာမယ်။**

မလိုအပ်ဘဲလူများများ တရုန်းရုန်းနဲ့စုဝေးတာမျိုးတွေမဖြစ်ရအောင် လုပ်လာကြမယ်။ အလှပြင်တာတွေ၊ အနှိပ်ခန်းတွေနဲ့ အလှပြင်ခန်းတွေမှာ ကြိုတင်ချိန်းဆိုပြီး အချိန်ခွဲခြား ဝန်ဆောင်မှုပေးတာတွေ ဖြစ်ပေါ်လာနိုင်တယ်။ ခေတ်မီနည်းပညာတွေကို ပိုပြီးအသုံးပြုလာမယ်။

ဒါတွေက သူတို့ရဲ့တွက်ကိန်းတွေပါ။ သူတို့နဲ့ထပ်တူထပ်မျှ မတူညီနိုင်ပေမယ့် ကျွန်တော်တို့ဆီမှာလည်း ပြောင်းလဲမှုတွေ ပေါ်ပေါက်နိုင်ပါတယ်။ ဘယ်လိုပြောင်းလဲနိုင်သလဲ၊ ဘယ်လိုပြောင်းလဲကြမလဲဆိုတာ ကြိုတင်စဉ်းစားချင့်ချိန်ဖို့သင့်ပါတယ်။

လူတွေအနေနဲ့ပြောရရင် တစ်ဖက်မှာက အလုပ်သမား ဝန်ထမ်းဖြစ်နေပြီး တစ်ဖက်ကလည်း စားသုံးသူဖြစ်နေပါတယ်။ ဝန်ထမ်းနဲ့စားသုံးသူဆိုတာကလည်း ဆက်စပ်နေတာပါ။

ဝန်ထမ်းဘဝ အပြောင်းအလဲတွေကနေ စားသုံးသူရဲ့ဘဝကို ပြောင်းလဲစေနိုင်ပါတယ်။ ပြောင်းလဲရာမှာ စားသုံးသူအနေနဲ့ရော အလုပ်လုပ်သူအနေနဲ့ပါ နှစ်ဘဝစလုံးပြောင်းလဲသွားတယ်လို့ ဆိုရပါမယ်။

ကျွန်တော်တို့က တစ်ယောက်ချင်းအနေနဲ့ပဲဖြစ်ဖြစ်၊ လုပ်ငန်းတစ်ခုအနေနဲ့ဖြစ်ဖြစ် ဘယ်လောက် ပြောင်းလဲကြမလဲ၊ ဘာတွေပြင်ဆင်ထားကြရမလဲဆိုတာက ကျွန်တော်တို့ရဲ့ အနာဂတ်ကို ဆုံးဖြတ်ပါလိမ့်မယ်။ ။

## နမ္မတူမြို့နယ် ဘော်တွင်းကျေးရွာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် အထောက်အကူပြုပစ္စည်းများ လှူဒါန်း

**နမ္မတူ မေ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေး အထောက်အကူပြုစေရေးအတွက် နေကြာဆီ၊ လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ ထောက်ပံ့လှူဒါန်းခြင်းကို ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် ဘော်တွင်းကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ထိုသို့ လှူဒါန်းပေးအပ်ရာတွင် နမ္မတူမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထက်အောင်ဖြိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကော်နာစတုန်းကုမ္ပဏီမှ တာဝန်ရှိသူများက ဘော်တွင်းကျေးရွာရှိ အိမ်ထောင်စု ၈၃၀ အတွက် ကော်နာစတုန်းကုမ္ပဏီမှ နေကြာဆီ ငါးဆယ်သားဘူး ၈၃၀ နှင့် နှာခေါင်းစည်းအခု ၂၀၀၀ အားလည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ဆောင်ရွက်ပေးနေသူများအတွက် ဆန် ငါးအိတ်၊ နှာခေါင်းစည်းအခု ၅၀၀ နှင့် လက်သန့်ဆေးရည် ပုံးကြီး တစ်ပုံးအားလည်းကောင်း၊ ဘုန်းတော်ကြီးကျောင်း ငါးကျောင်းနှင့် ခရစ်ယာန်ဘုရားရှိခိုးကျောင်း တစ်ကျောင်းအတွက် လက်သန့်ဆေးရည်နှင့် နှာခေါင်းစည်းများ လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



## ရွှေကူမြို့နယ်၌ ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ကုသရေးလုပ်ငန်းများအတွက် ဆေးရုံသုံးပစ္စည်းများ လှူဒါန်း

**ရွှေကူ မေ ၂၄**

ကချင်ပြည်နယ် ရွှေကူမြို့နယ်အတွင်းရှိ ဆေးရုံများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာ၌ အသုံးပြုနိုင်ရေးအတွက် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်မှ ဒုတိယအကြိမ် ပေးပို့လှူဒါန်းသော ဆေးရုံသုံးပစ္စည်းများကို ယမန်နေ့ မွန်းလွဲပိုင်းတွင် အမှတ်(၅၆) ခြေလျင်တပ်ရင်းမှ ရွှေကူမြို့နယ်ပြည်သူ့ဆေးရုံကြီးသို့ ပေးအပ်လှူဒါန်းခဲ့သည်။

ရွှေကူမြို့နယ်အတွင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ဆေးရုံသုံးပစ္စည်းများ ပေးအပ်လှူဒါန်းရာ၌ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံအား ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းအခု ၆၀၀၊ OT-Cap ၁၅၀၊ Face Sheld ၁၅၀၊ ပိုးသတ်ဆေး တစ်ဘူးတို့ကိုလည်းကောင်း၊ မြို့လှတိုက်နယ်ဆေးရုံ၊ မြို့ကုန်းတိုက်နယ်ဆေးရုံ၊ ဘိုကုန်းတိုက်နယ်ဆေးရုံနှင့် စီသာတိုက်နယ်ဆေးရုံများအား ခွဲစိတ်ခန်းသုံး နှာခေါင်းစည်းအခု ၂၀၀၊ OT-Cap ၃၅၊ Face Sheld ၃၅ ခုစီတို့ကိုလည်းကောင်း ပေးအပ်လှူဒါန်းခဲ့သည်။

ရွှေကူမြို့နယ်အတွင်းရှိ တိုက်နယ်ဆေးရုံလေးခုသို့ ရွှေကူမြို့နယ် ပြည်သူ့ဆေးရုံကြီးမှ အဆိုပါ ဆေးရုံသုံးပစ္စည်းများကို ဆက်လက်ဖြန့်ဝေ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

**COVID- 19 ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# တာလီဘန်အကျဉ်းသားများ လွှတ်ပေးခြင်းကို အရှိန်မြှင့်ဆောင်ရွက်ရန် အာဖဂန်သမ္မတ ကတိပြု


အာဖဂန်သမ္မတ အာရှရပ်ဖ်ဂါနီ

**ကဘူးလ် မေ ၂၄**
အိဒ် အားလပ်ရက်အတွင်း သုံးရက်ကြာ အပစ်အခတ်ရပ်စဲရန် တာလီဘန်အဖွဲ့၏ကမ်းလှမ်းမှုကို ကြိုဆိုသည့်အနေဖြင့် တာလီဘန်အကျဉ်းသားများအား လွှတ်ပေးခြင်းကို အရှိန်မြှင့်လုပ်ဆောင်မည်ဖြစ်ကြောင်း အာဖဂန်သမ္မတ အာရှရပ်ဖ်ဂါနီက ယနေ့ ကတိပြုပြောကြားလိုက်သည်။

တာဝန်သိသည့် အစိုးရအနေဖြင့် ခြေလှမ်းတစ်ရပ်ရှေ့တိုးဆောင်ရွက်မှုအဖြစ် တာလီဘန်အကျဉ်းသားများ လွှတ်ပေးခြင်းကို မြန်မြန်ဆန်ဆန် ဆောင်ရွက်မည်ဖြစ်ကြောင်း အိဒ် အားလပ်ရက်အထိမ်းအမှတ်အဖြစ် နိုင်ငံသို့ ပြောကြားသည့်မိန့်ခွန်းတွင် ဂါနီက ပြောကြားသည်။

တာလီဘန်စစ်သွေးကြွများအား ၎င်းတို့ ဖမ်းဆီးထားသည့် အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင်များ လွှတ်ပေးခြင်းကို ဆက်လက်ဆောင်ရွက်ရန် အာဖဂန်သမ္မတက တိုက်တွန်းပြောကြားသည်။

ဖေဖော်ဝါရီလက လက်မှတ်ထိုးခဲ့သည့် အမေရိကန်-တာလီဘန်စာချုပ်တွင် အာဖဂန်အစိုးရက တာလီဘန်အကျဉ်းသား ၅၀၀၀ အထိ လွှတ်ပေးရန်နှင့် တာလီဘန်စစ်သွေးကြွများကလည်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၁၀၀၀ ခန့်ကို လွှတ်ပေးရန် သတ်မှတ်ခဲ့သည်။

အကျဉ်းသားများ လဲလှယ်ခြင်းသည် ကာလကြာရှည်မျှော်လင့်နေခဲ့ကြသည့် အစိုးရနှင့်တာလီဘန်အဖွဲ့တို့အကြား ဆွေးနွေးပွဲများမတိုင်မီ ယုံကြည်မှုတည်ဆောက်ရေးဆောင်ရွက်မှုအဖြစ် ရှုမြင်ကြသည်။ အာဖဂန်အစိုးရသည် ယခုအချိန်အထိ တာလီဘန်အကျဉ်းသား ၁၀၀၀ ခန့် လွှတ်ပေးခဲ့ပြီး တာလီဘန်တို့ကလည်း အာဖဂန်လုံခြုံရေးတပ်ဖွဲ့ဝင် ၃၀၀ ခန့်ကို လွှတ်ပေးခဲ့ပြီးဖြစ်သည်။

၂၀၀၁ ခုနှစ်တွင် အမေရိကန်နိုင်ငံက အာဖဂန်နစ္စတန်သို့ ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက်ပိုင်း ပစ်ခတ်တိုက်ခိုက်မှု တစ်ကြိမ်သာ ရပ်စဲခဲ့ဖူးသည်။ ၂၀၁၈ ခုနှစ်က အိဒ် အားလပ်ရက် ပြီးဆုံးခြင်းအထိမ်းအမှတ်အဖြစ် အာဖဂန်အစိုးရနှင့် တာလီဘန်တို့ သုံးရက်ကြာ အပစ်အခတ် ရပ်စဲခဲ့ခြင်းဖြစ်သည်။

**ကိုးကား-အေအက်ဖ်ပီ**
**ဘာသာပြန်-အောင်ဇော်လင်း**

# ဘင်္ဂလားဒေ့ရှ်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၃၂ ဦး စမ်းသပ်တွေ့ရှိပြီး ၂၈ ဦး ထပ်မံသေဆုံး

**ဒါကာ မေ ၂၄**
ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၈ ဦး ထပ်မံသေဆုံးခဲ့ရာ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန် မတ် ၈ ရက်ကတည်းက တစ်ရက်တာအတွင်း သေဆုံးမှု အများဆုံးဖြစ်လာကြောင်း ဘင်္ဂလားဒေ့ရှ်အစိုးရက ပြောကြားသည်။

မေ ၂၂ ရက်က တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၄ ဦးသာ သေဆုံးခဲ့သော်လည်း မေ ၂၄ ရက်တွင်၂၈ ဦးအထိ တိုးလာခဲ့ပြီး နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ စတင်တွေ့ရှိချိန်ကတည်းက သေဆုံးမှုအများဆုံး ဖြစ်လာခဲ့သည်။

အဆိုပါရောဂါကြောင့် နိုင်ငံအတွင်း သေဆုံးသူပေါင်း ၄၈၀ ရှိလာကြောင်း ဘင်္ဂလားဒေ့ရှ်ကျန်းမာရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိ ပါမောက္ခ နာဆီမာ ဆူလ်တနာက အွန်လိုင်းမှ ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ယနေ့ပြောကြားသည်။

ထို့အတူ ဘင်္ဂလားဒေ့ရှ်နိုင်ငံ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၅၃၂ ဦး ထပ်မံစမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါ ကူးစက်ခံရသူပေါင်း ၃၃၆၁၀ ရှိလာကြောင်း ဆူလ်တနာက ထပ်မံပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရန် ရောဂါစမ်းသပ်စစ်ဆေးမှုကို အရှိန်မြှင့်လုပ်ဆောင်လျက်ရှိရာ နိုင်ငံတစ်ဝန်းတွင်၂၄ နာရီအတွင်း ပြည်သူ ၈၉၀၈ ဦးတို့၏ သွေးနမူနာကို ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့အတူ ရောဂါကူးစက်ခံရသူ ၄၁၅ ဦးသည် တစ်ရက်တာအတွင်း ရောဂါကင်းစင်လာပြီး ဆေးရုံများမှ ဆင်းခွင့်ရခဲ့ရာ နိုင်ငံအတွင်း ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၉၀၁ ဦးရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**



# အမေရိကန်ဦးဆောင်သော နိုင်ငံစုံ ရေတပ်လေ့ကျင့်မှုတွင် တောင်ကိုရီးယား ပါဝင်မည်

**ဆိုးလ် မေ ၂၄**
ဩဂုတ်လအတွင်း ဟာဝိုင်အီကျွန်းအနီး ကျင်းပရန်စီစဉ်ထားသော အမေရိကန်နိုင်ငံဦးဆောင်သည့် နိုင်ငံစုံ ရေတပ်လေ့ကျင့်မှုသို့ တောင်ကိုရီးယားရေတပ်က ဖျက်သင်္ဘောနှစ်စင်း စေလွှတ်ရန် စီစဉ်နေသည်။ ကိုရိုနာဗိုင်းရပ်စ် ဖြစ်ပွားမှုကြောင့် တစ်နှစ်လျှင်နှစ်ကြိမ်ပြုလုပ်သည့် စစ်ရေးလေ့ကျင့်မှုကို အရွယ်အစားလျှော့မည်ဟု ယူဆရကြောင်း စစ်ဘက်ဆိုင်ရာ သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။ ဩဂုတ် ၁၇ ရက်မှ ၃၁ ရက်အထိ ကျင်းပရန်စီစဉ်ထားသော The Rim of the Pacific (RIMPAC) စစ်ရေးလေ့ကျင့်မှုသို့ တောင်ကိုရီးယားရေတပ်က တန်ချိန် ၇၆၀၀ ရှိ အေးဂျစ်ဒုံးကျည်တပ် ဖျက်သင်္ဘောနှင့် တန်ချိန် ၄၄၀၀ ရှိ ဖျက်သင်္ဘောတစ်စင်း စေလွှတ်မည်ဟု အဆိုပါသတင်းရင်းမြစ်က ဆိုသည်။

၂၀၁၈ ခုနှစ်တွင် တောင်ကိုရီးယားနိုင်ငံက စစ်ရေးလေ့ကျင့်မှုများ ပြုလုပ်ရာသို့ ဖျက်သင်္ဘောများနှင့်အတူ ရေငုပ်သင်္ဘော တစ်စင်း၊ ကင်းလှည့်လေယာဉ် တစ်စင်းနှင့် တပ်ဖွဲ့ဝင် ၇၀၀ ခန့် စေလွှတ်ခဲ့သည်။ စစ်ရေးလေ့ကျင့်မှုတွင် ပါဝင်မည့် တပ်ဖွဲ့ဝင်အရေ အတွက်ကိုလည်း လျှော့ချမည်ဟု မျှော်မှန်းရသည်။ စစ်ရေးလေ့ကျင့်မှုမှာ ပင်လယ်ရေကြောင်းလုံခြုံရေးအတွက် စုပေါင်းစစ်ဆင်ရေးစွမ်းပကားများမြှင့်တင်ရန် ပုံစံချထားသည်။ တောင်ကိုရီးယားနိုင်ငံက စစ်ရေးလေ့ကျင့်မှုတွင် အမြဲဆိုသလိုပါဝင်ခဲ့ပြီး အေးဂျစ်ဒုံးကျည်တပ်ဆင်ထားသော စီဂျောင်ဖျက်သင်္ဘောအပါအဝင် စစ်သင်္ဘောများ စေလွှတ်ခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါနှင့်ပတ်သက်သော စိုးရိမ်မှုများကြောင့် ယခုနှစ် စစ်ရေးလေ့ကျင့်မှုတွင် မြေပြင်နှင့်ကမ်းခြေအခြေပြုလေ့ကျင့်မှုများ လျှော့ချ၍ လူမှုရေးအခမ်းအနားများ ချန်လှပ်မည်ဟု အမေရိကန်ရေတပ်က အစောပိုင်းတွင် ပြောကြားခဲ့သည်။

**ကိုးကား - ယွန်ဟပ်၊ ဘာသာပြန် - ကျော်ထိုက်စိုး**

# ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အသက် ၁၀၇ နှစ်အရွယ် အီရန်အဘွားအို ပြန်လည်ကျန်းမာ

**တီဟီရန် မေ ၂၄**
အသက် ၁၀၇ နှစ်အရွယ်ရှိ အီရန်အဘွားအိုတစ်ဦးသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီးနောက် ပြန်လည်ကျန်းမာလာကြောင်း အီရန်အခြေစိုက် ဖားရ်စ်သတင်းအေဂျင်စီက ယနေ့ ဖော်ပြထားသည်။

ဆာလ်တနတ်အာကဘာရီ ဆိုသူ အီရန်အဘွားအိုသည် အီရန်နိုင်ငံ မာကာဇီပြည်နယ် အာရတ်မြို့ရှိ ခန်ဆာရီဆေးရုံတွင် သီးသန့်ခွဲ၍ ဆေးဝါးကုသမှု ခံယူခဲ့ပြီးနောက် ပြန်လည် ကျန်းမာလာသောကြောင့် ဆေးရုံမှ ဆင်းသွားပြီဖြစ်ကြောင်း သတင်းအေဂျင်စီက ဖော်ပြထားသည်။


အဘွားအိုသည် ဆရာဝန်များနှင့် သူနာပြုများ၏ အကူအညီဖြင့် ကိုဗစ်-၁၉ ရောဂါကို အနိုင်ယူသွားပြီဖြစ်ကြောင်း သတင်းအေဂျင်စီက ထပ်မံဖော်ပြထားသည်။

လက်ရှိအချိန်အထိ အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၃၃၅၂၁ ဦးရှိပြီး ရောဂါကြောင့် ၇၃၅၉ ဦးသေဆုံးကာ အရှေ့အလယ်ပိုင်းဒေသတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု အမြင့်ဆုံးနိုင်ငံဖြစ်သည်။

အီရန်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ နှိမ်နင်းရေးအတွက် ရှေ့တန်းမျက်နှာစာ၌ တိုက်ပွဲဝင်နေကြသော ဆရာဝန်နှင့် သူနာပြု ၁၀၀၀၀ ခန့်သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရကြောင်း အီရန်အစိုးရက ပြီးခဲ့သည့်သီတင်းပတ်တွင် ပြောကြား သည်။

သို့သော် နိုင်ငံအတွင်း အသွားအလာကန့်သတ်မှုအစီအမံများနှင့် စစ်ဘက်နှင့် အရပ်ဘက်ဆေးဝန်ထမ်းများ၏ ကြိုးပမ်းလုပ်ဆောင်မှုများကြောင့် ယခုအခါ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု လျော့ကျလာကြောင်း သိရသည်။

**ကိုးကား - အက်ဖ်အင်န်အေ**
**ဘာသာပြန် - ဂျေတီ**




# ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ ခြေရာခံစနစ်အပလီကေးရှင်းကို ဩစတြေးလျနိုင်ငံသား ခြောက်သန်း အသုံးပြု

**ကင်ဘာရာ မေ ၂၄**
ဩစတြေးလျအစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာခြေရာခံစနစ် အပလီကေးရှင်းကို နိုင်ငံသား ခြောက်သန်းခန့် အသုံးပြုခဲ့ကြောင်း ကျန်းမာရေးဝန်ကြီး ဂရက်ဟန့်နှင့် အစိုးရ၏ လုပ်ငန်းများဆိုင်ရာဝန်ကြီး စတေ့စ်ရောဘတ်တို့က ပြောကြားခဲ့သည်။

ဩစကြေးလျနိုင်ငံသည် ကမ္ဘာပေါ်တွင် ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်ရေး၊ စမ်းသပ်ရေးနှင့် တိုက်ဖျက်ရေးတို့၌ ဦးဆောင်နေပြီး နိုင်ငံသားများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးကို ပံ့ပိုးသည့်အနေဖြင့် အဆိုပါအပလီကေးရှင်းကို အသုံးပြုကြရန် တိုက်တွန်းကြောင်း ဟန့်က ပြောကြားသည်။

နိုင်ငံအတွင်းရှိ ကျန်းမာရေးတာဝန်ရှိသူများအနေဖြင့် အဆိုပါအပလီကေးရှင်းအား အသုံးပြုခြင်းအားဖြင့် ၎င်းတို့၏ အနီးအနား ၁ ဒသမ ၅ မီတာ အကွာအဝေးတွင်ရှိသော လူများတွင် ကိုရိုနာဗိုင်းရပ်စ် ရှိ၊ မရှိကို ၁၅ မိနစ်အတွင်း သိရှိနိုင်မည်ဖြစ်သည်။ ဝန်ကြီးချုပ်စကော့မော်ရီဆင်က ဩစတြေးလျနိုင်ငံလူဦးရေ၏ ၄၀ ရာခိုင်နှုန်းရှိသော မိုဘိုင်းဖုန်းအသုံးပြုသူ ၁၆ သန်းအနေဖြင့် ယင်းအပလီကေးရှင်းကို အသုံးပြုသင့်ကြောင်းပြောကြားသည်။ ဩစတြေးလျနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားသူဦးရေ ၇၁၀၉ ဦးရှိပြီး ၁၀၂ ဦးသေဆုံးကာ ၆၅၀၆ ဦး ရောဂါကင်းစင်လာခဲ့ကြောင်း ကျန်းမာရေးဌာနမှ ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ**

# သုံးရက်ကြာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန် အာဖဂန်သမ္မတနှင့် တာလီဘန်အဖွဲ့ သဘောတူ

**ကဘူးလ်   မေ   ၂၄**

ယနေ့မှစ၍ အာဖဂန်နစ္စတန်နိုင်ငံ၌ အိဒ်နေ့အထိမ်းအမှတ် သုံးရက်ကြာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန် တာလီဘန်အဖွဲ့က မေ ၂၃ ရက်တွင် တွစ်တာမှတစ်ဆင့် ကြေညာခဲ့ပြီး အစိုးရကလည်း ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲမည်ဟု သမ္မတ အက်ရှ်ရက်ဖ်ဂါနီက ပြောကြားခဲ့သည်။

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါဖြစ်ပွားနေလင့်ကစား အာဖဂန်အစိုးရတပ်ဖွဲ့နှင့် တာလီဘန်အဖွဲ့ကြား တိုက်ခိုက်မှု အရှိန်မြင့်တက်လာစဉ် ထိုသို့ ကြေညာခဲ့ခြင်းဖြစ်သည်။ "ရန်သူကို ထိုးစစ်ဆင်နွှဲမှု မပြုလုပ်ပါနဲ့။ ရန်သူက တိုက်ခိုက်လာမယ်ဆိုရင် ကိုယ့်ကိုယ်ကိုယ် ခုခံကာကွယ်ပါ" ဟု တာလီဘန်အဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဇာဘီဟူလာမူ ဂျာဟက်က တွစ်တာ၌ ရေးသားခဲ့သည်။ ရာမာဒန်လကုန်ဆုံးသည့် အထိမ်းအမှတ်ဖြစ်သော အိဒ်နေ့ကျင်းပရန်သာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန် ကြေညာခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ပြောသည်။

အာဖဂန်နစ္စတန်သမ္မတ အက်ရှ်ရက်ဖ်ဂါနီက တာလီဘန်အဖွဲ့၏ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး ကြေညာချက်ကို ကြိုဆိုခဲ့ပြီး ငြိမ်းချမ်းရေးကမ်းလှမ်းချက် လက်ကမ်းလိုက်သည်။ ပြီးခဲ့သည့်လက ရာမာဒန်လအတွင်း အာဖဂန်နစ္စတန်နိုင်ငံတစ်ဝန်း ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရန် အစိုးရ၏ မေတ္တာရပ်ခံချက်ကို တာလီဘန်အဖွဲ့က ပယ်ချခဲ့ပြီး အာဖဂန်တပ်ဖွဲ့များအပေါ် တိုက်ခိုက်မှုများ တိုးမြှင့်လုပ်ဆောင်နေခြင်းကြောင့် ယာယီပစ်ခတ်တိုက်ခိုက်မှုရပ်စဲခြင်းက ယုတ္တိမတန်ကြောင်း ပြောကြားခဲ့သည်။

ရာမာဒန်ကာလအတွင်း တာလီဘန်အဖွဲ့၏ တိုက်ခိုက်မှုများကြောင့် အရပ်သား ၁၄၆ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၄၃၀ ဒဏ်ရာရရှိခဲ့ကြောင်း ကဘူးလ်မြို့ရှိ အာဖဂန်နစ္စတန်ထောက်လှမ်းရေးနှင့် လုံခြုံရေးရုံး ပြောရေးဆိုခွင့်ရှိသူ ဂျာဗက်ဖိုင်ဆယ်ကို မေ ၂၃ ရက်တွင် ပြောကြားခဲ့သည်။

ကိုးကား-အေအက်ဖ်ပီ
ဘာသာပြန်-ကျော်ထိုက်စိုး



အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု

# ဆူဒန်၊ ချဒ်ခေါင်းဆောင်တို့နှင့် ဆက်ဆံရေးပြန်စရန် နေတန်ယာဟု ဆက်သွယ်ဆွေးနွေး

**ဂျေရုဆလင်   မေ   ၂၄**

အစ္စရေးနိုင်ငံနှင့် မကြာသေးမီအချိန်အထိ အပြန်အလှန်ဆက်ဆံရေးမရှိသေးသော ဆူဒန်နှင့် ချဒ်နိုင်ငံတို့၏ ခေါင်းဆောင်များနှင့် ဆက်သွယ်ဆွေးနွေးခဲ့ကြောင်း အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟုက ယနေ့ ပြောကြားသည်။

ဝန်ကြီးချုပ် နေတန်ယာဟုနှင့် အတိုက်အခံပါတီခေါင်းဆောင် ဘင်နီဂန့်ဇ်တို့အကြား အာဏာခွဲဝေသော အစိုးရသစ်၏ ပထမအကြိမ်မြောက် အပတ်စဉ် ကက်ဘိနက်အစည်းအဝေးတစ်ရပ်တွင် နေတန်ယာဟုက ယခုကဲ့သို့ ပြောဆိုခဲ့ခြင်းဖြစ်သည်။

အစ္စရေးအစိုးရသစ်၏ ကက်ဘိနက်အဖွဲ့သည် အဂတိလိုက်စားမှုစွဲချက်နှင့်ပတ်သက်၍ ဂျေရုဆလင်ခရိုင်တရားရုံး၌ နေတန်ယာဟု၏ ရာဇဝတ်မှုဆိုင်ရာပြစ်မှုအား ပထမအကြိမ်ကြားနာမှုမတိုင်မီ အဆိုပါအစည်းအဝေးကို နာရီအနည်းငယ်ကြာ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သည့်နှစ်ရက်က ဆူဒန်နှင့် ချဒ်ခေါင်းဆောင်တို့နှင့် ဆက်သွယ်ဆွေးနွေးခဲ့ပြီး အိဒ်အယ်လ် ဖစ်တာ(Eid al-Fitr)နေ့သည် နှစ်နိုင်ငံခေါင်းဆောင်တို့အတွက် ပျော်ရွှင်သောပွဲတော်ဖြစ်ပါစေကြောင်း ဆုမွန်ကောင်းတောင်းပေးသည်ဟု နေတန်ယာဟုက အစိုးရအဖွဲ့အား ပြောကြားသည်။

နှစ်ဖက်အကြား ဆက်ဆံရေးကို ပိုမိုခိုင်မာလာစေလိုကြောင်းနှင့် နောက်ထပ်မွတ်စလင်နိုင်ငံများနှင့် အစ္စရေးနိုင်ငံအကြား သံတမန်ရေးရာ ဆက်ဆံရေးအသစ်သည် မကြာမီဖြစ်မြောက်လာမည်ဖြစ်ကြောင်း နေတန်ယာဟုက ထပ်မံပြောကြားသည်။

နေတန်ယာဟုနှင့် ဆူဒန်ခေါင်းဆောင် အဗ္ဗယ်လ်ဖါတအယ်လ်ဘူရ်ဟန်တို့သည် ပြီးခဲ့သည့် ဖေဖော်ဝါရီလက ယူဂန်ဒါနိုင်ငံ၌ တွေ့ဆုံခဲ့ပြီး နှစ်ဖက်အကြား ဆက်ဆံရေးကို ပုံမှန်ဖြစ်စေရန် သဘောတူခဲ့ကြကြောင်း သိရသည်။

ထို့အတူ နေတန်ယာဟုသည် ၂၀၁၉ ခုနှစ်က ချဒ်နိုင်ငံသို့ သွားရောက်လည်ပတ်ခဲ့ပြီး နှစ်နိုင်ငံသံတမန်ဆက်ဆံရေးကို ၁၉၇၂ ခုနှစ်ကတည်းက ပထမအကြိမ် ပြန်လည်စတင်ရန် ချဒ်သမ္မတ အိုင်ဒရစ်ဒါဘီနှင့်အတူ ကြေညာခဲ့ကြောင်း သိရသည်။

မွတ်စလင်နိုင်ငံများနှင့် အစ္စရေးနိုင်ငံအကြား ဆက်ဆံရေးအသစ် ဖွဲ့စည်းရေးသည် နေတန်ယာဟု၏ အဓိကနိုင်ငံခြားရေးမူဝါဒအစိတ်အပိုင်းတစ်ခုဖြစ်ကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ



# ဂျပန်က နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာအရေးပေါ်အခြေအနေ ရုပ်သိမ်းရန်စီစဉ်

**တိုကျို   မေ   ၂၄**

ဂျပန်အစိုးရအနေဖြင့် ကျန်ရှိနေသော မြို့ငါးမြို့တွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာအရေးပေါ်အခြေအနေ ရုပ်သိမ်းရန်စီစဉ်နေကြောင်း ပြောကြားသည်။

အဆိုပါကိစ္စအား အစိုးရအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာအကြံပေးအဖွဲ့နှင့် မေ ၂၅ ရက်တွင် ဆွေးနွေးမည်ဖြစ်သည်။

ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာအရေးပေါ်အခြေအနေ ရုပ်သိမ်းရန် စီစဉ်နေသော မြို့ငါးမြို့မှာ တိုကျို၊ တိုကျိုအနီးရှိ မြို့သုံးမြို့နှင့် ဟော့ကိုင်းဒိုးမြို့တို့ဖြစ်ကြောင်း သိရသည်။ ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးသည် ကက်ဘိနက်အကြီးအကဲ ယိုရှီဒိုရှူဂါ၊ ကျန်းမာရေးဝန်ကြီး ကက်တိုကက်ဆုနိုဘူ၊ စီးပွားရေးလုပ်ငန်းများ ပြန်လည်ရှင်သန်ရေးဝန်ကြီး နီရှီမူရာယာဆုတိုရှီတို့နှင့်တွေ့ဆုံပြီး အဆိုပါမြို့များရှိ ရောဂါဖြစ်ပွားမှုပုံစံများနှင့် ဆေးဝါးအထောက်အကူပြုနိုင်မှု အခြေအနေတို့ကို ဆွေးနွေးခဲ့သည်။ အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အကြံပေးအဖွဲ့မှ အကြံပေးချက်များကို သုံးသပ်ပြီးနောက် ဒိုင်ယက်လွှတ်တော်တွင် ဦးဆောင်ကော်မတီများ၏ အစည်းအဝေး ကျင်းပမည်ဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာအစီအမံအား အစိုးရ၏ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာလုပ်ငန်းအဖွဲ့မှ အပြီးသတ်ဆုံးဖြတ်မည်ဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ

# ပါပူအာနယူးဂီနီ ဝန်ကြီးချုပ်ဟောင်း အကျင့်ပျက်ခြစားမှုစွဲချက်ဖြင့် ဖမ်းဆီးခံရ




ပါပူအာနယူးဂီနီ ဝန်ကြီးချုပ်ဟောင်း ပီတာအိုနေးလ်

**ပို့မော်စ်ဘီ   မေ   ၂၄**

အစ္စရေးနိုင်ငံမှ ဓာတ်အားပေးစက်နှစ်လုံး ဝယ်ယူမှုပါဝင်သော အလွဲသုံးစားမှု၊ အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ စစ်ဆေးမေးမြန်းရန် ပါပူအာနယူးဂီနီ ဝန်ကြီးချုပ်ဟောင်းကို ဖမ်းဆီးခဲ့ကြောင်း သိရသည်။

**နှစ်ပေါင်းများစွာကြာ ဦးဆောင်**

ဩစတြေးလျနိုင်ငံ ဘရစ္စဘိန်းမြို့မှ ပြန်လာသော ပါပူအာနယူးဂီနီ ဝန်ကြီးချုပ်ဟောင်း ပီတာအိုနေးလ်ကို ယမန်နေ့က ပို့မော်စ်ဘီမြို့ရှိ ဂျက်ဆင်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရဲတပ်ဖွဲ့က ဖမ်းဆီးခဲ့သည်။ ပီတာကို နောက်ပိုင်းတွင် အာမခံဖြင့် ပြန်လွှတ်ပေးခဲ့ပြီး ၎င်းအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်ကန့်သတ်ချက်များကြောင့် နေအိမ်၌ နှစ်ပတ်ကြာ သီးသန့်ခွဲနေရမည်ဖြစ်သည်။ အစိုးရအဖွဲ့ဝင် အများအပြား နုတ်ထွက်မှုကြောင့် ၂၀၁၉ ခုနှစ်တွင် ရာထူးမှ မနုတ်ထွက်မီ ပီတာက ပါပူအာနယူးဂီနီနိုင်ငံကို နှစ်ပေါင်းများစွာကြာ ဦးဆောင်ခဲ့သည်။

စုံစမ်းစစ်ဆေးမှုတွင် ပီတာ ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်နေချိန် အစ္စရေးနိုင်ငံမှ ဒေါ်လာ ၁၄ ဒသမ ၂ သန်းဖြင့် ဓာတ်အားပေးစက်နှစ်လုံး ဝယ်ယူမှုပါဝင်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ လွှတ်တော်၏ အတည်ပြုချက် မရယူခဲ့သလို တင်ဒါလုပ်ငန်းစဉ်အတိုင်း မဆောင်ရွက်ဘဲ ဓာတ်အားပေးစက်များဝယ်ယူရန် ပီတာက ညွှန်ကြားခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးက ပြောကြားခဲ့သည်။ အလွဲသုံးစားမှု၊ အာဏာအသုံးပြုမှုနှင့် အကျင့်ပျက်ခြစားမှုပြစ်မှုများကျူးလွန်ခဲ့သည့် ယုတ္တိတန်သော အထောက်အထားများရှိကြောင်း ၎င်းက ဆိုသည်။ ရဲတပ်ဖွဲ့က ပီတာကို အခြားပြဿနာတစ်ခုနှင့်ပတ်သက်၍ ပြီးခဲ့သည့်နှစ် အောက်တိုဘာလအတွင်း ဖမ်းဆီးရန် ကြိုးပမ်းခဲ့သော်လည်း ၎င်းက တရားရုံး၌ ဖြေရှင်းနိုင်ခြင်းကြောင့် စွဲချက်ကို ပြန်ရုပ်သိမ်းခဲ့သည်။

၂၀၁၉ ခုနှစ်တွင် ပီတာက ရာထူးမှနုတ်ထွက်ခဲ့ပြီး သူ၏နေရာတွင် အစိုးရအဖွဲ့ကို သန့်ရှင်းအောင်ပြုလုပ်မည်ဟု ကတိပြုခဲ့သည့် ဘဏ္ဍာရေးဝန်ကြီးဟောင်း ဂျိမ်းစ်မာရာပီကို အစားထိုးခဲ့သည်။

ကိုးကား-သည်တိုင်းမ် အော့ဖ်အစ္စရေး
ဘာသာပြန်-ကျော်ထိုက်စိုး

# ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုရဲ့ ဗဟိုချက်အသစ်တစ်ခုဖြစ်လာတဲ့ လက်တင်အမေရိက

အလင်းသစ်



ကမ္ဘာတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုဟာ ၅၄၀၀၀၀၀ ကျော်ရှိလာခဲ့ပြီး သေဆုံးသူအရေအတွက်ကလည်း ၃၄၀၀၀၀ ကျော်ရှိသွားပြီဖြစ်ပါတယ်။ အဲဒီလို ကူးစက်ခံရသူ ငါးသန်းကျော်ရှိလာချိန်မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု ဒဏ်ဆိုးရွားစွာခံခဲ့ရတဲ့ ဥရောပနိုင်ငံတချို့မှာ ကူးစက်မှုနဲ့ သေဆုံးမှုတွေ လျော့ကျလာခဲ့ပေမယ့် လက်တင်အမေရိက နိုင်ငံတွေမှာတော့ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုနှုန်းဟာ သိသိသာသာမြင့်တက်လျက်ရှိသလို လက်တင်အမေရိကရဲ့ ဒေသဆိုင်ရာ ကျန်းမာရေးအာဏာပိုင်တွေကို လည်း စိုးရိမ်ပူပန်မှုတွေ မြင့်တက်စေခဲ့ပါတယ်။

**ဗဟိုချက်အသစ်တစ်ခုဖြစ်လာ**

လက်တင်အမေရိကနိုင်ငံတွေထဲမှာ ဘရာဇီးနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားသူ ၃၄၀၀၀၀ ကျော်ရှိခဲ့ပြီး ကမ္ဘာ့ဒုတိယအများဆုံး ကူးစက်ပျံ့နှံ့မှုခံခဲ့ရတဲ့ နိုင်ငံလည်း ဖြစ်လာခဲ့ပါတယ်။ မက္ကဆီကိုနိုင်ငံ၊ ချီလီနိုင်ငံနဲ့ ပီရူးနိုင်ငံအပါအဝင် လက်တင်အမေရိကဒေသတွင်းရှိ အခြားသောနိုင်ငံတွေမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုကို ထိန်းချုပ်နိုင်ဖို့ ရုန်းကန်နေရတာဖြစ်ပါတယ်။ ဒါကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က လက်တင်အမေရိကဟာ ကိုရိုနာဗိုင်းရပ်စ်ကပ်ရောဂါဖြစ်ပွားတဲ့ ဗဟိုချက်အသစ်တစ်ခုဖြစ်လာခဲ့တယ်လို့ မေ ၂၂ ရက်မှာ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

**သေဆုံးသူ ၃၀၀၀၀ ကျော်ရှိခဲ့**

လက်တင်အမေရိကမှာ ဇန်နဝါရီလအစောပိုင်းက ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုရှိခဲ့တယ်လို့ သုတေသနပညာရှင်တွေက ထောက်ပြမှုတွေရှိခဲ့ပေမယ့် လက်တင်အမေရိကရဲ့ ကိုရိုနာဗိုင်းရပ်စ်ပထမဆုံး ကူးစက်ဖြစ်ပွားမှုဟာ ဘရာဇီးနိုင်ငံမှာ ဖေဖော်ဝါရီ ၂၆ ရက်က ဖြစ်ပွားခဲ့တယ်လို့ အတည်ပြုခဲ့ပါတယ်။ အဲဒီအချိန်ကစလို့ ကိုရိုနာဗိုင်းရပ်စ်ဟာ လက်တင်အမေရိကဒေသတွင်း နိုင်ငံတိုင်းကို ပျံ့နှံ့လာခဲ့တာဖြစ်ပါတယ်။ လက်တင်အမေရိကမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှု ၆၀၀၀၀၀ ကျော်နဲ့ သေဆုံးသူ ၃၀၀၀၀ ကျော်ရှိခဲ့တယ်လို့လည်း ဥရောပရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက ပြောကြားခဲ့ပါတယ်။

လက်ရှိမှာ လက်တင်အမေရိကရဲ့ လူဦးရေအများဆုံး နိုင်ငံနှစ်နိုင်ငံဖြစ်တဲ့ မက္ကဆီကိုနိုင်ငံနဲ့ ဘရာဇီးနိုင်ငံတို့ဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးရသူ ၇၀၀၀ ကျော်နဲ့ ၂၂၀၀၀ ကျော်အသီးသီးရှိပြီး ကူးစက်မှုနဲ့သေဆုံးမှုက အမြင့်ဆုံးအရေအတွက်ကို ရောက်ရှိလာပါတယ်။

ပီရူးနိုင်ငံဟာ ကူးစက်ခံရသူ ၁၁၀၀၀၀ ကျော်နဲ့ အတူ ကမ္ဘာမှာ ကူးစက်ခံရသူအရေအတွက် ၁၂ နိုင်ငံမြောက် အမြင့်ဆုံးနိုင်ငံဖြစ်လာခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် စတင်ဖြစ်ပွားရာနိုင်ငံဖြစ်တဲ့ တရုတ်နိုင်ငံထက်တောင် ကျော်လွန်သွားပြီဖြစ်ပါတယ်။

ချီလီနိုင်ငံကလည်း ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှု ၆၅၀၀၀ ကျော်ရှိခဲ့ကာ သေဆုံးသူအရေအတွက်ကလည်း ၆၇၀ ကျော်ရှိသွားပြီဖြစ်ပါတယ်။ အီကွေဒေါနိုင်ငံမှာ လူဦးရေ တစ်သိန်းမှာ ၁၇ ဦးခန့် သေဆုံးနေရတယ်လို့ သတင်းထုတ်ပြန်ထားပြီး နေ့စဉ်ကူးစက်မှုအရေအတွက်ကတော့ ကျဆင်းလျက်ရှိတယ်လို့ အီကွေဒေါနိုင်ငံက ဆိုပါတယ်။

အမေရိကန်နိုင်ငံ၊ ဥရောပနိုင်ငံအများစုတို့နဲ့ မတူညီတဲ့အချက်ကတော့ လက်တင်အမေရိကနိုင်ငံအများအပြားဟာ သူတို့ရဲ့နေ့စဉ် ကူးစက်သူအရေအတွက်နဲ့ သေဆုံးသူအရေအတွက်ဟာ တိုးလာလျက်ရှိနေတာပဲ ဖြစ်ပါတယ်။

**သီတင်းပတ်ပေါင်းများစွာ ကြာမြင့်ဦးမယ်**

ဘရာဇီးနိုင်ငံ၊ မက္ကဆီကိုနိုင်ငံနဲ့ ပီရူးနိုင်ငံတို့မှာ သေဆုံးသူအရေအတွက်ဟာ သီတင်းနှစ်ပတ်ရှိတိုင်း နှစ်ဆခန့် မြင့်တက်လာခဲ့တာကြောင့် လက်တင်အမေရိကနိုင်ငံအချို့မှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုနဲ့ သေဆုံးမှုအရေအတွက်ဟာ အထွတ်အထိပ်သို့ရောက်ရှိနေပြီး သီတင်းပတ်ပေါင်းများစွာ ကြာမြင့်ဦးမယ်လို့ ကျွမ်းကျင်သူတွေက ပြောကြားထားပါတယ်။

ပီရူးနိုင်ငံရဲ့ မြို့တော်လီမာရှိ အထူးကြပ်မတ်ကုသခုတင်တွေရဲ့ ၈၀ ရာခိုင်နှုန်းခန့်ဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူတွေနဲ့ နေရာယူထားပြီး ချီလီနိုင်ငံရဲ့ မြို့တော် ဆန်တီယေဂိုမှာရှိတဲ့ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူတွေဟာ အထူးကြပ်မတ်ကုသခုတင်တွေရဲ့ ၉၀ ရာခိုင်နှုန်းလောက်ကို နေရာယူထားတာ ဖြစ်ပါတယ်။

နေ့စဉ်ကူးစက်ခံရသူအရေအတွက်ဟာ ဆက်လက်မြင့်တက်နေဆဲဖြစ်တဲ့အတွက် ကျန်းမာရေးအဖွဲ့အစည်းတွေကို ဒုက္ခပေးလာနိုင်မှုအပေါ် စိုးရိမ်မှုတွေရှိနေတဲ့အပြင် ကျွန်ုပ်တို့ဟာ ဆိုးရွားတဲ့အခြေအနေကို ရောက်ရှိနေပြီဖြစ်ကြောင်းနဲ့ ဒီကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုဟာ စစ်ပွဲတစ်ခုအသွင်ဖြစ်လာတယ်လို့ ပီရူးအစိုးရရဲ့ ကိုရိုနာဗိုင်းရပ်စ်တုံ့ပြန်ရေးကို ဦးဆောင်လျက်ရှိတဲ့ ပီလာမာဇက်တီက ပြောကြားခဲ့ပါတယ်။

**မလုပ်မနေရပြဋ္ဌာန်း**

အာဂျင်တီးနားနိုင်ငံကဲ့သို့ အခြားသောနိုင်ငံတွေဟာ ခရီးသွားလာခွင့်ပိတ်ပင်မှုတွေကို မလုပ်မနေရပြဋ္ဌာန်းခဲ့ပြီး လက်တင်အမေရိကရှိ နိုင်ငံတွေအကြားမှာ ဥရုဂွေးနိုင်ငံဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုကို စီမံခန့်ခွဲနိုင်စွမ်းရှိတယ်လို့ ဟားဗက်တက္ကသိုလ်မှ ကမ္ဘာ့ကျန်းမာရေးပါမောက္ခ မာစီယာကတ်စထရိုက ပြောကြားခဲ့ပါတယ်။

ပီရူးနိုင်ငံကတော့ လက်တင်အမေရိကနိုင်ငံတွေထဲမှာ နိုင်ငံတစ်ဝန်း ခရီးသွားလာခွင့်ပိတ်ပင်မှုတွေကို ပထမဆုံးနဲ့ အတင်းကျပ်ဆုံးဆောင်ရွက်နိုင်ခဲ့တဲ့ နိုင်ငံတစ်နိုင်ငံဖြစ်ပေမယ့် ကူးစက်မှုနဲ့ သေဆုံးမှုတွေကတော့ ဆက်လက်မြင့်တက်နေဆဲပဲဖြစ်ပါတယ်။

ချီလီနိုင်ငံမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှု လျင်မြန်စွာမြင့်တက်လာတဲ့အတွက် မြို့တော် ဆန်တီယေဂိုမှာ စည်းမျဉ်းစည်းကမ်းပြဋ္ဌာန်းချက်အရ မဖြစ်မနေလုပ်ရတဲ့ ခရီးသွားလာခွင့်ပိတ်ပင်မှုတစ်ရပ်ကို အစိုးရက ကြေညာခဲ့ပါတယ်။

ချီလီနိုင်ငံဟာ လက်တင်အမေရိကရဲ့ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ စမ်းသပ်စစ်ဆေးမှုအမြင့်ဆုံးရှိတဲ့ နိုင်ငံတွေထဲက တစ်နိုင်ငံဖြစ်ပြီး လူဦးရေ ၁၀၀၀ လျှင် ၂၁ ဦးနှုန်း စမ်းသပ်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒေသတစ်ဝန်း စမ်းသပ်စစ်ဆေးမှုကတော့ ကမ္ဘာ့အခြားသောဒေသတွေအောက်ကို သိသိသာသာ လျော့ကျနေတာ ဖြစ်ပါတယ်။

**၁၅ ဆလောက်မြင့်တက်နိုင်ဖွယ်ရှိ**

မက္ကဆီကိုနိုင်ငံကတော့ လူဦးရေ ၁၀၀၀ လျှင် ၁ ဒသမ ၂ ဦးနှုန်း စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်လျက်ရှိပါတယ်။ ဘရာဇီးနိုင်ငံဟာလည်း စမ်းသပ်စစ်ဆေးမှုနှုန်းမှာ နိမ့်ကျလျက်ရှိပြီး ဘရာဇီးနိုင်ငံအတွင်း ကူးစက်ခံရသူအရေအတွက်ဟာ တရားဝင်အချက်အလက်တွေထက် ၁၅ ဆလောက်မြင့်တက်နိုင်ဖွယ်ရှိတယ်လို့ ဆော်ပေါ်လိုဆေးတက္ကသိုလ်ရဲ့ လေ့လာချက်တစ်ရပ်က ခန့်မှန်းထားပါတယ်။

အဲဒီလို ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတွေ မြင့်တက်နေပေမယ့် ဘရာဇီးနိုင်ငံရဲ့နယ်စပ်တွေကို ပြန်လည်ဖွင့်လှစ်ရေး စတင်ဆောင်ရွက်ဖို့ ဘရာဇီးသမ္မတ ဘိုလ်ဆိုနာရိုက ဆန္ဒရှိနေပါတယ်။ ဒါပေမယ့် ဆိုးရွားတဲ့ ကူးစက်မှုအခြေအနေတွေက လက်တင်အမေရိကဒေသတစ်ဝန်းအတွက် လှိုင်းဂယက်ဖြစ်လာနိုင်တာကို စိုးရိမ်ပူပန်နေတယ်လို့ လက်တင်အမေရိကနိုင်ငံတွေရဲ့ အစိုးရတွေက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

**ကိုးကား-ဘီဘီစီ**

## စပိန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းများ ဇူလိုင်လတွင် ပြန်လည်စတင်မည်ဟုဆို

**မက်ဒရစ် မေ ၂၄**

ခရီးသွားလုပ်ငန်းများ ပြန်လည်စတင်နိုင်ရေးအတွက် နိုင်ငံ၏ နယ်ပယ်ဒေသများအား ဇူလိုင်လအတွင်း ပြန်လည်ဖွင့်လှစ်မည်ဟု စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်စ်က ပြောကြားသည်။

စပိန်ဝန်ကြီးချုပ် ပက်ဒရိုဆန်းချက်စ်က ယမန်နေ့တွင် သတင်းထောက်များနှင့် တွေ့ဆုံရာ၌ စပိန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းများ အနေဖြင့် ပြန်လည်စတင်ရေး ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန် ၎င်းအနေဖြင့် ဆန္ဒရှိကြောင်း ပြောကြားခဲ့သည်။


စပိန်နိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ပြန့်ပွားမှုအခြေအနေမှာ ကျဆင်းနေပြီဖြစ်သည်။ ယခုနှစ် မတ်လအတွင်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုနှုန်းသည် တစ်ရက်လျှင် လူဦးရေ ၉၀၀၀ ကျော်အထိ အမြင့်မားဆုံးရှိခဲ့ရာမှ မကြာသေးမီကာလတွင် တစ်ရက်လျှင် ဗိုင်းရပ်စ်ပိုးကူးစက်မှု ၅၀၀ အထိ ကျဆင်းခဲ့သည်။

စပိန်အာဏာပိုင်များအနေဖြင့် နိုင်ငံအတွင်း ခရီးသွားလာမှု ဖြေလျှော့ပေးခဲ့မှုများကို အဆင့်အလိုက်ပြုလုပ်ခဲ့ပြီး မြို့တော်မက်ဒရစ်နှင့် ဘာစီလိုနာမြို့များရှိ ဟိုတယ်နှင့် စားသောက်ဆိုင်များအား မေ ၂၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်သည်။

မကြာသေးမီနှစ်များအတွင်း စပိန်နိုင်ငံသို့ နှစ်စဉ် လာရောက်လည်ပတ်သည့် ခရီးသွားဦးရေမှာ ၈၂ သန်းနီးပါးရှိခဲ့ပြီး ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုများ ဖြစ်ပေါ်ခဲ့ခြင်းကြောင့် ခရီးသွားလာမှုကန့်သတ်ချက်များ ချမှတ်ခဲ့ရခြင်းကြောင့် စပိန်နိုင်ငံ၏ ခရီးသွားလုပ်ငန်းမှာ ကြီးမားစွာ ထိခိုက်ခဲ့ရသည်။ ဥရောပတိုက်အတွင်းရှိ အခြားနိုင်ငံများသည်လည်း နွေရာသီခရီးသွားလုပ်ငန်းကာလကိုဦးတည်၍ စပိန်နိုင်ငံကဲ့သို့ပင် လုပ်ဆောင်မှုများ ပြုလုပ်လာကြသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများမှ ခရီးသွားများအား ဇွန် ၃ ရက်တွင် စတင်လက်ခံမည်ဟု အီတလီနိုင်ငံက ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်သည်။

ကိုးကား-အင်န်အိတ်ချ်ကေ

ဘာသာပြန်-ဇော်ဝင်း



# ပင်လောင်း၊ မိုးမိတ်၊ ရွာငံနှင့် တာချီလိတ်မြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော်    မေ    ၂၄**
မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ယမန်နေ့ ညနေပိုင်းက ပင်လောင်းမြို့နယ် ပင်မွန်းကျေးရွာအုပ်စု ထီနဲ့ကျေးရွာနေ ဦးဆိုင်၏ နေအိမ်ကိုဝင်ရောက်ရှာဖွေရာ စိတ်ကြွဆေးပြား ၄၀၀၀ ကိုလည်းကောင်း။

အလားတူ ယင်းနေ့ မွန်းလွဲ ၂ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုးမိတ်မြို့နယ် မိုးမိတ်-မန်တုံသွားကားလမ်း ညောင်နီကျေးရွာအနီးတွင် ယောဆပ်မောင်းနှင်လာသည့် ယာဉ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွဆေးပြား ၁၆၈၀၀၀၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ မေ ၂၂ ရက် ညနေ ၃ နာရီခွဲက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် ရွာငံမြို့နယ်၊ အောင်ပန်း- ရွာငံသွားကားလမ်း၊ တပ်ကုန်းကျေးရွာအနီးတွင် ယာဉ်ကို ရှာဖွေရန်ရပ်တန့်ခိုင်းစဉ် မောင်းနှင်ထွက်ပြေးသဖြင့် လိုက်လံဖမ်းဆီးရာ ရွာငံမြို့နယ် မြိုင်ကျေးရွာအုပ်စု ညောင်ကုန်းကျေးရွာအနီးတွင် ယာဉ်မောင်းအားမတွေ့ရှိဘဲ ယာဉ်ပေါ်မှ အိုက်စ် ၁၂၄ ကီလို၊ စိတ်ကြွဆေးပြား ၂၄၈၀၀၀ တို့ကိုလည်းကောင်း။

အလားတူ မေ ၂၂ ရက် ညနေ ၅ နာရီခွဲက ဝမ်ပုံနယ်မြေ ရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် မိုင်းဖုန်း(က)အုပ်စု ဟိုခိုကျေးရွာနေ မနန်းခမ်း၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွဆေးပြား ၁၁၆၄၀၊ ထိုင်းဘတ်ငွေ ၁၃၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများအား တွေ့ရစဉ်။

# မော်လမြိုင်၊ ဆိပ်ဖြူနှင့် မုံရွာမြို့နယ်တို့၌ မီးလောင်မှုဖြစ်ပွား

**မော်လမြိုင်**
မွန်ပြည်နယ် မော်လမြိုင်မြို့ မဉ္ဇလေးရပ်ကွက် မဟာမိတ်လမ်း၌ ယမန်နေ့ ည ၇ နာရီခန့်က ဒေါ်ဝင့်ဝါ(ခ)ဒေါ်ခိုင်ဝါမြင့်၏နေအိမ်လျှပ်စစ်ပန်ကာဝိုင်ယာကြိုးအပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ရာနေအိမ် သုံးလုံးမီးလောင်ခဲ့ကြောင်း သိရသည်။

အဆိုပါမီးလောင်ရာနေရာသို့ မော်လမြိုင်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်ထူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်း၊ မော်လမြိုင်မြို့နယ် မီးသတ်ဦးစီးမှူး ဦးဇော်ရဲလင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ အရပ်ဘက်ပရဟိတလူမှုအဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက မီးငြိမ်းသတ်ယာဉ် ငါးစီး၊ မီးသတ်ယာဉ်လေးစီးတို့ဖြင့် ငြိမ်းသတ်ခဲ့ရာ ည ၇ နာရီ ၄၅ မိနစ်တွင် မီးငြိမ်းခဲ့ပြီး လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

**ဆိပ်ဖြူ**
မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ဇီးတော်ပင်ကျေးရွာတွင် ယနေ့ နံနက် ၁၁ နာရီ ၁၀ မိနစ်ခန့်က လူနေအိမ်တစ်လုံးမီးလောင်မှုဖြစ်ခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒေါ်ပိုက်၏ နေအိမ် မီးဖိုဆောင်ထရံတွင်ထိုးထားသည့် ဂတ်စ်မီးခြစ် အပူလွန်ပေါက်ကွဲပြီး မီးဖိုထရံမှတစ်ဆင့်နေအိမ်အား မီးကူးစက်လောင်ကျွမ်းခဲ့ခြင်းဖြစ်ပြီး မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ အဆိုပါ မီးလောင်မှုဖြစ်စဉ်ကြောင့် ဒေါ်ပိုက်အား ဆိပ်ဖြူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **ကိုဇွဲ (အညာမြေ)**

**မုံရွာ**
မုံရွာမြို့နယ် တောင်ပုံကျေးရွာတွင် ယနေ့မွန်းလွဲ ၂ နာရီတွင် မီးလောင်မှုဖြစ်ရာ နေအိမ်နှစ်လုံးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဦးဂျော်ဆွေ၏နေအိမ် ထမင်းပေါင်းအိုး အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းခဲ့ပြီး မီးလောင်မှုကြောင့် မြေစိုက်အိမ်တစ်လုံး၊ နှစ်ထပ်အိမ်နှစ်လုံး၊ ဂိုဒေါင်တစ်လုံး၊ နွားစာတဲတစ်လုံးတို့ ဆုံးရှုံးကြောင်း သိရသည်။

မီးလောင်မှုကြောင့် အမျိုးသား ၁၄ ဦးနှင့် အမျိုးသမီး ကိုးဦးတို့မှာ မီးဘေးသင့်ခဲ့ပြီး နီးစပ်ရာဆွေမျိုးများအိမ်တွင် ပြောင်းရွှေ့နေထိုင်ကြောင်း သိရသည်။ မီးလောင်မှုနှင့်ပတ်သက်၍ ဦးဂျော်ဆွေအား မုံရွာမြို့မရဲစခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မျိုးဝင်းထွန်း(မုံရွာ)**




**ဖားကန့်၌ အမြင့်ပေ ၂၀၀ ခန့်ရှိ ကျင်းကမ်းပါးပေါ်မှ အမျိုးသားတစ်ဦး ပြုတ်ကျသေဆုံး**

**ဖားကန့်    မေ    ၂၄**
ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဖားပြင်ကျေးရွာအနီးရှိ YTT ကုန်း (ယခင် ရတနာတောင်တန်း ကျောက်မျက်တူးဖော်ရေးကုမ္ပဏီလုပ်ကွက်ဟောင်း) ကျင်းကမ်းပါးထိပ်၌ ကျောက်တူးနေသည့် အမျိုးသားတစ်ဦး အမြင့်ပေ ၂၀၀ ခန့်မှ အောက်သို့ ပြုတ်ကျသေဆုံးမှု ယမန်နေ့ ညနေ ၃ နာရီခွဲခန့်က ဖြစ်ပွားခဲ့ကြောင်း ဖားပြင်ကျေးရွာ တာဝန်ခံရုံးမှ သိရသည်။

ကျင်းပေါ်မှပြုတ်ကျသေဆုံးသူ မောင်နေဘ်လွတ်အား ဖားပြင်ကျေးရွာ သုခဒါယီ လူမှုကူညီရေးအသင်းကားဖြင့် ဖားကန့်ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

# IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများရှိ ပြည်တွင်း နေရပ်စွန့်ခွာသူများအား COVID-19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးဆိုင်ရာ အသိပေးနှိုးဆော်ချက်

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင် နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား COVID – 19 ရောဂါကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်နိုင်ရန်အတွက် ရေးဆွဲအတည်ပြုပြီးဖြစ်သည့် စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ အဆိုပါစီမံချက်အရ သက်ဆိုင်ရာစခန်းများရှိ စီမံခန့်ခွဲမှုကော်မတီ အသီးသီးမှ တာဝန်ရှိသူများနှင့် စခန်းတွင် နေထိုင်သူများက အောက်ပါလုပ်ငန်းရပ်များကို ဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

❖ စခန်းများတွင် တပ်ဆင်ပေးထားသော လက်ဆေးဘေစင်များတွင် ရေနှင့် ဆပ်ပြာကို အသုံးပြု၍ လက်ကို စနစ်တကျ မကြာခဏ ဆေးကြောပါ။
❖ အများသုံးအိမ်သာများနှင့် ရေချိုးရန်နေရာများကို အသုံးပြုရာတွင် တစ်ကိုယ်ရေသန့်ရှင်းရေး ဂရုပြုရန်နှင့် အချင်းချင်းထိတွေ့မှု အနည်းဆုံးဖြစ်စေရေး သတိပြုဆောင်ရွက်ပါ။
❖ စခန်းများတွင် နေထိုင်လျက်ရှိသည့် သက်ကြီးရွယ်အိုများနှင့် နာတာရှည်ရောဂါရှိသူများအား ရောဂါကူးစက်ခံရခြင်းမှ ကာကွယ်နိုင်ရေးအတွက် အထူးသတိပြုနေထိုင်ပါ။
❖ စခန်းတွင်းနေထိုင်သူများ ပြင်ပသို့ သွားလာခြင်းမပြုလုပ်ရန်နှင့် မဖြစ်မနေအပြင်ထွက်ရန် လိုအပ်သူများက စာရင်းရေးသွင်းပြုစုထားပြီး အဝင်/ အထွက်ပြုလုပ်တိုင်း ပုံမှန်အပူချိန်တိုင်းတာမှတ်သားခြင်း ပြုလုပ်ပါ။
❖ အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို အမြဲတပ်ဆင်ပါ။ တပ်ဆင်ရာတွင် အတွင်း၊ အပြင် အရောင်ခွဲခြားသတ်မှတ်၍ တပ်ဆင်ပါ။ ပါးစပ်နှင့် နှာခေါင်း (၂)ခုစလုံးကို လုံခြုံအောင် ဖုံးအုပ်ပါ။ တပ်ဆင်ထားစဉ် လက်ဖြင့် လုံး၀ (လုံး၀) မကိုင်ရပါ။ ဖယ်ရှားမည်ဆိုပါက အနောက်ဘက်ရှိ ကြိုးကိုသာ ကိုင်တွယ်၍ဖယ်ပါ။ အသုံးပြုထားသည့် အဝတ်ဖြင့် ချုပ်ထားသည့် ပါးစပ်နှင့် နှာခေါင်းစည်းကို နေ့စဉ် သေချာစွာ ဆပ်ပြာနှင့်ရေကို အသုံးပြု၍လျှော်ဖွပ်ပါ။
❖ စခန်းတွင်းသို့ပြင်ပမှဧည့်သည်များဝင်ရောက်ခြင်းကို တားမြစ်ထားပါ။
❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့် စပ်လျဉ်း၍ စခန်းအတွင်း ထူးခြားဖြစ်စဉ်များနှင့် လိုအပ်ချက်များကို တာဝန်ရှိသူအဆင့်ဆင့်သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြဆောင်ရွက်ပါ။
❖ COVID–19 ရောဂါနှင့်ပတ်သက်၍ သိရှိလိုက်နာဆောင်ရွက်ရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် အချက်များကို လက်ကိုင်ဖုန်းများသို့ စာတိုပို့စနစ်(SMS)ဖြင့် ပေးပို့ထားခြင်းကို သေချာစွာ ဖတ်ရှုလေ့လာ၍ လိုက်နာဆောင်ရွက်ပါ။
❖ COVID–19 ရောဂါလက္ခဏာများတွေ့ရှိရပါက ညွှန်ကြားထားသည့် လူနာညွှန်းပို့ခြင်းလုပ်ငန်းစဉ်အတိုင်း လိုက်နာဆောင်ရွက်ပါ။
❖ စောင့်ကြည့်လူနာများနှင့် သံသယလူနာများကို သီးခြားသတ်မှတ်ထားသောနေရာများနှင့် ဆေးရုံများသို့ အချိန်မီလွှဲပို့နိုင်ရေးအတွက် သက်ဆိုင်ရာ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကျန်းမာရေးဌာန၊ ပရဟိတလူမှုအဖွဲ့အစည်းများနှင့် ကြိုတင်ချိတ်ဆက်ထားပါ။
❖ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အစိုးရဝန်ကြီးဌာနများနှင့် သက်ဆိုင်ရာ ပြည်နယ်အစိုးရအဖွဲ့များ၏ လိုအပ်ချက်အရ အခါအားလျော်စွာ ထုတ်ပြန်ချက်များကို လိုက်နာဆောင်ရွက်ပါ။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၂၄-၅-၂၀၂၀) ရက်နေ့၊ ညနေပိုင်းတွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ ပထမအသုတ်အဖြစ် စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၈၈) ခု၊ ဆေးသုတေသနဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၆၆) ခု၊ စုစုပေါင်း (၃၅၄)ခုတွင် -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၂၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၁) ဦးရှိပါသည်။

၃။ (၂၄-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၂) ဦး (Case-107, 154) ရှိခဲ့သဖြင့် စုစုပေါင်း (၁၂၂) ဦးရှိပြီး ၎င်းတို့အနက် (၁၀၉) ဦးအား ဆေးရုံမှ ဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၂၃-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၂၄-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၄၅) ဦး ရှိပါသည်။

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၂၄-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၈၈) ခု |
| (၂၄-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၆၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
**(၂၄-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၂၀၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၂) ဦး | (၁၂၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

# COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၂၄-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

၁။ (၂၃-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဒုတိယအသုတ်အနေဖြင့် ဓာတ်ခွဲနမူနာ(၄၆၈) ခုအား ထပ်မံစစ်ဆေးခဲ့ရာ -

- COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၂၃-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)(NHL) မှ ဓာတ်ခွဲနမူနာ (၆၅၅) ခုနှင့် ဆေးသုတေသနဦးစီးဌာန(DMR)မှ ဓာတ်ခွဲနမူနာ (၁၂၆) ခု၊ စုစုပေါင်း (၇၈၁) ခုအား စစ်ဆေးခဲ့ရာတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၃။ (၂၄-၅-၂၀၂၀)ရက်နေ့၊ နံနက်(၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၂၀၁)ဦး ရှိပါသည်။

**COVID-19ရောဂါအတွက်ဓာတ်ခွဲစစ်ဆေးမှုအခြေအနေ**
**(၂၄-၅-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ**

| | |
|---|---|
| (၂၃-၅-၂၀၂၀) ရက်နေ့အတွက် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်)မှ (ပထမ + ဒုတိယ) အသုတ် ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၆၅၅) ခု |
| (၂၃-၅-၂၀၂၀) ရက်နေ့အတွက် ဆေးသုတေသနဦးစီးဌာနမှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၁၂၆) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကချင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်ရှိ IDP စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၄**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသည် IDP စခန်းများနှင့် တိုက်ပွဲရှောင်စခန်းများတွင်နေထိုင်ကြသည့် ပြည်တွင်းနေရပ်စွန့်ခွာသူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားခြင်းမှ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးလုပ်ငန်းများကို သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ကချင်ပြည်နယ် မိုးမောက်မြို့နယ်ရှိ ကက်သလစ် IDP စခန်းနှင့် နှစ်ခြင်း IDP စခန်း၊ ဝိုင်းမော်မြို့နယ်ရှိ ဆဒုံး ယာယီတိုက်ပွဲရှောင်စုရပ်သို့ သွားရောက်၍ လက်သန့်ဆေးရည် ၉၈၉ ဘူး၊ ဆပ်ပြာခဲ ၂၃၇၀၊ ထုံးအိတ် ၃၀၊ အပူချိန်တိုင်းကိရိယာ လေးခု၊ လက်ဆေးစင် ၁၀ ခု၊ Surgical Mask ၁၆ ခု၊ အဝတ်နှာခေါင်းစည်း ၄၇၀၈ ခု၊ လက်ကိုင်စပီကာ သုံးခုနှင့် ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick သုံးခု၊ ဗီနိုင်းတစ်ချပ်တို့အား ထောက်ပံ့ခဲ့သည်။

အလားတူ ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့နယ်ရှိ ရွှေသီး၊ ငဖရုံ၊ ဝါးနက်ရုံ၊ ဒုံးသိမ်ဓမ္မာရုံ၊ လမ်းမကျောင်း၊ ရန်အောင်မြေ၊ မြတောင်ဘုန်းကြီးကျောင်း၊ ဂန္ဓာရီ ပရဟိတကျောင်း၊ မြောင်းနားတိုက်ပွဲရှောင်စခန်း စုစုပေါင်းတိုက်ပွဲရှောင်စခန်း ကိုးခုသို့ သွားရောက်၍ အဝတ်နှာခေါင်းစည်း ၁၁၅၁၂ ခု၊ လက်ကိုင်စပီကာ ငါးခုနှင့် ကိုဗစ်-၁၉ အသိပညာပေး အသံဖိုင်ထည့်သွင်းထားသော Memory Stick ငါးခုတို့အား ထောက်ပံ့ခဲ့သည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရေးနှင့်ပတ်သက်၍ ထောက်ပံ့မှုလုပ်ငန်းများအပြင် အသိပညာပေးလုပ်ငန်းများ၊ အသိပေးနှိုးဆော်ခြင်းလုပ်ငန်းများနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှု



ဆိုင်ရာလုပ်ငန်းများကို နေပြည်တော်ကောင်စီအပါအဝင် တိုင်းဒေသကြီး/ ပြည်နယ်အားလုံးတွင် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉)အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း (၄၃)ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။ **သတင်းစဉ်**

## ဥပဒေများကို လိုက်နာရန် အသိပေးကြေညာချက်

- COVID-19 ကူးစက်ရောဂါ ပြန့်ပွားမှုကိုထိန်းချုပ်ရန် အများပြည်သူလိုက်နာရမည့် ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို တိတိကျကျလိုက်နာပါ။
- အများပြည်သူ အထိတ်တလန့်ဖြစ်စေမည့် မဟုတ်မမှန်သတင်းများလွှင့်ခြင်း မပြုလုပ်ကြပါနှင့်။
- အရေးကြီးကုန်ပစ္စည်းများအဖြစ် သတ်မှတ်လိုက်သည့် COVID-19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ကျန်းမာရေးအထောက်အကူပြုပစ္စည်းများ၊ ဆေးဝါးများနှင့် စားသုံးကုန်ပစ္စည်းများကို ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးနှုန်းမြှင့်တင်ဖြန့်ဖြူးခြင်း သို့မဟုတ် ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း စသည်တို့ကို မပြုလုပ်ကြပါနှင့်။
- ဖော်ပြပါအချက်များကို လိုက်နာမှုမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများအရ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါတယ်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ရဟန်းသာမဏေများအား လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်း

**လားရှိုး မေ ၂၄**

ကိုဗစ် – ၁၉ ရောဂါကာကွယ်ရေးကာလအတွင်း လားရှိုးမြို့ သီရိမင်္ဂလာ မန်ဆူရှမ်းကျောင်းတိုက်ရှိ စာသင်သားရဟန်းသာမဏေများ ဆွမ်းဘောဇဉ် အာဟာရများ အခက်အခဲမရှိစေရေးအတွက် ယမန်နေ့ နံနက်ပိုင်းက လားရှိုးခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချိုမိသားစုက နေ့ဆွမ်းနှင့်အတူ ဗုဒ္ဓဝင်ပန်းချီကားချပ်ကြီးများကိုလည်းကောင်း၊ မွန်းလွဲပိုင်းတွင် နေပြည်တော်မှ ဗိုလ်မှူး အောင်မြင့်သိန်းနှင့်အမ်အိုင်(17)ရဟာတ်ယာဉ်မှူးများကနဝကမ္မဝတ္ထုတို့ကို လည်းကောင်း မန်ဆူရှမ်းကျောင်းတိုက်ဆရာတော်ထံ လာရောက်ဆက်ကပ်လှူဒါန်းကြသည်။



အလားတူ မေ ၂၂ ရက် နံနက်ပိုင်းက အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်ဇော်အေး မိသားစုက ဘောဇဉ်အာဟာရများကိုလည်းကောင်း၊ မန္တလေးမြို့မှ ဒေါ်နန်းရင်မိသားစုက ခြံထွက်သရက်သီးများကို လည်းကောင်း၊ လားရှိုးအကျဉ်းဦးစီးဌာနထောင်ပိုင်ကြီး မိသားစုက လစဉ်ပစ္စည်းလေးပါးအတွက် ရည်မှန်း၍ အလှူဝတ္ထုများကိုလည်းကောင်း အသီးသီးလာရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သီပေါ(ကိုလတ်)**

## ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများ ထန်ပါခွေတိုက်နယ်ဆေးရုံသို့ လှူဒါန်း

**ထန်ပါခွေ မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ပါခွေမြို့တိုက်နယ်ဆေးရုံ၌ ယနေ့တွင် ပြည်တွင်း၊ ပြည်ပအလှူရှင်များမှ လှူဒါန်းသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းများပေးအပ်လှူဒါန်းပွဲ ကျင်းပသည်။



**ပေးအပ်လှူဒါန်း**

ထို့နောက် ပြည်တွင်း၊ ပြည်ပအလှူရှင်များက ပေးအပ်လှူဒါန်းသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများနှင့် ဆေးရုံသုံးပစ္စည်းငါးမျိုး စုစုပေါင်းပစ္စည်း ၂၅ မျိုးအား အလှူရှင်များကိုယ်စား ထန်ပါခွေမြို့ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးပါကြူကပေးအပ်ရာ ထန်ပါခွေမြို့ တိုက်နယ်ဆေးရုံတာဝန်ခံ အထက်တန်းသူနာပြု ဒေါ်ဇာခြည်ဝင်းက လက်ခံရယူခဲ့သည်။

အဆိုပါ ပစ္စည်းများကို ဒေါက်တာ ဝင်းသန္တာဖြူ ဦးဆောင်ပြီး ပြည်တွင်း၊ ပြည်ပ အလှူရှင်များက ပေးအပ်လှူဒါန်းခြင်းဖြစ်ကြောင်း၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများရှိ ဆေးရုံများသို့ ရွှေစင်ငြိမ်းသူ ပရဟိတကွန်ရက်မှ ကူညီဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း တိုက်နယ်ဆေးရုံတာဝန်ခံ ဆရာမ ဒေါ်ဇာခြည်ဝင်းက ပြောသည်။

**ထန်ပါခွေ(ပြန်/ဆက်)**

## “မြန်မာ့စိတ်ရင်း”

◆ ကိုဗစ်ရောဂါဆိုး၊ အမျိုးမျိုးပင်
စိုးမိုးလာရောက်၊ သူဝင်နှောက်ခဲ့
ကြောက်မက်ဖွယ်ရာ...

◆ တစ်ကမ္ဘာလုံး၊ ကြိမ်မီးအုံးသို့
ဆုံးရှုံးဘဝ၊ ပျက်စီးကြလျက်
ရောဂန္တရ ကပ်၊ ပူးဝင်ကပ်ကာ
ကျရောက်လာစဉ်...

◆ အနာသာရှိ၊ ဆေးမရှိသော
ကိုဗစ်ရောဂါ၊ ကုသရာ၌
မြန်မာပြည်သား၊ ပြည်သူများမှ
သနားညှာတာ၊ ကိုယ်ချင်းစာလျက်
စာနာစိတ်ပွား၊ မြတ်စိတ်ထားကြောင့်
တတ်အားသရွေ့ ...

◆ လှူဒါန်းဖြည့်ဆည်း၊ အနည်းနည်းဖြင့်
ပေါင်းစည်းဝေမျှ၊ ရိုင်းပင်းကြသည်
ဖေးမတွေးဆ၊ ကူညီကြသည်
မြန်မာ့စိတ်ရင်းပါတကား။
မြန်မာပြည်သား ပြည်သူများ။
ထပ်ဆင့်ဂုဏ်ပြု လွန်လေးစား။
မြန်မာ့စိတ်ထား သိစေသား။
ကမ္ဘာတစ်လွှား ရှာမှ ရှား။

(ကိုဗစ်–၁၉ ရောဂါကာကွယ်ကုသရေးအတွက် ပါဝင်လှူဒါန်းကြသော အလှူရှင်များနှင့် ပရဟိတအဖွဲ့များအား ဂုဏ်ပြုအပ်ပါသည်။)

**မြင့်မိုရ်ဦး(ပဲခူး)**

## လောင်ဗျစ်ခေါင် လူမှုအဖွဲ့ ကိုဗစ် -၁၉ ရောဂါ ကြိုတင်ကာကွယ် ထိန်းချုပ်ရေး အထောက်အကူပြု ပစ္စည်းများ ပေးအပ်လှူဒါန်း

**ချီဖွေ မေ ၂၄**

ကချင်ပြည်နယ် ချီဖွေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြည်သူ့စာကြည့်တိုက်သို့ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက ပြည်သူ့စာကြည့်တိုက်တွင် လှူဒါန်းခဲ့ကြသည်။

ပြည်သူ့စာကြည့်တိုက်သို့ စာပေချစ်မြတ်နိုးသူ၊ ဒေသခံပြည်သူများ လာရောက်ပြီး စာအုပ်၊ စာစောင်များ ငှားရမ်းရာတွင် အသုံးပြုရန်နှင့် ပြည်သူ့စာကြည့်တိုက်အဝင်တွင် ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လက်ဆေးပြီးမှ ဝင်ကြရန်ရည်ရွယ်၍ လောင်ဗျစ်ခေါင် လူမှုအဖွဲ့တာဝန်ခံ ဦးဇောင်းဒိုင်နှင့် အဖွဲ့ဝင်များက တစ်ခါသုံးလက်အိတ်များ၊ နှာခေါင်းစည်းများ၊ lifebuoy ဆပ်ပြာခဲ လေးခဲနှင့် လက်သန့်ဆေးရည် (500ml) နှစ်ဘူးတို့ကို မြို့နယ်ဦးစီးမှူး ဒေါ်ခင်မျိုးမြင့်ထံ ပေးအပ်လှူဒါန်းခဲ့ကြကြောင်းနှင့် စာငှား၊ စာဖတ်လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရှိသည်။

**မြို့နယ်(ပြန်/ဆက်)**

## COVID-19 ကာလတွင် စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေး အသိပေးနှိုးဆော်ခြင်း

COVID–19 ရောဂါကို ကာကွယ်၊ ထိန်းချုပ်၊ တုံ့ပြန်ရန် မိမိတို့တစ်ဦးချင်းမှာ တာဝန်ရှိပြီး၊ ထုတ်ပြန်ထားသော ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရန်လိုအပ်ပါသည်။

COVID–19 ကာလ ကြာမြင့်လာလေ ကျန်းမာရေးအတွက် စိုးရိမ်ရမှု၊ အလုပ်အကိုင် ပြဿနာ၊ ငွေရေးကြေးရေး အခက်အခဲ၊ မိသားစုနှင့် ခွဲခွာနေရခြင်း၊ ခွဲခြားဆက်ဆံခံရခြင်း၊ အပြစ်တင်ခံရမှု စသည့်စိတ်ဖိစီးမှုများ ပိုမိုမြင့်မားလာလေဖြစ်ပါသည်။

ပြည်သူများအနေဖြင့် စိတ်ဖိစီးမှုများကို ကျော်လွှားရန် ကြိုးစားနေချိန်တွင် ညွှန်ကြားချက်များ၊ စည်းကမ်းများကို လိုက်နာရခြင်းသည် စိတ်ဖိစီးမှုများက ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟု ယူဆခြင်းမပြုဘဲ ထိုချမှတ်သည့် ညွှန်ကြားချက်များ၊ စည်းကမ်းများကို အလေ့အထဖြစ်အောင် ကြိုးစားခြင်းသည် စိတ်ဖိစီးမှုများကို ခံနိုင်ရည်ရှိလာစေမည့် အကောင်းဆုံးနည်းလမ်းဖြစ်ပြီး လူမှုစီးပွားအခက်အခဲများကိုလည်း ဆက်လက် ဖြေရှင်းနိုင်စွမ်းရှိလာမှာဖြစ်ကြောင်း အားပေးတိုက်တွန်းအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်**
**မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## အခြေခံလူတန်းစားများသို့ တန်ဖိုးသင့်ဟင်းလျာ၊ ဟင်းသီးဟင်းရွက်နှင့် စားသောက်ကုန်ပစ္စည်းများ ရောင်းချ

**ကော့သောင်း မေ ၂၄**

ကိုဗစ် –၁၉ ရောဂါ ထိန်းချုပ်မှုကာလအတွင်း ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် ကော့သောင်းတပ်နယ်က ရပ်ကွက်ပြည်သူများအား တန်ဖိုးသင့်ဟင်းလျာနှင့် စိုက်ပျိုး/မွေးမြူရေး ခြံထွက်အသီးအရွက်များကို ယနေ့ နံနက်ပိုင်းက ကော့သောင်းမြို့ ရွှေဇင်ယော်ရပ်ကွက် နန္ဒဝန်ဈေးရှေ့၌ ရောင်းချပေးခဲ့ကြကြောင်း သိရသည်။



အဆိုပါ အစီအစဉ်တွင် ရောဂါထိန်းချုပ်မှုကာလအတွင်း ရပ်ကွက်အတွင်းရှိ အခြေခံလူတန်းစားပြည်သူများ စားသောက်မှုကိစ္စများ တစ်စိတ်တစ်ဒေသ အဆင်ပြေစေရန်ရည်ရွယ်၍ ထမင်းနှင့် တန်ဖိုးနည်းဟင်းလျာများ၊ တပ်နယ် စိုက်ပျိုးရေးနှင့် မွေးမြူရေး ခြံထွက်၊ ဟင်းသီးဟင်းရွက်များ၊ ကြက်ဥ၊ ဘဲဥ၊ နွားနို့ ငါးသေတ္တာ၊ အသားဘူး၊စားစရာစည်သွပ်ဘူးများ၊ အသင့်ဖျော်လက်ဖက်ရည်ထုပ်များ၊ လက်ဖက်ခြောက်၊ သွားတိုက်ဆေး အစရှိသည့် လူသုံးကုန်ပစ္စည်းများကို သင့်တင့်သည့်ဈေးနှုန်းဖြင့် ရောင်းချပေးခဲ့ကြရာ ပြည်သူများ ဝယ်ယူအားပေးခဲ့ကြကြောင်း သိရသည်။

**ကျော်စိုး(ကော့သောင်း)**

# ကိုဗစ် - ၁၉ သတင်း



## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၈၆၄၄ | ၂၀၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၁၂၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၆၄၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၁၀၉ ဦး (အသွားအလာ ဆက်သွယ်ကန့်သတ်ထားရှိ)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၅၅ | ၅ |
| ၂ | ချင်း | ၉ | |
| ၃ | ပဲခူး | ၇ | ၁ |
| ၄ | စစ်ကိုင်း | ၇ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၃ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | ကရင် | ၂ | |
| ၁၁ | ရခိုင် | ၂ | |
| ၁၂ | မကွေး | ၂ | |
| ၁၃ | ကချင် | ၁ | |
| ၁၄ | တနင်္သာရီ | ၁ | |
| ၁၅ | မွန် | ၁ | |
| ၁၆ | ဧရာဝတီ | ၁ | |
| စုစုပေါင်း | | ၂၀၁ | ၆ |

- ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၂၄-၅-၂၀၂၀ ရက်၊ ည (၈) နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၆၆၇၉၃၅ | ၄၄၆၉၂၇ | ၉၈၇၀၅ |
| ဘရာဇီး | ၃၄၉၁၁၃ | ၁၄၂၅၈၇ | ၂၂၁၆၅ |
| ရုရှား | ၃၄၄၄၈၁ | ၁၁၃၂၉၉ | ၃၅၄၁ |
| စပိန် | ၂၈၂၃၇၀ | ၁၉၆၉၅၈ | ၂၈၆၇၈ |
| ဗြိတိန် | ၂၅၇၁၅၄ | စိစစ်ဆဲ | ၃၆၆၇၅ |
| အီတလီ | ၂၂၉၃၂၇ | ၁၃၈၈၄၀ | ၃၂၇၃၅ |
| ပြင်သစ် | ၁၈၂၄၆၉ | ၆၄၅၄၇ | ၂၈၃၃၂ |
| ဂျာမနီ | ၁၈၀၀၂၀ | ၁၆၀၃၀၀ | ၈၃၆၉ |
| တူရကီ | ၁၅၅၆၈၆ | ၁၁၇၆၀၂ | ၄၃၀၈ |
| အီရန် | ၁၃၅၇၀၁ | ၁၀၅၈၀၁ | ၇၄၁၇ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၃၁၆၁၆ | ၁၄၈၇၆ | ၂၃ |
| အင်ဒိုနီးရှား | ၂၂၂၇၁ | ၅၄၀၂ | ၁၃၇၂ |
| ဖိလစ်ပိုင် | ၁၄၀၃၅ | ၃၂၄၉ | ၈၆၈ |
| မလေးရှား | ၇၂၄၅ | ၅၉၄၅ | ၁၁၅ |
| ထိုင်း | ၃၀၄၀ | ၂၉၂၁ | ၅၆ |
| ဗီယက်နမ် | ၃၂၅ | ၂၆၇ | ၀ |
| မြန်မာ | ၂၀၁ | ၁၂၂ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၆ | ၁ |
| ကမ္ဘောဒီးယား | ၁၂၄ | ၁၂၂ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

## COVID-19 ကာလတွင်စိတ်ဖိစီးမှုများကို ကျော်လွှားနိုင်ရေးအသိပေးနှိုးဆော်ခြင်း

COVID-19 ကာလမှာ မိမိတစ်ဦးတည်းသာမက လူတိုင်းစိတ်ဖိစီးမှုများ ခံစားနေကြရတယ်ဆိုတဲ့အချက်ကို သတိပြုမိရင် အခြားသူတွေအပေါ်မှာလည်း ကိုယ်ချင်းစာစိတ် ပိုမိုဖြစ်ပေါ်လာစေပါသည်။

ကိုယ်ချင်းစာစိတ်ဟာ လူတစ်ဦးနှင့် တစ်ဦးကြား၊ အမုန်းတရားပွားများမှုကို လျော့နည်းစေပါတယ်။ ပြဿနာရပ်များကို ကြိုးစားလက်ခံဖြေရှင်းနိုင်စွမ်းလည်း မြင့်မားစေပါသည်။

ဒီလိုနည်းနဲ့ စိတ်ဖိစီးမှုများကို လျှော့ချနိုင်ကာ ခံနိုင်ရည်ရပြီး တစ်ဦးချင်းစီက COVID-19 ကာလ၏ ဒုက္ခများကို ရင်ဆိုင်ဖြေရှင်းနိုင်တဲ့အဆင့်သို့ရောက်ရှိအောင် ကြိုးစားသင့်ကြောင်း အသိပေးတိုက်တွန်းလိုပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဆရာဝန်အသင်း (စိတ်ကျန်းမာပညာအဖွဲ့)**

## မရမ်းကုန်းမြို့နယ်၌ ဖျားနာကုဆေးခန်း ဖွင့်လှစ်မည်

ရန်ကုန် မေ ၂၄


မရမ်းကုန်းမြို့နယ်ဖျားနာကု Fever Clinic ဆေးခန်းကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်နှင့်အညီ မေလအတွင်း မရမ်းကုန်းမြို့နယ် အမှတ် (၃) ရပ်ကွက် ကျိုက်ဝိုင်းဘောလုံးကွင်းတွင် ဖွင့်လှစ်မည်ဖြစ်သည်။ အဆိုပါဆေးခန်းတွင် ဖျားနာခြင်း၊ ချောင်းဆိုးခြင်းစသည့်ရောဂါများအပြင် Content Person နှင့် ထိတွေ့သူ လူနာများကို အဓိကကြည့်ရှုစစ်ဆေးပေးမည်ဖြစ်သည်။

ရန်ကုန်တိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှ စစ်ဆေးပြီးပါက အဆိုပါဖျားနာကုဆေးခန်းတွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းမှဆရာဝန်သုံးဦးနှင့် သူနာပြုများ၊ ဆေးဝါးကျွမ်းကျင်သူများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ လုပ်အားပေးများဖြင့် အင်္ဂါ၊ ကြာသပတေး၊ စနေနေ့တို့တွင် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ မည်သူမဆို အခမဲ့လာရောက်ပြသနိုင်ကြောင်း သိရသည်။

အောင်သူရ




တကယ်လို့ ဖျားနာခြင်း ၊ ချောင်းဆိုးခြင်း၊ အသက်ရှူရန်ခက်ခဲခြင်း စသော ရောဂါ လက္ခဏာတွေရှိခဲ့ရလျှင် ချက်ချင်း ဆေးစစ် ကုသမှု ခံယူပါ။



# တပ်မတော်သားများနှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

**နေပြည်တော် မေ ၂၄**

သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာန၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို မေ ၁၉ ရက်က နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်များမှ မြို့နယ် ၄၉ မြို့နယ်ရှိ နေရာ ၁၁၆ နေရာတို့တွင် မီးသတ်ယာဉ်များ၊ မီးသတ်ပစ္စည်းကိရိယာများဖြင့် ဆောင်ရွက်ခဲ့ရာ ပိုးသတ်ဆေးရည် ဂါလန် ၉၀၊ ပိုးသတ်ဆေးမှုန့် ၁၈ ကီလိုဂရမ်၊ ရေဂါလန် ၆၄၈၀ သုံးစွဲခဲ့ပြီး ပိုးသတ်ဆေးဖျန်းခြင်း လုပ်ငန်းများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး လှွတ်တော်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရွှေကြက်ယက် ရွှေကြက်ကျ ဘုရား၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ မြို့နယ်အကောက်ခွန်ဦးစီးဌာန၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



နေပြည်တော် စည်ပင်ဥယျာဉ်ရိပ်သာ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုတက္ကသိုလ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ မြန်မာနိုင်ငံ ခရစ်ယာန်အသင်းတော် အင်္ဂလီကန်ဘုရားကျောင်း၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရခိုင်ပြည်နယ် မောင်တောမြို့ ခရိုင်တရားရုံး၌ မေ ၁၈ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။



ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်းစဉ်။

# ပဉ္စရူပ၊ ဆင်ဖိုနီနှင့် ဘုံပျံနေနန်း

ဆူးငှက်

တောင်လေဝှေ့နေပေမယ့် နေပူဒဏ် မလျော့လျှသော နွေနေ့တစ်နေ့တွင် မန္တလေးခေးတန်းဝင်းအတွင်းရှိ တိုက်တစ်လုံး၏ အပေါ်ထပ်၌ လူငယ်တစ်စုသည် အနောက်တိုင်းတီးလုံး ဓာတ်ပြားတစ်ချပ်အား အပ်သွားတင်ကာ ဖွင့်၍ နားထောင်ရင်း အားတက်သရော ပြောဆိုနေကြလေသည်။ ပန်ကာ လေရဟတ် ဖွင့်ထားသော်လည်း ပြင်ပလေပူ၏ ဖိအားနှင့် မမျှတသောအခါ အနည်းငယ်လှောင်အိုက်နေ၏။ တချို့က ရင်ဘတ်အကျႌ ကြယ်သီးဟထားကြသည်။ တချို့က စွပ်ကျယ်လက်စကများနှင့် ဖြစ်၏။ တိုက်ပိုင်ရှင်ဖြစ်သော အကော်ဒီယံ ကိုသန့် (ခေါ်) ကိုမောင်မောင်ကတော့ ဟာဝေယံရှပ် ကြက်ဥနှစ်ရောင်ကို လုံချည်အပြင် ထုတ်ဝတ်ထား၏။

**ဘီသိုဗင်၏ ဆင်ဖိုနီ**

တစ်နေ့ကမှ အာဠဝီစီလမ်း မစ္စကွတ်စ်တိုက်မှ ဝယ်လာသော ဘီသိုဗင်၏ ဆင်ဖိုနီ ၁၂ လက်မ ဓာတ်ပြားတစ်တွဲကို ကိုသန့်၏တိုက်မှာ ဖွင့်နားထောင်ကြတော့ ကနဦးပထမမှာ သိပ်နားမလည်ကြ။ သီချင်းစာသားမပါ။ စာသားမပါသော တီးလုံးချည်းသက်သက်မို့ တယောက ဘယ်လို၊ စန္ဒယားက ဘယ့်နှယ်၊ ထရမ်ပက်က ဘယ်ရွေ့၊ ကလယ်ရီနက်က ဘယ်မျှဟူသော သာမန် အကြားအာရုံမျှလောက်ဖြင့်သာ ပြောဆိုနိုင်ကြသည်။ ဤသို့ဖြင့် ဖွဲ့မလျှော့တမ်း သုံး၊ လေးခါမျှ အကြိမ်ကြိမ် အဖန်ဖန် နားထောင်ကြည့်ကြသည်။ သိပ်တော့ နားမလည်လှကြ။ ဓာတ်စက်ကို ခေတ္တပိတ်လိုက်သည်။ ကိုသန့်က ဓာတ်ပြားအဖုံး အယ်လ်ဘမ်ကို ကောက်ကိုင်ကြည့်လိုက်သည်။ ထို့နောက် နီးရာ ဆက်တီကုလားထိုင်ကို ဆွဲယူထိုင်ပြီး စိမ်ပြေနပြေ ဖတ်ကြည့်နေမိ၏။

ထိုအခါ ဆင်ဖိုနီတေးသွားများ၏ မိတ်ဆက်စာကို တွေ့ရသည်။ ဂီတသင်္ကေတများဖြင့်လည်း ရှင်းပြသည်။ ဘယ်အသွားလေးကို ဘယ်လိုဖွဲ့သည်၊ ဘာကြောင့်ဖွဲ့သည်၊ ဘယ်တူရိယာကို သုံးစွဲသည်၊ ဘာကြောင့် သုံးစွဲသည်၊ ဘာအသံဖြင့် သရုပ်ဖော်သည်၊ ဘာကြောင့် သရုပ်ဖော်သည်ကို ရှင်းပြထားသော မိတ်ဆက်စာဖြစ်သည်။ ထိုအခါ ကိုသန့်က မိတ်ဆက်စာကို ကျကျနန ဖတ်သည်။ သူ့တွင်ရှိထားပြီး အလွတ်ရလုမတတ် ဖတ်မှတ်ထားသော နိုင်ငံတကာ ဂီတဆိုင်ရာ စာအုပ်များကို ပြန်စဉ်းစားသည်၊ ပြန်တွေးသည်၊ ပြန်တူးဆွသည်၊ ယခု မိတ်ဆက်စာပါ အကြောင်းအရာများနှင့် ဆက်စပ်သည်၊ ညှိနှိုင်းသည်၊ သုံးသပ်သည်၊ အဖြေထုတ်သည်။

**ဂီတဓာတ်ခံတွင် ပွင့်သစ်ပွင့်ဖူးလေးတွေ**

ကိုသန့်သည် ဓာတ်ပြားအဖုံး အယ်လ်ဘမ်ပေါ်မှ စာသားများအား စိတ်ဝင်တစား ဖတ်ရှုနေရင်း တစ်ခါတစ်ရံ ကိုငြိမ်းအား လှမ်းခေါ်၏။ စာသားနှင့် သင်္ကေတတချို့ကို လက်နှင့်ထောက်ပြသည်။ နှုတ်မှ အသံထွက်ပြသည်။ ကိုငြိမ်းက သူ့ထင်မြင်ချက်ကို တီးတိုးပြောပြသည်။ နှစ်ဦးသား ခေါင်းတညိတ်ညိတ်ဖြင့် ကျေနပ်သွားသည့် အမူအရာများကို လှစ်ခနဲ မြင်လိုက်ကြရ၏။ ဤသို့ဖြင့် ဓာတ်ပြားမိတ်ဆက်စာကို အစအဆုံး သေချာစွာ ဖတ်ရှုကြသည်။ ညှိနှိုင်းကြသည်။

'ကိုင်း ... ကိုင်း ... အစကနေ သေချာပြန်နားထောင်ကြရအောင် ကိုမောင်မောင်ရေ ..၊ ခင်ဗျား ဓာတ်ပြား ပြန်ကျော့လိုက်ပါဦးဗျာ'

'ဟုတ်ပြီ .. ဒါပေ့ါဗျ၊ ကဲ .. ပြန်ဖွင့်နားထောင်ကြရအောင်' ဟုဆိုကာ ကိုသန့်က ဓာတ်စက်ဆီ ထသည်။ ဓာတ်ပြားတွဲထဲမှ ပထမ ဓာတ်ပြားကို ပြန်ယူပြီး စက်ပေါ်တင်ကာ ဖွင့်သည်။ ကိုငြိမ်းက သူထိုင်နေသော နေရာလေးမှာ ပြန်ထိုင်ပြီး စီးကရက်လေးတစ်လိပ်ကို မီးညှိပြီး ခဲလိုက်သည်။ ဓာတ်ပြားကို ကျကျနန နားထောင်သည်။ ကိုသန့်က စောစောက ဖတ်မှတ်ထား၊ ကိုငြိမ်းနှင့် ပြောဆိုဆွေးနွေးထားသည့် အချက်အလက်များဖြင့် တီးလုံးများအား လိုအပ်သလို ရှင်းလင်းပြောပြလိုက်တော့သည်။

နဂိုရှိရင်း ဂီတဓာတ်ခံတွင် ပွင့်သစ်ပွင့်ဖူးလေးတွေ လွှန့်လာလေပြီ။ အားလုံးက ဆင်ဖိုနီဂီတ အရသာကို မြည်းစမ်းမိလိုက်ကြပေပြီ။ ကိုရင်လေး၊ ကိုဘကြိုင်၊ ကိုဘအုန်း၊ ကိုဘသက်၊ ကိုမောင်ကို၊ ကိုဘဒင်၊ ကိုလှဒင်၊ ကိုဘငွေ စသူတို့သည်လည်း ကိုသန့်ရှင်းပြနေမှုကို နားထောင်ရင်း ဂီတကို အာရုံစိုက်သည်။ ဂီတကိုခံစားရင်းလည်း ကိုသန့်စကားတွေကို စေ့ငုရသည်။ ကိုငြိမ်းက တစ်ခါတစ်ရံ ဝင်ပြီးထောက်ပြသည်။ သုံးသပ်ပြသည်။



ပဉ္စရူပ။

**တေးသွားဂီတဖြင့် သရုပ်ဖော်စေသည်**

ယခု သည်အခန်းအတွင်းရှိနေကြသူ အားလုံးမှာ ဂီတပါရမီ ဓာတ်ခံရှိသူများချည်း ဖြစ်သည်။ သို့သော် မြန်မာ့ရေမြေနှင့် မြန်မာ့ဗီဇ၊ မြန်မာ့သန္ဓေ၊ မြန်မာ့ဂီတဖြင့် ကြီးပြင်းကျေညက်လာသူချည်းမို့ ပုံစံသစ်၊ အဖွဲ့အနွဲ့သစ်ဂီတနှင့် စိမ်းနေကြခြင်းဖြစ်သည်။ မြန်မာ့ဂီတက တစ်ကိုယ်တော် အစွမ်းပြတာကိုး ...၊ အုံကျင်းက အပံ့အပိုးမျှသာ။ ပြီးတော့ သီချင်းစာသားဖြင့်သာ အချစ်၊ အလွမ်းသာမက ရာသီ၊ တော၊ တောင်၊ ရေမြေကို သရုပ်ဖော်မှု အလေးကဲသည်။ တေးသွားဂီတဖြင့် သရုပ်ဖော်စေသည်ဆိုတာက ဇာတ်ရုပ်သေးများ၏ ဇာတ်ပို့ဂီတမှာ အသုံးများသည်။ ဒီအသွားက ဘီလူး၊ ဒီအသွားက ဇော်၊ ဒါက ချွတ်နင်းသံ စသည်။ ဒါကလည်း အတော်ထိရောက်သည့် သရုပ်ဖော်မှု ဖြစ်၏။ သို့သော် အများစု မြန်မာ့ဂီတက သီချင်းစာသား၏ စကားလုံးအင်အားဖြင့် သရုပ်ဖော်မှုသာများသည်။ အခု နားထောင်နေသော ဓာတ်ပြားများ၏ ဂီတမှာက စကားလုံး စာသားမပါ။ တေးသွား၊ တူရိယာပစ္စည်းတစ်ခုချင်းစီ၏ စွမ်းရည်၊ ပြီးတော့ အုံကျင်းဖွဲ့မှု...။

**ဥတုရာသီဘွဲ့များကို ရင်ဖြင့် ထိမိစွာ ခံစားနိုင်ကြ**

တစိမ့်စိမ့် ထိစပ်နားထောင်မိကြသောအခါ ဂီတသည် နားဖြင့်သာမက ရင်နှင့် နှလုံးသားနှင့်ပါ နင့်နင့်နဲနဲ ခံစားလာကြရသည်။ ဒါကြောင့်လည်း အိတ်ဂျီဝဲနှင့် ဘားနတ်ရှောတို့က ဘီသိုဗင်ကို 'အဘိဓမ္မာ ဆရာကြီး' ဟု သိမှတ်ထားကြပြီး 'စာပေဖြင့် မဖော်ကျူးနိုင်သော ရင်ဖြင့်ခံစားချက်များကို ဂီတက ဖော်ကျူးနိုင်သည်၊ ဂီတသည် နက်နဲပါပေသည်' ဟု ဝန်ခံခဲ့ကြခြင်း ဖြစ်ပေသည်။ ဟင်ဒဲ၏ မက်ဆီယာဆိုသော ဂီတကို နားဆင်လိုက်ရလျှင် ရင်၌ မဟာကုသိုလ်စိတ် ပွားစေသည်။ ခရစ်တော်၏ 'ကိုယ်တော့် ကရုဏာ' ကို ရင်ဖြင့် ထိမိလှိုက်လှဲ ခံစားကြရသည်။ သည်ခံစားမှုက စကားလုံးထောင်သောင်းဖြင့်လည်း ဖွဲ့မရနိုင်။ အခုလည်း ဘီသိုဗင်၏ ဆင်ဖိုနီဓာတ်ပြားတွဲကပေးသည့် ဥတုရာသီဘွဲ့များကို ရင်ဖြင့်ထိမိစွာ ခံစားနိုင်ကြသောအခါ စကားလုံးများဖြင့် ဘုံပျံနေနန်းပတ်ပျိုးကြီးကဲ့သို့ ဥတုရာသီဘွဲ့တွေ အဖွဲ့ကောင်းသော မြဝတီမင်းကြီးဦးစ လက်ထဲ ဆင်ဖိုနီဝိုင်းဖွဲ့ပညာ ထည့်ပေးလိုက်ရလျှင် 'ကြောင်အတောင်ပံတပ်ပေးလိုက်သလို' ထက်အာကာဝဋ္ဋာယံအထိ ကွန့်မြူးပျံနေမှာပဲဟု ပြောဆိုနေကြ၏။ မြဝတီမင်းကြီး အသေစောလိုက်လေခြင်းဟု အရွှန်းဖောက်သူဖောက်သည်။

**ပဉ္စရူပရုပ်ကြီးမှာ ဦးခေါင်းမော့ကာ ကြွား**

ကိုငြိမ်းကား ထိုင်နေသော ဆက်တီလေးပေါ် လျော့လျော့လေး မှီရင်း အတွေးတွေက တစ်နေရာဆီ ပျံ့လွင့်နေသည်။ ထိုအတွေးများကား အနာဂတ်စိတ်ကူးများ၊ မျှော်လင့်ချက်များ ဖြစ်နေပေမည်။ ဆက်တီလက်ရန်းပေါ် တင်ထားသော လက်ချောင်းလေးတွေက စိတ်နှင့်အတူ လိုက်ပါ လှုပ်ရှားနေ၏။ မျက်လုံးတွေက အရောင်လက်လာသည်။ ဂီတနှင့်ပတ် သက်ပြီး ရှေ့ဆက် သူဘာလုပ်ရမလဲဆိုတာ သိလာသည့်အသိက မျက်လုံးကတစ်ဆင့် လှစ်ပြလိုက်တော့ ဖျပ်ဖျပ်လက်လာ၏။ ကိုငြိမ်းက မက်ဆီယာလိုဂီတကို ဖွဲ့ချင်သည်။ သူက ဆင်ဖိုနီဝိုင်းကြီး တစ်ဝိုင်းဖြင့် ဂီတတစ်ပုဒ်က နာမ်ရုပ်တို့၏ ခယဓမ္မော၊ ဝယဓမ္မော၊ ကုန်တတ်သောသဘော၊ ပျက်တတ်သောသဘောရှိခြင်းအား သိသာမြင်သာလာအောင် ဖွဲ့ချင်သည်။

ဂီတဖြင့် ဥဒယဗ္ဗယဉာဏ်မျိုး ရလာနိုင်မည်။ ထိုမှတစ်ဆင့် နိဗ္ဗိဒါဉာဏ်အထိ တက်စေချင်သည်။ သူ့ဂီတကသည်လို ဂီတမျိုး။ ထိုအာသီသဖြင့် မြန်မာ ဆင်ဖိုနီဝိုင်းကြီး ဖွဲ့မည်။ ပြီးတော့ ဘယ်လိုတီးမှုတ်မည်။ တစ်ထိုင်တည်း စိတ်ကူးနေတာ အကြီးကြီး ..၊ အကျယ်ကြီး ..။ ပြီးတော့ အမြင့်ကြီး ..။ ကိုသန့်၏တိုက်အပေါ်ထပ်တွင် ဆင်ထားသော မှန်စီရွှေချ ဆိုင်းဝိုင်းကြီးမှ ပဉ္စရူပရုပ်ကြီးမှာ ဦးခေါင်းမော့ကာ ကြွားနေ၏။ ဒီဆိုင်းဝိုင်းကြီး၌ ရွှာစားကြီးစိန်ဗေဒါလာရောက်တီးခတ်ဖူးသည်။ ဒီဆိုင်းဝိုင်းကြီးမှာပင် ကိုသန့်က မဟာဂီတ သီချင်းကြီးများကို ရွာစားကြီးထံမှ လက်ထပ်သင်ယူဖူးသည်။ ကိုငြိမ်းသည် ကိုသန့်၏ ဆိုင်းဝိုင်းကြီးကို ကြည့်ရင်းကြည့်ရင်းမှ မှန်စီရွှေချ ပဉ္စရူပရုပ်ကြီးက ခေါင်းမော့ကာ အတောင်တဖျန်းဖျန်းခတ်လာ၏။ ငါးကြင်းမြီးက လွန့်လွန့်လူးလာသည်။ သမင်ခွာတွေ တိမ်ကို ရှပ်၏။ နဂါးကိုယ်လုံးမှ မြရောင်ကြေးခွံကွတ်တို့ ဖျပ်ဖျပ်လက်သွားသည်။ နယားခေါင်းမှ ပတ္တမြားမျက်လုံး အစုံ ရဲခနဲ မှည့်ပြန်၏။

ရွှေရောင် .. မြရောင် .. ပတ္တမြားရောင် ... စိန်ရောင်တွေ လူးလာလှည့်ပတ် ပြိုးပြိုးပြက်ပြက် ...။ ကောင်းကင်ပြာ၌ နက္ခတ်သဘင် ဆင်ယင်ကျင်းပနေသည့်နှယ် ... ။ ။

အခန်းအတွင်း ရှိနေကြသူအားလုံးမှာ ဂီတပါရမီ ဓာတ်ခံရှိသူများချည်း ဖြစ်သည်။ သို့သော် မြန်မာ့ရေမြေနှင့် မြန်မာ့ဗီဇ၊ မြန်မာ့သန္ဓေ၊ မြန်မာ့ဂီတဖြင့် ကြီးပြင်းကျေညက်လာသူချည်းမို့ ပုံစံသစ်၊ အဖွဲ့အနွဲ့သစ်ဂီတနှင့် စိမ်းနေ... အခု နားထောင်နေသော ဓာတ်ပြားများ၏ ဂီတမှာက စကားလုံးစာသားမပါ။ တေးသွား၊ တူရိယာပစ္စည်း တစ်ခုချင်းစီ၏ စွမ်းရည်၊ ပြီးတော့ အုံကျင်းဖွဲ့မှု...

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောအတွင်း ကြည့်ရှုစစ်ဆေး

**မုံရွာ မေ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တာဝန်ရှိသူများသည် ယမန်နေ့က ကန့်ဘလူမြို့နယ် ချပ်သင်းဘေးမဲ့တောသို့ သွားရောက် ကြည့်ရှုစစ်ဆေးသည်။

တာဝန်ရှိသူများက ချပ်သင်းဘေးမဲ့တောဧရိယာအတွင်း ကမ္ဘာ့ရှားပါးဈွေသမင် ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုနှင့် ပြည်တွင်းပြည်ပခရီးသွားများအတွက် အလွယ်တကူ အဆင်ပြေချောမွေ့စွာလာရောက်လေ့လာနိုင်အောင် လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုတို့နှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပေါင်းစပ်ဖြည့်ဆည်းပေးပြီး ချပ်သင်းဘေးမဲ့တောအတွင်း ရေတားတုတ်များရိုက်ရေး၊ ရေကန်တူးဖော်ရေးနှင့် ဈွေသမင်များအတွက် သီးနှံစားပင်စိုက်ပျိုးရေးတို့အတွက် ငွေကျပ် ၂၅ သိန်းကို တာဝန်ရှိသူထံသို့ ပေးအပ်ခဲ့ပြီး အဆိုပါ ချပ်သင်းဘေးမဲ့တောကြီးအတွင်း ဈွေသမင်နှင့် ငှက်မျိုးစိတ်များအပြင် အဖိုးတန်သဘာဝသစ်တောကြီး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားလုံးပူးပေါင်းဆောင်ရွက်သွားကြရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ချပ်သင်းဘေးမဲ့တောဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်နီ၊ ပဲနှင့် ကြက်ဥ စသည့် စားနပ်ရိက္ခာများကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ကန့်ဘလူခရိုင်အတွင်းရှိ ကန့်ဘလူမြို့နယ်နှင့် ကျွန်းလှမြို့နယ်၊ ကသာခရိုင် ကောလင်းမြို့နယ်တို့ရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီထံသို့ နှာခေါင်းစည်းများနှင့် လက်သန့်ဆေးရည်ပုံးတို့ကို အခမဲ့ပေးဝေခဲ့ကြောင်း သိရသည်။

ထို့နောက် ချပ်သင်းဘေးမဲ့တောမှတစ်ဆင့် ချပ်သင်း-ကိုးတောင်ဘို့-ကောလင်းလမ်း၊ကောလင်း-ကျောက်တန်းလမ်း၊ ရွှေဘို-မြစ်ကြီးနား(ဗျူဟာလမ်း) လမ်းခင်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေးပြီး အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး တာဝန်ရှိသူများအား လမ်းညွှန်မှာကြားခဲ့သည်။

**ထွန်းကိုကို (ယင်းမာပင်)**





## လူစည်ကားရာနေရာများ၌ နှာခေါင်းစည်း၊ မျက်နှာအကာအကွယ်နှင့် ဆပ်ပြာခဲများလှူဒါန်း

**ရန်ကုန် မေ ၂၄**
ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ကြိုတင် ကာကွယ်နိုင်ရန်အတွက် လောကညှော်သည် သွေးကူညီမှုအသင်း (ရန်ကုန်) နှင့်အတူ အာယုပါလ သွေးကူညီမှုအသင်းနှင့် နီနီဓာတ်ခွဲခန်း (မြောက်ဥက္ကလာပ)တို့မှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်ရှိ ၇၁ ဈေးနှင့် ကားမှတ်တိုင်များ၊ လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းအခု ၇၃၀၊ မျက်နှာအကာအကွယ်အခု ၄၀၀ နှင့် ကာပေါ်လစ်ဆပ်ပြာအတုံး ၆၀၀ တို့ကို သွားရောက်လှူဒါန်းခဲ့ကြောင်း လောကညှော်သည် သွေးကူညီမှုအသင်းမှ သိရသည်။

ယခုလှူဒါန်းမှုသည် လောကညှော်သည် သွေးကူညီမှုအသင်း (ရန်ကုန်) အနေဖြင့် ငါးကြိမ်မြောက်ဖြစ်ပြီး ပထမအကြိမ်လှူဒါန်းမှုကို မေ ၃ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ စံပြငမိုးရိပ်ဈေး၊ ပျံကျဈေးနှင့် ကားမှတ်တိုင်အပါအဝင် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းအခု ၄၀၀ နှင့် မျက်နှာအကာအကွယ်အခု ၄၀၀ တို့ကိုလည်းကောင်း၊ ဒုတိယအကြိမ်လှူဒါန်းမှုကို မေ ၁၀ ရက်တွင် တောင်ဥက္ကလာပမြို့နယ် ၁၀ ရပ်ကွက်ရှိ ပဒေသာဈေးနှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းအခု ၄၀၀ နှင့် မျက်နှာအကာအကွယ်အခု ၄၀၀ တို့ကိုလည်းကောင်း၊ တတိယအကြိမ်လှူဒါန်းမှုကို မေ ၁၄ ရက်တွင် မြောက်ဒဂုံမြို့နယ် မဟာမြိုင်အိမ်ရာအနီးရှိ ကားမှတ်တိုင်များ၊ ဈေးများနှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းအခု ၄၀၀ နှင့် မျက်နှာအကာအကွယ်အခု ၄၀၀ တို့ကိုလည်းကောင်း၊ စတုတ္ထအကြိမ်လှူဒါန်းမှုကို မေ ၁၈ ရက်တွင် တာမွေမြို့နယ်ရှိ တာမွေဈေး၊ ကားမှတ်တိုင်နှင့် လူစည်ကားရာနေရာများ၌ နှာခေါင်းစည်းအခု ၄၀၀ နှင့် မျက်နှာအကာအကွယ်အခု ၄၀၀ တို့ကိုလည်းကောင်း လှူဒါန်းခဲ့ပြီးဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

**အေးမင်းသူ**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးမှ နှာခေါင်းစည်း ၁၂၀၀၀ လှူဒါန်း

**ရန်ကုန် မေ ၂၄**
ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းစဉ်များ၌ အသုံးပြုနိုင်ရန် နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက် ၁၀ နာရီက အင်းစိန်မြို့နယ် ရွာမအရှေ့ အောက်မင်္ဂလာဒုံလမ်း အင်းစိန်ဂျီတီအိုင်စောင့်ကြပ်ကြည့်ရှုရေးစခန်း၌ ကျင်းပသည်။

### လက်ခံရယူ

တရုတ်နိုင်ငံ ပေကျင်းမြို့ရှိ မြန်မာသံရုံးမှ တာဝန်ရှိသူတစ်ဦးက အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရေးအတွက် နှာခေါင်းစည်းအခုရေ ၁၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ အမှတ်(၂) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်၊ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဒေါ်ခင်နှင်းကြည်၊ We love Insein Volunteers နှင့် တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

ထို့နောက် ကော်မတီကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူးက ယခုလှူဒါန်းလာသည့် နှာခေါင်းစည်းများကို အင်းစိန်တစ်မြို့နယ်လုံးအနှံ့ လိုက်လံဝေငှကာ အကျိုးရှိရှိ သုံးစွဲသွားမည်ဖြစ်ကြောင်းပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဉာဏ်ဟိန်း**



## နေအိမ်ပြင်ပ ထွက်သူများ နှာခေါင်းစည်း ဝတ်ဆင်ရန် ကြပ်မတ်

**ကျောက်မဲ မေ ၂၄**
ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးနှင့် ကျောက်မဲမြို့နေပြည်သူများ နှာခေါင်းစည်းဝတ်သည့် အလေ့အထကောင်းများ ဖြစ်ပေါ်လာစေရန်အတွက် ရည်ရွယ်၍ နေအိမ်ပြင်ပသို့ထွက်သူများ နှာခေါင်းစည်း ဝတ်ဆင်ရန် တာဝန်ရှိသူများက ဗဟိုဈေးအနီး ပင်လုံလမ်းနှင့် သီရိမင်္ဂလာလမ်းထောင့်တွင် နေ့စဉ်စစ်ဆေးကြပ်မတ် ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါစစ်ဆေးသည့်အဖွဲ့တွင် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များပါဝင်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## Mask Campaign ပညာပေးလှုပ်ရှားမှု အရှိန်အဟုန်မြှင့်ဆောင်ရွက်

**မကွေး မေ ၂၄**
မကွေးမြို့တွင် အများပြည်သူများ ကူးစက်ရောဂါဘေးမှ ကင်းဝေးစေရေး အပြင်ထွက်လျှင် နှာခေါင်းစည်းဝတ်သည့် အလေ့အထဖြစ်စေရန် ရည်ရွယ်ပြီး Mask Campaign ပြုလုပ်ခြင်းကို ယနေ့ နံနက် ၉ နာရီမှ စတင်ကာ မကွေးမြို့ပေါ်ရှိ အဓိကလမ်းမကြီးများတွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များ အဖွဲ့ခွဲ၍ ရှောင်တခင်စစ်ဆေးခြင်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ခဲ့ကြသည်။

သွားလာနေကြသူများအနက်မှ နှာခေါင်းစည်းမပါသူ၊ နှာခေါင်းစည်းမဝတ်သူများကို နှာခေါင်းစည်းနှစ်ခု ၁၀၀၀ ကျပ်နှုန်းဖြင့် ပညာပေးကာလ ပြစ်ဒဏ်ချမှတ်သည့်အနေဖြင့် ရောင်းချပေးခဲ့ပြီး စနစ်တကျတပ်ဆင်ကြရန် ပညာပေးစည်းရုံးခြင်းများ ပြုလုပ်ခဲ့ကြသည်။

Mask Campaign တွင် မေလကုန်ရက်အထိ နှာခေါင်းစည်းနှစ်ခု ကျပ် ၁၀၀၀ အဖြစ် ဒဏ်ရိုက်ပညာပေးစည်းရုံးဆောင်ရွက်နေခြင်းဖြစ်ပြီး ဇွန် ၁ ရက်မှစတင်ကာ စည်းကမ်းမလိုက်နာသူများကို ထိရောက်ဟန့်တားလောက်သည့် ငွေဒဏ် တိုးမြှင့်သတ်မှတ်၍ ပြစ်ဒဏ်ပေးခြင်းဖြင့်လည်းကောင်း၊ ကူးစက်ရောဂါကာကွယ်နှိမ်နင်းရေး ဥပဒေပုဒ်မများအရလည်းကောင်း စစ်ဆေးအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

### ပူးပေါင်းဆောင်ရွက်

အဆိုပါ Mask Campaign တွင် မကွေးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးဆောင်မှုဖြင့် ဌာနဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် စည်ပင်သာယာရေးဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုဝန်ထမ်းဦးစီးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။

**ခရိုင်(ပြန်/ဆက်)**

## မြန်မာ့ပင်လယ်ပြင်

**နေပြည်တော် မေ ၂၄**
လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ရှစ်ပေခန့်ရှိနိုင်သည်။

**မိုး/ဇလ**

## နီပေါနိုင်ငံ IBEC အနာဂတ်ရောင်ခြည်အသင်းက နီပေါနိုင်ငံရှိ ပြည်သူများအား ဆန်များလှူဒါန်း



**မန္တလေး မေ ၂၄**

ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေသောကာလအတွင်း နီပေါနိုင်ငံ ခတ္တမန္ဒူမြို့မှ စားသောက်ရေးအခက်အခဲရှိနေသောမိသားစု ၂၀၀ တို့အား ဆန်နှင့် အခြားစားသောက်ဖွယ်ရာများကို မေ ၂၂ ရက်က IBEC နီပေါဌာနခွဲ အနာဂတ် ရောင်ခြည် IBEC အသင်း၏ အထွေထွေအတွင်းရေးမှူး ဒေါက်တာပိယရတနမဟာရာဂျန်မိသားစုက ဦးစီးလျက် IBEC ဆရာတော်ကိုယ်စား လှူဒါန်းခဲ့ကြောင်း သိရသည်။

ထို့ပြင် အနာဂတ်ရောင်ခြည် IBEC အသင်းက မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ် သရက်ကန်ကျေးရွာနေ မိသားစု ၂၅၀ တို့အား IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ ဦးဆောင်၍ စစ်ကိုင်းတောင်ရိုး စစ်ကိုင်းမြို့ IBEC အနာဂတ်ရောင်ခြည်အသင်း (စစ်ကိုင်း)မှ ဦးဆောင်လျက် တစ်အိမ်ထောင်လျှင် ဆန်လေးပြည်နှုန်းဖြင့် ထောက်ပံ့လှူဒါန်းခဲ့သည်။

အနာဂတ်ရောင်ခြည် IBEC အသင်းအား စတော့ဟုမ်းကမ္ဘာ့ငြိမ်းချမ်းရေးဆုရှင် မဟာသဒ္ဓမ္မဇောတိကဓဇ IBEC ဆရာတော် ဒေါက်တာအရှင်သောဘိတ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး ကိုဗစ်-၁၉ ကာကွယ်ရေးလုပ်ငန်းများ၊ စားဝတ်နေရေးအတွက် ဆန်လှူဒါန်းမှုများ၊ သဘာဝဘေးအန္တရာယ် ကျရောက်လျက်ရှိသော နေရာများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများကို ထိရောက်စွာ လှူဒါန်းကူညီပေးလျက်ရှိကြောင်း သိရသည်။

အနာဂတ်ရောင်ခြည် IBEC အသင်းအနေဖြင့် ကိုဗစ်-၁၉ ရောဂါကာလအတွင်း မြန်မာနိုင်ငံတွင်သာမက ပြည်ပနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံနှင့် နီပေါနိုင်ငံတို့တွင် စားဝတ်နေရေးအခက်အခဲအတွက် ပြေလည်စေရန် အလို့ငှာ ဆန်နှင့် စားသောက်ဖွယ်ရာများကို ကျယ်ကျယ်ပြန့်ပြန့် လှူဒါန်းလျက်ရှိပြီး ဆက်လက်၍လည်း လိုအပ်သောနေရာများတွင် လှူဒါန်းသွားမည်ဟု IBEC ဆရာတော်က မိန့်ကြားခဲ့ကြောင်း IBEC သတင်းနှင့် ပြန်ကြားရေးဌာနမှ သိသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ဖုံး၊ သွန်၊ လဲ၊ စစ်နှင့် အဘိတ်ဆေးခတ်ခြင်း ဆောင်ရွက်

**နောင်ချို**

ကျောက်မဲခရိုင် နောင်ချိုမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါကာကွယ်သည့်အနေဖြင့် ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများနှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းများကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့်အတူ တာဝန်ရှိသူများက ကျေးရွာ၊ ရပ်ကွက်များတွင် ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက် နံနက်ပိုင်းက သပြေရေရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက အဖွဲ့ခုနစ်ဖွဲ့ခွဲ၍ သပြေရေရပ်ကွက်အတွင်း သွေးလွန်တုပ်ကွေးဖြစ်ပွားစေသောခြင်များ မပေါက်ပွားစေရေးအတွက် အသိပညာပေးခြင်း၊ ရေလှောင်ကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ဖုံး ၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

**ရေး**

မွန်ပြည်နယ် ရေးမြို့နယ်တွင် မိုးရာသီကာလ၌ဖြစ်တတ်သော သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဆောင်ရွက်မှုလုပ်ငန်းများကို မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများတွင် မေ ၂၃ ရက် နံနက် ၇ နာရီခွဲက စတင်လုပ်ဆောင်ခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကံဝင်းနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြည်သူများပူးပေါင်း၍ ရပ်ကွက်/ကျေးရွာအတွင်းရှိ နေအိမ်များ၊ စာသင်ကျောင်းများ၊ အဆောက်အအုံများ၏ ရေကန်များသို့ အဘိတ်ဆေးခတ်ခြင်းနှင့် ခြင်ခိုအောင်းနိုင်သောနေရာများ၊ လူသုံးကုန်ပစ္စည်းများကို ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းများ စုပေါင်းဆောင်ရွက်ခဲ့ကြပြီး သွေးလွန်တုပ်ကွေးရောဂါ မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တနင်္သာရီ၌ စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်နိုင်ရေး တွေ့ဆုံဆွေးနွေး

**တနင်္သာရီ မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့ မြို့နယ်အားကစားခန်းမအတွင်း ယနေ့ နံနက် ၁၀ နာရီက စားသောက်ဆိုင်၊ လက်ဖက်ရည်ဆိုင်များ ပြန်လည် ဖွင့်လှစ်နိုင်ရေးအတွက် တနင်္သာရီမြို့နယ် စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များ စစ်ဆေးကြီးကြပ်ရေးအဖွဲ့က ဈေးဆိုင်ပိုင်ရှင်များနှင့် တွေ့ဆုံဆွေးနွေးပွဲ ကျင်းပသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးဝင်းနိုင်က ဆိုင်များ ပြန်လည်ဖွင့်လှစ်ရောင်းချနိုင်ရန် ပြင်ဆင်နိုင်ရေးအတွက် ၁၀ ရက်ခန့် အချိန်ပေးသွားမည်ဖြစ်၍ ဆိုင်ဖွင့်လှစ်ရောင်းချသူများ၏ ပြင်ဆင်မှုများကို စစ်ဆေးရေးအဖွဲ့က ဇွန် ၃ ရက်မှ ၆ ရက်အတွင်း ကွင်းဆင်းစစ်ဆေးမည်ဖြစ်ပြီး လိုအပ်ချက်များ ပြည့်စုံပါက ဇွန် ၇ ရက်မှစတင်၍ ဆိုင်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းက စားသောက်ဆိုင်ရောင်းချနေသူများအနေဖြင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမရှိစေရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်နှင့်အညီ ရောင်းဝယ်ခြင်းဖြင့် ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

ယင်းနောက် စစ်ဆေးကြီးကြပ်ရေးအဖွဲ့အတွင်းရေးမှူး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်စိုးအောင်က စားသောက်ဆိုင်များတွင် ပြင်ဆင်ထားရမည့် အချက် ၁၁ ချက်၊ ဆိုင်တာဝန်ရှိသူနှင့် ဝန်ထမ်းများ လိုက်နာရမည့်အချက် ၁၁ ချက်၊ စားသုံးသူများလိုက်နာရမည့်အချက် ရှစ်ချက်နှင့် အထူးဂရုပြုဆောင်ရွက်ရမည့် သန့်ရှင်းရေးလုပ်ငန်း လေးချက်တို့ကို ရှင်းလင်းမှာကြားပြီး စစ်ဆေးကြီးကြပ်ရေးအဖွဲ့ဝင် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာလင်းထိုက်စိုးက ကျန်းမာရေးအသိရှိစွာဖြင့် ရောင်းဝယ်/စားသုံးသူများက လက်ဆေးခြင်း၊ နှာခေါင်းစည်းတပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး သတ်မှတ်အကွာအဝေးတွင် စားသုံးခြင်းဖြင့် ရောဂါကူးစက်မှုမှ ကြိုတင်ကာကွယ်ကြရန် ယခင်ရောင်းချနေသကဲ့သို့ ဟင်းပွဲများစွာဖြင့် ဝိုင်းဖွဲ့စားသုံးစေခြင်းမှ ရှောင်ကြဉ်ကြရန်၊ တစ်ဦးချင်းစားသုံးနိုင်သည့် တစ်ခါပြင်ဖြင့် ရောင်းချရန်၊ အရက်၊ ဘီယာရောင်းချသူများအနေဖြင့်လည်း တစ်ခါသုံးခွက်များဖြင့်သာ ရောင်းချရန် ရှင်းလင်းမှာကြားသည်။

ဆက်လက်၍ တွေ့ဆုံပွဲတက်ရောက်လာသည့် ဆိုင်ရှင်များမှ မရှင်းလင်းသည့် အချက်များ၊ သိလိုသည့်အချက်များ မေးမြန်းမှုအပေါ် မြို့နယ်စားသောက်ဆိုင်နှင့် လက်ဖက်ရည်ဆိုင်များစစ်ဆေးကြီးကြပ်ရေးအဖွဲ့ဝင်များက ပြန်လည်ရှင်းလင်းပေးကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျေးရွာများသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**ဟသ်ာတ**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်၌ သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ထောက်ကြံ့ကွင်းကျေးရွာတွင် မေ ၂၃ ရက်က စေတနာရှင်များက ရေသန့်များ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဟင်္သာတမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ စေတနာလုပ်အားရှင်များ၊ လေးမျက်နှာမြို့နယ် ကြက်ခြေနီသူနာပြုတပ်ဖွဲ့ စေတနာလုပ်အားရှင်များ၊ ဖြူစင်မေတ္တာအဖွဲ့နှင့် အလှူရှင်များစုပေါင်း၍ ၂၀ လီတာပါ ရေသန့်ဘူးကြီး ၁၀၀ နှင့် တစ်လီတာရေသန့်ဘူး ခြောက်လုံးပါ ရေသန့်ကတ် ၁၅၀ တို့ကို ရေလိုအပ်လျက်ရှိသည့် အိမ်ထောင်စုများလက်ဝယ်အရောက် လှူဒါန်းခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

**ညောင်ဦး**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ရွာသစ်တောင်ကျေးရွာရှိ ဒေသခံကျေးလက်နေပြည်သူများ သောက်သုံးရေသုံးစွဲရန် အခက်အခဲကြုံတွေ့နေကြောင်း သိရ၍ မေ ၂၄ ရက် နံနက် ၈ နာရီက ပုဂံမြို့ ဖြူစင်မေတ္တာ(ရေ/သွေး)ပရဟိတအသင်းနှင့် သုမင်္ဂလာပရဟိတရေလှူအသင်းတို့ ပူးပေါင်းအဖွဲ့က ရေသယ်ယာဉ်နှစ်စီးဖြင့် သွားရောက်ပြီး သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့သည်။

ရွာသစ်တောင်ကျေးရွာရှိ အိမ်ခြေ ၃၀၀ ခန့်အား ရေဖူလုံစွာသောက်သုံးနိုင်ရေး ရေဂါလန် ၂၄၀၀ ကို အိမ်ထောင်စုအလိုက် စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြသည်။

အလားတူ ညောင်ဦးမြို့နယ် ထန်းပေါက်တောကျေးရွာရှိ အိမ်ခြေ ၃၀၀ ကျော်အတွက် ယနေ့နံနက်ပိုင်းက ရေသယ်ယာဉ်နှစ်စီးဖြင့် သောက်သုံးရေဂါလန် ၂၄၀၀ အား စနစ်တကျ ခွဲဝေလှူဒါန်းပေးခဲ့ကြောင်း ဖြူစင်မေတ္တာ(ရေ/သွေး) ပရဟိတအသင်းမှ အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဦးဇော်ပွေးထံမှ သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာရမည့် အချက်များ အသိပညာပေး

**ရန်ကုန် မေ ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် မင်္ဂလာဒုံမြို့နယ်၌ စည်ပင်သာယာရေးဝန်ထမ်းများက လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များ ပြန်လည်ဖွင့်လှစ်ရာတွင် လိုက်နာရမည့်အချက်များကို အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြသည်။

မင်္ဂလာဒုံမြို့နယ်အတွင်းရှိ လက်ဖက်ရည်ဆိုင်များနှင့် စားသောက်ဆိုင်များသို့ သွားရောက်၍ စားသုံးသူများအားလုံးကို အဝင်ဝတွင် အပူချိန်တိုင်းခြင်းနှင့် လက်ဆေးစေရန်၊ ဆိုင်အား လေဝင်/လေထွက် ကောင်းမွန်စေရန် ပြတင်းပေါက်များဖွင့်ထားရန်၊ တစ်ဦးနှင့်တစ်ဦးကြားတွင် မှန်ပြား၊ သစ်သားပြားတို့ဖြင့် အကန့်ကန့်ထားရန်၊ ပန်းကန်နှင့် ဇွန်းများကို ပိုးသတ်ထားရန်၊ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးပိုစတာများ၊ ဗီနိုင်းများ တပ်ဆင်ထားရန်၊ ဆိုင်ဝန်ထမ်းများ နှာခေါင်းစည်း၊ မျက်နှာကာ၊ ရှေ့ကာခါးစည်းနှင့် လက်အိတ် စသည်တို့ဝတ်ဆင်ထားရန်၊ လုပ်ငန်းဆောင်ရွက်နေစဉ် ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ နှာချေခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း စသည့် သံသယလက္ခဏာတစ်ခုခု ခံစားရပါက အလုပ်မှ ချက်ချင်းအနားပေး၍ နီးစပ်ရာကျန်းမာရေးဌာနသို့ သတင်းပို့ပြီး လိုအပ်သောဆေးကုသမှု ခံယူရန် စသည်တို့နှင့် စားသုံးသူများအနေဖြင့်လည်း ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည်များကို လိုက်နာရမည်ဖြစ်ကြောင်း အသိပညာပေးခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ရေတွင်းအသက်ကယ်ခြင်း လက်တွေ့သရုပ်ပြ

**နွားထိုးကြီး မေ ၂၄**

ရေတွင်းဟောင်း၊ ရေတွင်းပျက်နှင့် အသုံးပြုလျက်ရှိသော ရေတွင်းများတွင် လူနှင့် တိရစ္ဆာန်များ ပြုတ်ကျခြင်းများရှိပါက အချိန်မီကယ်တင်နိုင်ရန်ရည်ရွယ်၍ ရေတွင်းအသက်ကယ်ခြင်း သရုပ်ပြမှုကို မေ ၂၄ ရက်နံနက်က အမှတ်(၅)ရပ်ကွက်၌ ပြုလုပ်သည်။

မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရန်အောင်စိုး ဦးဆောင်သည့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် ရေတွင်းထဲပြုတ်ကျသူအား ကယ်တင်ခြင်းကို အသက်ကယ်ပစ္စည်းကိရိယာများ အသုံးပြု၍ အဖွဲ့လိုက် လက်တွေ့သရုပ်ပြလေ့ကျင့်ခဲ့ကြောင်း သိရသည်။

**သန်းအောင်ဇော်**

■

# စဉ့်ကိုင်၌ စေတနာ့ဝန်ထမ်းအထောက်အကူပြု သင်တန်းဖွင့်လှစ်

**စဉ့်ကိုင် မေ ၂၄**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ်ရှိ အသွားအလာကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် တာဝန်ထမ်းဆောင်နိုင်ရန်အတွက် စေတနာ့ဝန်ထမ်းအထောက်အကူပြုသင်တန်း (၁/၂၀၂၀) ကို တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့် မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်ပြည်သူ့ဆေးရုံခန်းမတွင် ဖွင့်လှစ်သည်။

တိုင်းဒေသကြီး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးဇော်မင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြည်သူ့ကျန်းမာရေးဌာန ကုသရေးမှူး ဒေါက်တာအေးလွင်က စေတနာ့ဝန်ထမ်းသင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်မည့် စေတနာ့ဝန်ထမ်း ၄၂ ဦး တက်ရောက်ကြပြီး လူမှုရေးပိုင်းဆိုင်ရာ ပံ့ပိုးပေးနည်းများ၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများတွင် ကာကွယ်ပေးနိုင်မည့်နည်းလမ်းများ၊ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးသူငယ်များ၊ ကူညီဆောင်ရွက်ပေးနိုင်မည့်နည်းလမ်းများ၊ မသန်စွမ်းသူများ၊ နာတာရှည်ရောဂါဝေဒနာရှင်များအား ရောဂါကာကွယ်နည်းနှင့် စိတ်ဓာတ်ရေးရာမြှင့်တင်ပေးမှုဆိုင်ရာ နည်းလမ်းများကို သင်ကြားပေးသွားမည်ဖြစ်ပြီး ကူးစက်ရောဂါနှင့် ပတ်သက်၍ မကူးစက်နိုင်အောင် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံဝတ်နည်း၊ ချွတ်နည်းနှင့် စွန့်ပစ်ရမည့်နည်းလမ်းများကိုလည်း သင်ကြားပြသပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်**
**(ပြန်/ဆက်)**





# ရှမ်းပြည်နယ်(တောင်ပိုင်း)၌ စေတနာ့ဝန်ထမ်း နည်းပြဆင့်ပွားသင်တန်းဖွင့်

**တောင်ကြီး မေ ၂၄**
အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်းဖွင့်ပွဲကို ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် မေ ၂၂ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ရှမ်းပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါက်တာအောင်သန်းမောင်က စေတနာ့ဝန်ထမ်းများအား နိုင်ငံတော်ကအသိအမှတ်ပြုခြင်းများ ဆောင်ရွက်ပေးခြင်းအပြင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသခြင်းနှင့် တုံ့ပြန်ခြင်းဆိုင်ရာ အခြေခံအချက်အလက်များကို သိရှိပြီး ထိရောက်သော ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ရေးအတွက် ယခုလိုအချိန်တိုသင်တန်းကို ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း၊ သင်တန်းမှပို့ချသင်ကြားမည့် ဘာသာရပ်များကို ကောင်းစွာသင်ယူသွားစေလိုကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံဆရာဝန်များအသင်း ကလေးအထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာသန်းထိုက်က ဦးတည်အုပ်စုအလိုက် ဝန်ဆောင်မှုပေးခြင်းအကြောင်း၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်း ဒေါက်တာဇော်လင်းဖေက ရောဂါကာကွယ်ခြင်းနည်းလမ်းများအကြောင်း၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒေါက်တာဇေနကိုက ပတ်ဝန်းကျင်သန့်ရှင်းရေးအကြောင်း၊ ရှမ်းပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ကြူကြူဇော်က စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးမှုပေးခြင်း၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအကြောင်း၊ ရှမ်းပြည်နယ် UNICEF ရုံးတာဝန်ခံ ဒေါ်ခင်မိုးအေးက ခွဲခြားနှိမ့်ချဆက်ဆံခြင်းအကြောင်း၊ ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထွန်းဦးက ပြောဆိုဆက်သွယ် ဆောင်ရွက်မှုဆိုင်ရာကျွမ်းကျင်မှုအကြောင်းတို့ကို ဆွေးနွေးပို့ချပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ သင်တန်းသားသင်တန်းသူ စုစုပေါင်း ၇၀ တက်ရောက်ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

# ကျောင်းကုန်း၌ နှာခေါင်းစည်းမတပ်သူများအား အရေးယူ

**ကျောင်းကုန်း မေ ၂၄**
ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်တွင် နှာခေါင်းစည်းမတပ်သူများအား ယနေ့ နံနက် ၈ နာရီက လူစည်ကားရာနေရာများ၌ ယခုဝယ်ယခုတပ် အစီအစဉ်ဖြင့် ဒဏ်တပ်အရေးယူခဲ့ကြောင်း သိရသည်။

လူစည်ကားရာနေရာများဖြစ်သည့် မြို့မဈေးကြီးအနီး၊ ဆေးရုံလမ်းနှင့် မင်းလမ်းထောင့်၊ အိုးဘိုလမ်းဆုံတို့တွင် ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးခဲ့ကြပြီး မေ ၂၁ ရက်မှ ယနေ့အထိ နှာခေါင်းစည်းမတပ်သူ ၇၈ ဦးအား နှာခေါင်းစည်းသုံးခုလျှင် ငွေကျပ် ၃၀၀၀ နှုန်းဖြင့် ဒဏ်တပ်အရေးယူခဲ့ကြောင်း သိရသည်။

အဆိုပါပူးပေါင်းအဖွဲ့တွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းရွှေ၊ မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိ ဦးကျော်စွာလင်း၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးတင်ဝင်းတို့က လိုက်လံစစ်ဆေးအရေးယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ အခမဲ့ဖြန့်ဝေ

**တပ်ကုန်း မေ ၂၄**
နေပြည်တော်တပ်ကုန်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမဖြစ်ပေါ်စေရေးအတွက် ရောဂါထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၇ နာရီခွဲမှစတင်၍ မြို့တွင်း ရန်ကုန်-မန္တလေးကားလမ်းဘေးအနီး လူစည်ကားသည့်နေရာနှင့် ဈေးများတွင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေး နှာခေါင်းစည်းနှင့် လက်ကမ်းစာစောင်များ (အခမဲ့)ဖြန့်ဝေဆောင်ရွက်ခဲ့ကြသည်။

တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်နှင့်အဖွဲ့၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသူရဦးနှင့် တာဝန်ရှိသူများသည် မြို့တွင်းလူစည်ကားသည့်နေရာများ၊ မြို့မဈေးနှင့် ယာယီပျံကျဈေးများတွင် ခရီးသွားလာသူများနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား နှာခေါင်းစည်း ၄၀၀၀ နှင့် ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့ သတင်းစကားလက်ကမ်းစာစောင်များ(အခမဲ့) ဖြန့်ဝေခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးကျော်တင့်က ခရီးသွားနှင့် ဈေးရောင်း၊ ဈေးဝယ်ပြည်သူများအား စနစ်တကျ နှာခေါင်းစည်းတပ်ဆင်ရေး၊ နေအိမ်ပြင်ပထွက်ခွာပါက မဖြစ်မနေ နှာခေါင်းစည်းတပ်ဆင်သွားလာရေးနှင့် ပညာပေးကာလပြီးစီးပါက အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# လူမှုဖူလုံရေးအာမခံအလုပ်သမားများ အလုပ်ပိတ်ရက်အတွက် ထောက်ပံ့ကူညီမှု ၄၀ ရာခိုင်နှုန်းထုတ်ပေး

**မန္တလေး မေ ၂၄**
မန္တလေးမြို့ လူမှုဖူလုံရေးရုံးခွဲ(၂)တွင် အကျုံးဝင်မှတ်ပုံတင်ထားသော အမှတ်(၃) စက္ကူစက်ရုံ(ပလိပ်)မှ အာမခံ အလုပ်သမားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလ အလုပ်ပိတ်ရက်များအတွက် လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ပေးအပ်ပွဲကို မေ ၂၂ ရက် နံနက်ပိုင်းက ကမ်းနားလမ်းရှိ လူမှုဖူလုံရေးရုံးခွဲ(၂)တွင် ကျင်းပသည်။

မန္တလေးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ ရုံးတာဝန်ခံ ဒေါ်နှင်းနှင်းဦးက ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးကာလ ယာယီရပ်နားထားခဲ့သော စက်ရုံအလုပ်အရုံများရှိ လူမှုဖူလုံရေးအဖွဲ့အကျုံးဝင် အာမခံအလုပ်သမားများအား ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေနှင့်အညီ ထည့်ဝင်ကြေးပေးသွင်းထားသော ငွေကြေး၏ ၄၀ ရာခိုင်နှုန်းကို လူမှုဖူလုံရေး ထောက်ပံ့ကူညီမှုအကျိုးခံစားခွင့်ထုတ်ပေးကြောင်း ရှင်းလင်းပြောကြားပြီး အမှတ်(၃) စက္ကူစက်ရုံ(ပလိပ်)မှအာမခံအလုပ်သမား ၁၈၆ ဦးအတွက် အလုပ်နားရက် ၁၉ ရက် ၊ လူမှုဖူလုံရေးထောက်ပံ့ကူညီမှုအကျိုးခံစားခွင့် ၄၀ ရာခိုင်နှုန်း ခွင့်ပြုငွေကျပ် ၉၁၄၃၈၁၃ ဒသမ ၃၃ ကျပ်ကို အထွေထွေမန်နေဂျာ ဦးခင်မောင်စိုးအား ပေးအပ်သည်။




လူမှုဖူလုံရေးအဖွဲ့အာမခံထားရှိသော စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအနေဖြင့် လူမှုဖူလုံရေးအဖွဲ့ ထောက်ပံ့ငွေခံစားနိုင်ရန် တိုင်းဒေသကြီးနှင့် ပြည်နယ်အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဌာနရုံးများသို့ အကြောင်းကြားရမည်ဖြစ်ပြီး စစ်ဆေးမှုခံယူရန် အကြောင်းကြားခြင်းမရှိပါက အာမခံအလုပ်သမားများအတွက် လူမှုကူညီရေးထောက်ပံ့ကူညီမှု ရှိမည် မဟုတ်ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ဒဂုံမြို့နယ်၌ အပူချိန်တိုင်းကိရိယာဖြင့် စစ်ဆေး

**ဒဂုံ မေ ၂၄**
ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ သံသယလူနာရှာဖွေစစ်ဆေးခြင်းကို ယနေ့ နံနက် ၇ နာရီမှစတင်ကာ ယောမင်းကြီးလမ်းရှိပြည်သူများအား တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှ အလို အလျောက် အပူချိန် တိုင်းစက် ကိရိယာတပ် ဆင် ထားသည့် မော်တော်ယာဉ် ဖြင့် လာရောက်စစ်ဆေးပေးသည်။

ယောမင်းကြီးလမ်းရှိ အိမ်ထောင်စု ၃၉၂ စုမှလူဦးရေ ၁၉၀၅ ဦးအား ပရဟိတအဖွဲ့ဝင်များက တစ်အိမ်ချင်းအလိုက် ခေါ်ယူ၍ ကိုဗစ်-၁၉ ရောဂါပိုးစစ်ဆေးပေးသည်။

စစ်ဆေးဆောင်ရွက်ရာတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ဦးအီနွယ်လှိုင်ပူနှင့် ကော်မတီဝင်များ၊ ခရိုင်နှင့်မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်ပရဟိတအဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိတ်မြို့ရှိ အေးရိပ်ချောင်လမ်းအား နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်



**မြိတ် မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့၌ ပြည်သူများနေ့စဉ်ဖြတ်သန်းသွားလာလျက်ရှိသော ကလွင်ကျေးရွာရှိ အေးရိပ်ချောင်လမ်းအား AC နိုင်လွန်ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ငွေကျပ် ၃၉၄ သန်းဖြင့် လမ်းဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည်။

အေးရိပ်ချောင်လမ်းသည် မြိတ်တက္ကသိုလ်၊ ဆေးရုံကြီးသို့သွားလာသည့် စပါးရွှေဝါလမ်းနှင့် လေယာဉ်ကွင်း၊ ကားကြီးဝင်းသွားလာသည့် ကန်ဖျားလမ်းမကြီးနှင့် လေယာဉ်ကွင်းလမ်းတို့ကို ဆက်သွယ်ထားသည့် အဓိကလမ်းတစ်လမ်းဖြစ်၍ ပြည်သူများ နေ့စဉ် အသုံးပြုသွားလာလျက်ရှိသည့် လမ်းတစ်လမ်းဖြစ်ပြီး နယ်ဝေးမှ ပြည်သူ့ဆေးရုံသို့ ဆေးကုသမှုခံယူရန်လာရောက်သည့် ဝေဒနာရှင်များကို ပို့ဆောင်ပေးသည့် အရေးပေါ်မော်တော်ယာဉ်များအသုံးပြုသွားလာမှုများသည့် လမ်းတစ်လမ်းဖြစ်သည်။

"ရိုးရိုးကတ္တရာလမ်းကို AC နိုင်လွန်ကတ္တရာအဆင့်မြှင့်တင်ဆောင်ရွက်တာဖြစ်ပါတယ်။ တိုင်းဒေသကြီးငွေလုံးငွေရင်း ရန်ပုံငွေကျပ် ၃၉၄ သန်း ရရှိပါတယ်။ ဒီလမ်းအရှည်ဟာ စုစုပေါင်း ပေ ၄၀၀၀ ရှိပါတယ်။ လမ်းသားအကျယ် ၂၄ ပေဆောင်ရွက်မှာဖြစ်ပါတယ်။ လမ်းအနေအထားက ကွန်ရက်လမ်းသဘောဖြစ်နေပြီး အဓိကလမ်းမကြီးဖြစ်နေတယ်။ ဒါကြောင့် ဒီလမ်းကို AC နိုင်လွန်ကတ္တရာအဆင့်မြှင့်တင် ဆောင်ရွက်တာဖြစ်ပါတယ်" ဟု မြိတ်မြို့နယ် လမ်းဦးစီးဌာနဦးစီးအရာရှိ(မြို့ပြ) ဦးသိန်းအောင်က ပြောကြားသည်။

AC လမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည့် အေးရိပ်ချောင်လမ်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကာ လမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ပြည်သူများ ယခုထက်ပိုမိုအဆင်ပြေချောမွေ့စွာ လမ်းအသုံးပြုသွားလာနိုင်တော့မည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**

# တစ်ပိုင်တစ်နိုင် ယွန်းထည်လုပ်ငန်း ကျိုင်းတုံမြို့၌ ဆောင်ရွက်

**ကျိုင်းတုံ မေ ၂၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ဒေသခံပြည်သူများအနေဖြင့် လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအပြင် ယွန်းထည်ထုတ်ကုန်လုပ်ငန်းကို တစ်ပိုင်တစ်နိုင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ရဲ့ ဘိုးဘွားဘီဘင်လုပ်ငန်းဆိုလည်း မမှားပါဘူး၊ ရှေးအဆက်ဆက်ကဒီယွန်းလုပ်ငန်းကို လုပ်ကိုင်လာကြတာပေါ့၊ အရင်က ဒီအမှတ်(၁)ရပ်ကွက် စွမ်မွန်းရွာက တစ်ရွာလုံးနီးပါးလုပ်ကြတာ၊ အခုတော့ ဒီယွန်းလုပ်ငန်းပညာ ကွယ်ပျောက်မသွားဖို့ ယွန်းထည်လုပ်ငန်းပညာကိုလေ့လာလိုကြတဲ့ လူငယ်တွေကို အခမဲ့သင်ကြားပေးပါတယ်" ဟု ယွန်းလုပ်ငန်းလုပ်ကိုင်နေသူ ဦးစိုင်းလုံက ပြောကြားသည်။

အဆိုပါယွန်းထည်လုပ်ငန်းသို့ နိုင်ငံအသီးသီးမှ နိုင်ငံခြားသားများ၊ ပြည်တွင်းရှိယွန်းထည်စိတ်ဝင်စားသူများ လာရောက်လေ့လာလျက်ရှိပြီး ပြည်တောင်း၊ ဆွမ်းအုပ်၊ လက်ဖက်အုပ်၊ ကွမ်းအစ်နှင့် အခြားသောယွန်းထည်ပစ္စည်း အမျိုးပေါင်း ၂၀ ကျော်ခန့် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုင်းရွှေအောင်(ပြန်/ဆက်)**

# ငါးရစ်ငါးသန်ကာလ ငါး၊ ပုစွန်များ မဖမ်းဆီးရေး၊ ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး

**မတ္တရာ မေ ၂၄**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန်ကာလတွင် ငါး၊ ပုစွန်များ မဖမ်းဆီးရေးနှင့် ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက မြွေဟင်္သာကျေးရွာနှင့် မြွေတလိုင်းကျေးရွာများရှိ ကူးတို့ဆိပ်များတွင် ဆောင်ရွက်ခဲ့ကြသည်။

ရေချိုငါးလုပ်ငန်းရေပြင်တွင် ငါးမျိုးမပြုန်းတီးစေဘဲ ငါးသယံဇာတပေါများစေရန်အတွက် ငါးရစ်ငါးသန်ရာသီချိန်ဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် ငါးများဖမ်းဆီးခြင်းမပြုရန် ငါးလုပ်ငန်းဦးစီးဌာနမှ တားမြစ်ထားပြီး တားမြစ်ချက်အားမလိုက်နာပါက ဥပဒေအရအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပညာပေးခြင်း၊ ငါးသယံဇာတထိန်းသိမ်းရေး ပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေခြင်းလုပ်ငန်းများဆောင်ရွက်ခြင်း၊ ဧရာဝတီမြစ်အတွင်း ငါးရစ်ငါးသန်ထိန်းသိမ်းကာကွယ်ခြင်းဆိုင်ရာ စောင့်ကြည့်လေ့လာရေးနှင့် ကင်းလှည့်စစ်ဆေးခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကရင်ပြည်နယ်၌ ငါးသားပေါက်ကောင်ရေ ၁၇၄၅၀၀၀ ကျော် မျိုးစိုက်ထည့်မည်

**ဘားအံ မေ ၂၄**

ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ ပြည်သူများ စားနပ်ရိက္ခာဖူလုံမှုရှိစေရေး၊ သဘာဝရေပြင်အတွင်း ငါးသယံဇာတကြွယ်ဝစေပြီး စဉ်ဆက်မပြတ်စားသောက်နိုင်ရေး၊ ပြည်သူများ အာဟာရပြည့်ဝသော ငါးစားသုံးနိုင်ရေးတို့ကို ရည်ရွယ်ပြီး ဘားအံငါးသားဖောက်စခန်းနှင့် ကျုံဒိုးငါးသားဖောက်စခန်းတို့တွင် မျိုးကောင်းမျိုးသန့်ငါးများကို သားဖောက်လျက်ရှိပြီး ငါးမွေးမြူရေးကန်များသို့ သားဖောက်ရောင်းချခြင်းနှင့် နှစ်စဉ်ငါးမျိုးစိုက်ထည့်ခြင်းတို့ကို (အခမဲ့) ဆောင်ရွက်လျက်ရှိသည်။

၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငါးမျိုးစိုက်ထည့်မှုအကြိမ် ၄၀ ဆောင်ရွက်သွားမည်ဖြစ်ပြီး ငါးသားပေါက်ကောင်ရေ တီလားဗီးယား ၂၅၀၀၀၊ ငါးခုံးမကြီး ၁၀၁၅၀၀၀၊ ရွှေဝါငါးကြင်း ၁၇၅၀၀၀၊ ငါးမြစ်ချင်း ၅၃၀၀၀၀ စုစုပေါင်း ၁၇၄၅၀၀၀ ကို ကရင်ပြည်နယ်အတွင်းရှိ မြစ်ချောင်းအင်းအိုင်များ၊ ဆည်များ၊ ရေလှောင်တမံများ၊ စပါး၊ ငါးကန်များ၊ တပ်ရင်း တပ်ဖွဲ့များနှင့် ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ ငါးမွေးမြူရေးကန်များသို့ အခမဲ့မျိုးစိုက်ထည့်ပေးသွားမည်ဖြစ်ကြောင်း ကရင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။



ထို့အပြင် ကရင်ပြည်နယ်အတွင်း ငါးသယံဇာတများ ထိန်းသိမ်းနိုင်ရေးအတွက် လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ပိုစတာများစိုက်ထူပေးခြင်း၊ တားမြစ်စာများပေးအပ်ခြင်း၊ အသိပညာပေးခြင်းနှင့် ဥပဒေအရအရေးယူခြင်းတို့ကို သက်ဆိုင်ရာဌာနများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး

**တနင်္သာရီ မေ ၂၄**

တနင်္သာရီတိုင်းဒေသကြီး တနင်္သာရီမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများက ယမန်နေ့ နံနက် ၁၀ နာရီက တမုတ်ချုန်းကျေးရွာအုပ်စု ရေဖြူကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းတွင် ဒေသခံရေလုပ်သားများအား ငါးသယံဇာတထိန်းသိမ်းခြင်းဆိုင်ရာများ သိရှိနားလည်ပြီး ပူးပေါင်းလိုက်နာဆောင်ရွက်နိုင်စေရန်အတွက် အသိပညာပေးဟောပြောသည်။

မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနဦးစီးမှူး ဦးပြည့်စုံက ငါးရစ်ငါးသန်ကာလဖြစ်သည့် မေ၊ ဇွန်၊ ဇူလိုင်လတို့တွင် ငါး၊ ပုစွန်တို့ မိတ်လိုက်ချိန်၊ ဥချချိန်၊ ငါး၊ ပုစွန်သားပေါက်များ ရှင်သန်ကြီးထွားချိန်တို့၌ ဖမ်းဆီးမှုများမပြုလုပ်ကြဘဲ ပူးပေါင်းလိုက်နာဆောင်ရွက်ပေးကြရန် အသိပညာပေးဟောပြောပြီး ငါးလုပ်ငန်းဦးစီးဌာနမှထုတ်ဝေသော ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စစ်တောင်းမြစ်နှင့် ဆွာချောင်းဆုံရာအနီးတွင် ရေလွှဲရေကာတာ မိုးမကျမီအပြီးဆောင်ရွက်မည်

**ရေတာရှည် မေ ၂၄**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ငါးကြီးကွေ့ကျေးရွာအရှေ့ဘက် စစ်တောင်းမြစ်နှင့် ဆွာချောင်းဆုံရာအနီးတွင် ချဉ်းကပ်လမ်းပိုင်းကို ချောင်းရေတိုက်စားမှုမှကာကွယ်နိုင်ရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အရှည်ပေ ၁၂၀၀ ရှိ စတီးကပ္ပြန်ပေါက်မျှော ရေလွှဲရေကာတာအား ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၉၀ ဖြင့် ရွှေထူးလျှံကျော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်ခြင်းနှင့်ပတ်သက်၍ အငယ်တန်းအင်ဂျင်နီယာ ဦးအောင်လှမွေးက ''လောလောဆယ် ချောင်းကမ်းတစ်လျှောက်မှာ မြေပြုပြင်တဲ့ ရှေ့ပြေးလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ လုပ်ငန်းတွေကို မိုးမကျမီ အပြီးဆောင်ရွက်မှာပါ'' ဟု ရှင်းလင်းပြောကြားသည်။

ယခုဆောင်ရွက်သည့်နေရာသည် ဆွာချောင်းအောက်ဘက်အဆုံးအကွေ့နေရာဖြစ်ပြီး စစ်တောင်းမြစ်ကူးတံတား (ဆွာတံတား) တည်ဆောက်ရေးလုပ်ငန်းခွင်သို့သွားသည့် ချဉ်းကပ်လမ်းနှင့်အနီးဆုံးနေရာလည်းဖြစ်သည်။

**ကိုလွင် (ဆွာ)**



# မြင်းခြံမြို့နယ်အတွင်း ပျိုးပင်ပေါင်း ၃၈၀၀၀ ကျော် စိုက်ပျိုးမည်

**မြင်းခြံ မေ ၂၄**

မြင်းခြံမြို့နယ်အတွင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် အပူဒဏ်လျှော့ချရေးတို့အတွက် ပျိုးပင်ပေါင်း ၃၈၀၀၀ ကျော်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမော်နိုင်ထံမှ သိရသည်။

ပျိုးဥယျာဉ်များအနေဖြင့် မြို့မပျိုးဥယျာဉ်နှင့် ခြေမျစ်ကျင်း ပျိုးဥယျာဉ်နှစ်ခုရှိကာ ဆားခါးကျေးရွာအနီးတွင် ရေဝေရေလွှဲစိုက်ခင်း ဧက ၅၀ နှင့် ရွာသာရွာကျေးရွာအနီးတွင် ကျေးရွာသုံးစိုက်ခင်း ဧက ၂၀ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

မိုးရွာသွန်းပြီးနောက် လုံလောက်သည့် မြေအစိုဓာတ် ခြောက်လက်မမှ ရှစ်လက်မအထိရရှိပါက ပျိုးထောင်ထားရှိသည့် ပျိုးပင်များဖြစ်သော ယူကလစ်ပင်၊ ဝါးပင်၊ တမာပင်၊ ရှားပင်စသည်တို့ကို အမြန်ဆုံးစိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ မြို့နယ်အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနအနေဖြင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် မြင်းခြံမြို့နယ်ရှိ ကုလကျေးရွာ ဘက်စုံအသုံးပြုနိုင်ရန်အတွက် မြေတစ်ဧကစိုက်ပျိုးနိုင်ရန် ကျွန်းပျိုးပင် ၆၈၀ စိုက်ပျိုးပေးသွားမည်ဖြစ်ပြီး တစ်အိမ်ထောင်လျှင် ကျွန်းပင်သုံးပင်၊ သစ်မာပင် ၁၂ ပင်တို့ကိုလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကျော်စွာ**
**(မြင်းခြံ)**





# ငဖဲမြို့နယ်၌ နွေနှမ်းဧက ၁၅၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်း

**ငဖဲ မေ ၂၄**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် မန်းချောင်းရေလှောင်တမံဆည်နှင့် ရင်းရှည်ဆည်တို့မှ ပို့လွှတ်သောရေတို့ဖြင့် နွေနှမ်းဧက ၅၅၀ စိုက်ပျိုးရန် လျာထားခဲ့ရာ ယနေ့အထိ ဧက ၁၅၅၀ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း ငဖဲမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးမှ သိရသည်။

ငဖဲမြို့နယ်တွင် နွေသီးနှံအဖြစ် စပါး၊ ပဲ၊ ပြောင်း၊ မြေပဲ၊ နှမ်းများကို စိုက်ပျိုးလျက်ရှိရာ လယ်မြေများတွင် နွေစပါးစိုက်ပျိုးမှုကုန်ကျစရိတ်ထက် နွေနှမ်းစိုက်ပျိုးမှုကုန်ကျစရိတ်မှာ ပိုမိုသက်သာပြီး နှမ်းဈေးကောင်း ရရှိသောကြောင့် နွေနှမ်းကို ပိုမိုစိုက်ပျိုးကြကြောင်း၊ ယခင်နှစ်က နွေနှမ်းကို ၇၈၉ ဧက စိုက်ပျိုးခဲ့ပြီး ယခုနှစ် ဧက ၁၅၅၀ စိုက်ပျိုးနိုင်ခဲ့ရာ ယခင်နှစ်ကထက် ၇၆၁ ဧက ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ယခုနှစ် နွေနှမ်းကို ကျေးရွာအုပ်စု ၁၇ အုပ်စုတွင် အစိုးရဆည်ရေဖြင့် ၆၇၉ ဧက၊ ဆည်ငယ်၊ ကန်ငယ်ရေဖြင့် ၈၅၂ ဧက၊ မြေအောက်ရေဖြင့် ၁၉ ဧက စိုက်ပျိုးပြီး စမုန်နက်နှမ်းမျိုး ဧက ၁၀၅၀ နှင့် (၂/၁၄) နှမ်းမျိုး ဧက ၅၀၀ ရှိကြောင်း၊ ချောင်းဖြူကျေးရွာအုပ်စုတွင် ဘက်စုံအဆင့်မြင့်စံပြကွက် ဧက ၁၄၀ ရှိပြီး တောင်သူများအနေဖြင့် နွေနှမ်းစိုက်ပျိုးမှုအောင်မြင်ဖြစ်ထွန်းရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက စိုက်ပျိုးရေးအသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးထားပြီး အွန်လိုင်းမှလည်း စိုက်ပျိုးရေးနည်းပညာများ အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကျိုင်းတုံမြို့ရှိ ပြည်သူများ မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးနိုင်ရန် မျိုးစေ့၊ ပျိုးပင်နှင့် မြေဩဇာများ အခမဲ့ဖြန့်ဝေ

**ကျိုင်းတုံ မေ ၂၄**

ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ထောက်ပံ့မှုဖြင့် ကျိုင်းတုံမြို့ရှိ ရပ်ကွက်နေပြည်သူများ ကိုဗစ်-၁၉ ရောဂါ ကာကွယ်နိုင်ရေးနှင့်အတူ မိသားစုတစ်ပိုင်တစ်နိုင် Home Garden စိုက်ပျိုးနိုင်ရန် မျိုးစေ့များ၊ ပျိုးပင်များ၊ အပင်အားတိုးဆေး၊ မြေဩဇာများနှင့် နည်းပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက်ပိုင်းက တတိယအကြိမ်အဖြစ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဖြန့်ဝေပေးရာတွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုတိယပြည်နယ်ဦးစီးမှူး ဦးလှဝင်းဦးဆောင်သည့် ဒုတိယပြည်နယ်ရုံး၊ ခရိုင်၊ မြို့နယ်ရုံး ဝန်ထမ်းများက အမှတ်(၂)၊ အမှတ်(၃) ရပ်ကွက်များရှိ အိမ်ခြေပေါင်း ၂၂၀၀ ကို ဟင်းနုနယ်၊ သခွား၊ ရုံးပတီ၊ ငရုတ်၊ ခရမ်း၊ ဖရုံ၊ ချဉ်ပေါင်၊ မုန်ညင်း၊ တိုင်လွတ်ပဲ၊ ရွှေပဲသီးနှင့် ပဲစောင်းလျားစသည့် မျိုးစေ့များ၊ ပျိုးပင်များ၊ အပင်အားဆေးများ၊ ကွန်ပေါင်းဓာတ် မြေဩဇာများ၊ နည်းပညာပေးလက်ကမ်းစာစောင်များကို အိမ်တိုင်ရာရောက် ဖြန့်ဝေပေးခဲ့ကြသည်။

ရှမ်းပြည်နယ်(အရှေ့ပိုင်း) စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်တွင် ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းလတ်ဆတ်၍ အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက်များ စားသုံးနိုင်စေခြင်း၊ မီးဖိုချောင်အသုံးစရိတ် လျှော့ချနိုင်ခြင်း၊ ဈေးသွားရန်မလိုဘဲ လူစုလူဝေးရှောင်ရှားနိုင်ခြင်း၊ မိမိစိုက်ပျိုးထားသော သီးနှံများအား ပြုစုရသည့်အတွက် ကိုယ်လက်လှုပ်ရှားမှုနှင့် ကျန်းမာပျော်ရွှင်မှုရရှိစေခြင်း စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။ အဆိုပါ Home Gardening Campaign ကို ရှမ်းပြည်နယ်အတွင်း လှုပ်ရှားဆောင်ရွက်လျက်ရှိရာ ကျိုင်းတုံမြို့တွင် တတိယအကြိမ် ပြုလုပ်ခြင်းဖြစ်ပြီး ဆက်လက်၍ နှစ်ကြိမ်ထပ်မံဖြန့်ဝေသွားရန် စီစဉ်လျက်ရှိကြောင်း သိရ သည်။

**မြို့နယ်(ပြန်/ဆက်)**

# တစ်ပိုင်တစ်နိုင် စိုက်ပျိုးစားသောက်နိုင်ရန် ချောင်းဦးမြို့တွင် မျိုးစေ့နှင့် ပျိုးပင်များပေးအပ်

**ချောင်းဦး မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပြည်သူများ တစ်ပိုင်တစ်နိုင် Home Garden စိုက်ပျိုးပြီး စားသောက်နိုင်ရန်အတွက် မျိုးစေ့နှင့် ပျိုးပင်များပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ချောင်းဦးမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမြင့်ခင်နှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဘော်တို့က အမှာစကားပြောကြားသည်။

ထို့နောက် ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ခင်မြတ်မြတ်ဦးက ကိုဗစ်-၁၉ ရောဂါကာလအတွင်းမှာ ပြည်သူများ မိမိတို့နေအိမ်မှာပင်နေထိုင်ကာ အာဟာရပြည့်ဝသည့် ဟင်းသီးဟင်းရွက်ပင်များကို ကိုယ်တိုင် Home Garden တစ်ပိုင်တစ်နိုင် စိုက်ပျိုးစားသောက်နိုင်ရန်အတွက် မျိုးစေ့နှင့် ပျိုးပင်များပေးအပ်ရခြင်းဖြစ်ကြောင်း ပြောကြားကာ နောက်ပိုင်းတွင်လည်း ကျေးရွာများသို့ မျိုးစေ့နှင့် ပျိုးပင်များကို ဆက်လက်၍ ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြို့နယ်**
**(ပြန်/ဆက်)**

# မိတ္ထီလာကန်ရေ ဆက်လက်ပေးဝေနိုင်ရေး ရေသွယ်မြောင်းနှင့် ရေစုကန်တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်

**မိတ္ထီလာ မေ ၂၄**

မိတ္ထီလာကန်ရေပေးဝေလျက်ရှိသည့် ပေါက်ချောင်းရပ်ကွက်တွင် ကန်ရေဆက်လက်ပေးဝေနိုင်ရေး ရေသွယ်မြောင်းနှင့် ရေစုကန်တူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် စည်ပင်သာယာရေးအဖွဲ့ထံမှ သိရသည်။

မိတ္ထီလာမြို့ပေါ်ရှိရပ်ကွက် ၁၄ ခုတွင် လူဦးရေတစ်သိန်းကျော်နေထိုင်လျက်ရှိပြီး သောက်သုံးရေအဖြစ် မိတ္ထီလာကန်ရေကို အဓိကအားထား၍ အသုံးပြုလျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့မှ မိတ္ထီလာကန်ရေကို ရေသန့်စင်စက်ရုံများဖြင့် ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဝေပေးလျက်ရှိရာမှ မိတ္ထီလာကန်ရေကို လွတ်လပ်ရေးပန်းခြံအတွင်းရှိ အမှတ်(၁)ရေသန့်စက်ရုံဖြင့် မြို့မရပ်ကွက်၊ ဈေးအရှေ့ပြင်၊ သီရိမင်္ဂလာ၊ ရန်မျိုးအောင် ရပ်ကွက်များနှင့် ပေါက်ချောင်းရပ်ကွက်အတွင်းရှိ အမှတ်(၂) ရေသန့်စက်ရုံဖြင့် ပေါက်ချောင်း၊ နန်းတော်ကုန်းရပ်ကွက်များကို သောက်သုံးရေများ ဖြန့်ဝေပေးလျက်ရှိသည်။

ထို့အပြင် အဝီစိတွင်းများဖြင့် အောင်ဆန်းရပ်ကွက်၊ ကျီးတော်ကုန်းရပ်ကွက်၊ အောင်ဇေယျာရပ်ကွက်များကို ရေဖြန့်ဝေပေးလျက်ရှိရာ စည်ပင်သာယာရေးအဖွဲ့မှ မြို့ပေါ်ရပ်ကွက်သို့ ဖြန့်ဝေသည့်ရေတိုင်ပေါင်း ၉၃၁၃ တိုင် ဖြန့်ဝေပေးလျက်ရှိသည်။

ထိုသို့ မိတ္ထီလာကန်ရေများဖြန့်ဝေပေးလျက်ရှိရာမှ ယခင်နှစ်ကမိုးရွာသွန်းမှုနည်းပါး၍ ကန်အတွင်းရေဝင်ရောက်မှုနည်းပါးသည့်အတွက် ပေါက်ချောင်းကွက်သစ်သို့ ရေတိုင်ပေါင်း ၁၉၀ ရေပေးဝေလျက်ရှိသည့် ရေစက်ရုံမှ ရေစုကန်မှာ ရေနည်းသည့်အတွက် ဆက်လက်ရေဖြန့်ဝေနိုင်ရေး မြို့နယ် စည်ပင်သာယာရေးအဖွဲ့ရန်ပုံငွေဖြင့် ရေပိုမိုစုနိုင်ရန်နှင့် ရေဝင်ရောက်နိုင်ရန် အရှည် ပေ ၁၃၀ ရှိ ရေသွယ်မြောင်းနှင့် အကျယ် ပေ ၂၀၊ အနက် ၁၀ ပေရှိ ရေစုကန်ကို မေ ၂၂ ရက်မှစတင်၍ ပြန်လည်တူးဖော်ခြင်းဖြစ်ကြောင်း စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးမြင့်ဝင်းက ပြောကြားသည်။

၎င်းအပြင် မိတ္ထီလာမြို့ ရေပေးဝေရေးလုပ်ငန်းကို တိုးချဲ့ပေးဝေနိုင်စေရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ဝန်ဇင်းရပ်ကွက်၌ JICA အစီအစဉ်ဖြင့် ရေသန့်စင်စက်ရုံ တည်ဆောက်လျက်ရှိသည်။ အဆိုပါရေသန့်စင်စက်ရုံ တည်ဆောက်ပြီးစီးပါက ဝန်ဇင်းရပ်ကွက်၊ ရန်မျိုးအောင်ရပ်ကွက်နှင့် ပြည်ထောင်စုရပ်ကွက်များရှိ အိမ်ထောင်စု ၆၀၀၀ ကျော်ကို တိုးချဲ့ဖြန့်ဝေပေးသွားနိုင်မည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။



**သိန်းမြင့်ကျော်**
**(မိတ္ထီလာ)**

## တိုက်စစ်မှူး အဂူရို မန်စီးတီးအသင်းကနေ ထွက်ခွာကာ အင်တာမီလန်နဲ့ ရီးယဲလ်မက်ဒရစ်သို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်နေ

တိုက်စစ်မှူးအဂူရိုဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ မန်စီးတီးအသင်းကနေ ထွက်ခွာဖို့ရှိနေပြီး အင်တာမီလန်အသင်းနဲ့ ရီးယဲလ်မက်ဒရစ်အသင်းတို့သို့ ပြောင်းရွှေ့ကစားဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ အဂူရိုရဲ့ အေးဂျင့်ဖြစ်သူက ပြောကြားခဲ့ပါတယ်။

အာဂျင်တီးနားကြယ်ပွင့် အဂူရိုရဲ့ လက်ရှိမန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ တစ်နှစ်ကျန်ရှိနေပြီး အာဂျင်တီးနားမြေကို ပြန်လည်ခြေချဖို့လည်း စီစဉ်နေတယ်လို့ သိရပါတယ်။ အာဂျင်တီးနားကလပ် အင်ဒီပင်ဒီးယင့်အသင်းကလည်း တိုက်စစ်မှူး အဂူရိုကို ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။ တိုက်စစ်မှူး အဂူရိုဟာ ၂၀၁၁ ခုနှစ်မှာ မန်စီးတီးအသင်းကို ရောက်ရှိလာခဲ့တာဖြစ်ပြီး လက်ရှိအချိန်အထိ မန်စီးတီးအသင်းအတွက် ၂၆၁ ပွဲ ပါဝင်ကစားပေးထားကာ သွင်းဂိုး ၁၈၀ အထိသွင်းယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ တိုက်စစ်မှူးအဂူရိုဟာ မန်စီးတီးအသင်းနဲ့အတူ ကစားသမားဘဝဖြတ်သန်းမှုမှာ ပရီမီယာလိဂ်ဖလားလေးကြိမ်၊ အက်ဖ်အေဖလားတစ်ကြိမ်နဲ့ ကွန်မြူနတီဒိုင်း သုံးကြိမ်တို့ကို ရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။





## မာရီယိုဂေါ့ဇီ ဒေါ့မွန်အသင်းကနေ ဒုတိယအကြိမ်ထွက်ခွာမည်

ကွင်းလယ်ကစားသမား မာရီယိုဂေါ့ဇီဟာ အခုနှစ်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းမှာ ဒေါ့မွန်အသင်းကနေ ဒုတိယအကြိမ်ထွက်ခွာလိမ့်မယ်လို့ ဒေါ့မွန်အသင်းက အတည်ပြုပြောကြားခဲ့ပါတယ်။

ဂေါ့ဇီဟာ ၂၀၁၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ တစ်ဂိုးသွင်းယူပေးခဲ့ကာ ဂျာမနီလက်ရွေးစင်အသင်းကို ကမ္ဘာ့ဖလားရယူပေးနိုင်ခဲ့သူလည်း ဖြစ်ပါတယ်။ ဂေါ့ဇီဟာ ဆယ်ကျော်သက်အရွယ်ကတည်းက ဒေါ့မွန်အသင်းမှာ ကစားခဲ့တာဖြစ်ပြီး ၂၀၁၃ ခုနှစ်မှာ ဒေါ့မွန်အသင်းကနေ ဘိုင်ယန်မြူးနစ်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပါတယ်။

ဂေါ့ဇီအနေနဲ့ ဘိုင်ယန်မြူးနစ်အသင်းမှာ သုံးနှစ်ကြာကစားခဲ့ပြီးနောက် ၂၀၁၆ ခုနှစ်မှာ ဒေါ့မွန်အသင်းဆီ ပြန်လည်ပြောင်းရွှေ့ခဲ့တာ ဖြစ်ပါတယ်။ ဂေါ့ဇီဟာ အခုနှစ်ဘောလုံးရာသီမှာ ဒေါ့မွန်အသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၁၉ ပွဲ ပါဝင်ကစားပေးခဲ့ပြီး ကစားသမားဘဝအပြောင်းအလဲအဖြစ် အခုနှစ်နွေရာသီဈေးကွက်အတွင်းမှာ ဒေါ့မွန်အသင်းကနေ ထွက်ခွာဖို့ရှိနေတယ်လို့ ဂေါ့ဇီက အရိပ်အမြွက်ပြောကြားခဲ့ပါတယ်။ ဒါကြောင့် ဒေါ့မွန်အသင်းက ကွင်းလယ်ကစားသမားဂေါ့ဇီဟာ အသင်းကနေ ဒုတိယအကြိမ်ထွက်ခွာဖို့ရှိနေတယ်လို့ ပြောကြားခဲ့တာ ဖြစ်ပါတယ်။

## ဂျူဗင်တပ်ကွင်းလယ်ကစားသမား ရာဘီယော့ကို ခေါ်ယူရန် အာဆင်နယ်၊ အဲဗာတန်နဲ့ မန်ယူတို့အပြိုင် ကြိုးပမ်းနေ

မန်ယူအသင်းဟာ ဂျူဗင်တပ်ကွင်းလယ်ကစားသမား ရာဘီယော့ကို နွေရာသီအပြောင်း အရွှေ့ကာလအတွင်း ခေါ်ယူဖို့ ပစ်မှတ်ထားနေပြီး လက်ရှိမှာရာဘီယော့ရဲ့ အေးဂျင့်ဖြစ်သူနဲ့ ဆွေးနွေးမှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။

ဂျူဗင်တပ်အသင်း ကွင်းလယ်ကစားသမား ရာဘီယော့ကို ခေါ်ယူဖို့ ကလပ်အသင်းအများစုက ပစ်မှတ်ထားနေသလို မန်ယူအသင်းကလည်း လက်ရှိမှာ ရာဘီယော့ကို အိုးထရက်ဖို့ဒ်ဆီ ခေါ်ယူနိုင်ရေးအတွက် ပရီမီယာလိဂ်ပြိုင်ဘက်အသင်းတွေဖြစ်တဲ့ အာဆင်နယ်အသင်း၊ အဲဗာတန်အသင်းတို့နဲ့ အပြိုင်ကြိုးပမ်းနေတယ်လို့ သိရပါတယ်။

ကွင်းလယ်ကစားသမား ရာဘီယော့ဟာ အခုနှစ်ဘောလုံးရာသီမှာ ဂျူဗင်တပ်အသင်းအတွက် အရေးပါတဲ့ ကစားသမားတစ်ဦး ဖြစ်ခဲ့ပေမယ့် ရာဘီယော့အနေနဲ့ ဂျူဗင်တပ်အသင်းမှာ အနာဂတ်ဆက်ရှိရေးကတော့ မသေချာသေးတဲ့ အနေအထားမှာ ရှိနေတာ ဖြစ်ပါတယ်။




အသက် ၂၅ နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမားရာဘီယော့ဟာ ပြီးခဲ့သည့်နွေရာသီအပြောင်း အရွှေ့ကာလအတွင်းက ပီအက်စ်ဂျီအသင်းကနေ ဂျူဗင်တပ်အသင်းဆီ အလွတ်ပြောင်းရွှေ့ကြေးနဲ့ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းမှာ ခြေစွမ်းပြကစားနိုင်ခဲ့တာကြောင့် အာဆင်နယ်အသင်းနဲ့ အဲဗာတန်အသင်းတို့ကလည်း ခေါ်ယူဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတာ ဖြစ်ပါတယ်။

လက်ရှိမှာ ကွင်းလယ်ကစားသမား ရာဘီယော့ကို ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ မန်ယူအသင်း၊ အာဆင်နယ်အသင်းနဲ့ အဲဗာတန်အသင်းတို့က ခေါ်ယူဖို့ပစ်မှတ်ထားနေတဲ့အတွက် ဂျူဗင်တပ်အသင်းက ရာဘီယော့ရဲ့ ပြောင်းရွှေ့ကြေးကို ပေါင် ၂၇ သန်းသတ်မှတ်ထားတာဖြစ်ပါတယ်။ ဂျူဗင်တပ်အသင်းဟာ ရာဘီယော့ကို ရောင်းချပြီး မန်ယူအသင်းရဲ့ ကွင်းလယ်ကစားသမား ပေါ့ဘာကို အသင်းဆီ ပြန်လည်ခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

## စပါးနည်းပြဟောင်း ပိုချက်တီနို ပရီမီယာလိဂ်သို့ ပြန်လာရန် ဆန္ဒရှိနေ

နည်းပြပိုချက်တီနိုဟာ စပါးအသင်းရဲ့ ထုတ်ပယ်ခြင်းခံခဲ့ရပြီးနောက် ခြောက်လအကြာမှာ နည်းပြဘဝကို ပြန်လည်စတင်ဖို့ စိတ်အားထက်သန်နေပြီး ပရီမီယာလိဂ်သို့ ပြန်လာဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

အသက် ၄၈ နှစ်အရွယ်ရှိ အာဂျင်တီးနားနိုင်ငံသား နည်းပြပိုချက်တီနိုဟာ စပါးအသင်းနည်းပြအဖြစ် ငါးနှစ်ခွဲကြာ ဖြတ်သန်းခဲ့ပြီးနောက် စပါးအသင်းရဲ့ကံကြမ္မာကို အပြောင်းအလဲလုပ်ပေးခဲ့သူဖြစ်ပါတယ်။ ဒါပေမယ့် ဆုဖလားတော့ ရယူပေးနိုင်ခဲ့တာမရှိခဲ့ပါဘူး။ ပိုချက်တီနိုဟာ စပါးအသင်းကို ချန်ပီယံလိဂ်ဗိုလ်လုပွဲရောက်အောင် စွမ်းဆောင်ပေးနိုင်ခဲ့ပြီး တစ်နှစ်နီးပါးအကြာမှာ စပါးအသင်းရဲ့ ထုတ်ပယ်ခြင်းကို ခံခဲ့ရတာ ဖြစ်ပါတယ်။

အင်္ဂလန်နဲ့ ပရီမီယာလိဂ်ကို မြတ်နိုးကြောင်း ပိုချက်တီနိုက ပြောကြားခဲ့ပါတယ်။ ပိုချက်တီနိုဟာ လက်ရှိမှာ လန်ဒန်မှာ နေထိုင်ဆဲဖြစ်ပြီး နယူးကာဆယ်အသင်းနည်းပြဖြစ်လာဖို့ ချိတ်ဆက်မှုတွေ ပြုလုပ်နေတယ်လို့ သိရပါတယ်။



**✻ မြန်မာကြက်တောင်မှ**

တစ်ဦးချင်းလေ့ကျင့်မှုများ ပြုလုပ်လျက်ရှိသလို နည်းပြဖြစ်သူ သူ၏ဖခင် ဦးထွန်းထွန်းဇော်ကလည်း လေ့ကျင့်ပေးလျက်ရှိသည်။ သက်ထားသူဇာသည် ဖေဖော်ဝါရီလတွင် ကင်ညာနှင့် ယူဂန္ဒာနိုင်ငံ၌ ကျင်းပသည့် ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီးနောက် ဥရောပနိုင်ငံများတွင် ပြိုင်ပွဲများဆက်လက်ယှဉ်ပြိုင်ရန် ထွက်ခွာခဲ့သော်လည်း ပြိုင်ပွဲများဖျက်သိမ်းမှုကြောင့် ပေါ်တူဂီနှင့်ချက်နိုင်ငံသို့ ရောက်ရှိပြီးမှ မြန်မာနိုင်ငံသို့ ပြန်လာရခြင်း ဖြစ်သည်။

**အိုလံပစ်ဝင်ခွင့်ရရန်**

သက်ထားသူဇာသည် ၂၀၂၁ ခုနှစ်သို့ ရွှေ့ဆိုင်းသွားသည့် တိုကျိုအိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ပြီး ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က အိုလံပစ်ဝင်ခွင့်အတွက် သတ်မှတ်မည့်စည်းကမ်းအပေါ် မူတည်၍ ပြိုင်ပွဲများ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။ သက်ထားသူဇာသည် ၂၀၁၈ ခုနှစ် နှစ်ကုန်ပိုင်းမှစတင်ကာ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ကျင်းပသည့်ပြိုင်ပွဲများတွင် အောင်မြင်မှုများရယူနိုင်ခဲ့သလို အိုလံပစ်ဝင်ခွင့်ရရန်အတွက်ပါ ရည်မှန်းချက်ထား ကြိုးပမ်းနေခြင်းဖြစ်သည်။

**ထပ်မံအတည်ပြုမည်**

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပရန်စီစဉ်ထားသည့် ပြိုင်ပွဲများအနက် အချို့ပြိုင်ပွဲများကို ဖျက်သိမ်းခဲ့သော်လည်း ပြန်လည်ကျင်းပမည့်ပြိုင်ပွဲမှာ ၁၀ ခုဝန်းကျင်ရှိသလို အချို့ပြိုင်ပွဲများကိုလည်း ရက်ရွှေ့ဆိုင်းထားကာ ပြန်လည်ကျင်းပမည့်ကာလကို ထပ်မံအတည်ပြုမည်ဖြစ်သည်။

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ပြိုင်ပွဲများကို ဩဂုတ်လတွင် အစောဆုံးပြန်လည်ကျင်းပရန် စီစဉ်ထားကြောင်း သိရသည်။

**သတင်း-ရှိုင်းထက်ဇော်**

**ဓာတ်ပုံ-ဖိုးသော်ဇင်**

မြန်မာ့ရုပ်ရှင် နှစ်တစ်ရာပြည့် အထိမ်းအမှတ်

# အေဝမ်းကြည်အေးနှင့် ရုပ်ရှင်စကားဝိုင်း

ကျွန်တော်ဟာ ဆက်တိုက်လိုလိုပဲ အေဝမ်းရုပ်ရှင်ကုမ္ပဏီအကြောင်းကို ပြောလာခဲ့ပါတယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံမှာ ကြီးမားတဲ့ရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခု ရှိပါတယ်။ ဒီရုပ်ရှင်ကုမ္ပဏီကြီးနှစ်ခုရဲ့ အရိပ်အာဝါသအောက်က ဒီနေ့အထိကျွန်တော်တို့ဟာ မလွတ်နိုင်ဘူး ဆိုရပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ ကုမ္ပဏီကြီးနှစ်ခုက ပညာတွေ၊ အတွေ့အကြုံတွေ၊ ပစ္စည်းတွေကို အရင်းအနှီးပြုပြီးတော့ ရုပ်ရှင်ပညာကို တတ်မြောက်လာခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီကုမ္ပဏီကြီးနှစ်ခုကတော့ အေဝမ်းရုပ်ရှင်ကုမ္ပဏီနဲ့ ဗြိတိသျှဘားမားရုပ်ရှင်ကုမ္ပဏီပဲ ဖြစ်ပါတယ်။ ဒီနေ့လှုပ်ရှားနေတဲ့ ရုပ်ရှင်လောကသားတွေကိုကြည့်ရင် ဒီကုမ္ပဏီကြီးတွေရဲ့ ဩဇာသက်ရောက်မှု မကင်းတာကိုလည်း ကျွန်တော်တို့တွေ့ရပါတယ်။ ဒါကြောင့်လည်း ကျွန်တော်ဟာ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့ ကျေးဇူးကိုဆပ်တဲ့အနေနဲ့ ဒီကုမ္ပဏီကြီးနှစ်ခုရဲ့အကြောင်းကို ကျွန်တော်တင်ပြနေခြင်း ဖြစ်ပါတယ်။

## တွေ့ဆုံမေးမြန်း
## ဒါရိုက်တာ ကြည်စိုးထွန်း

ဒီနေရာမှာဆိုရင်လည်း ကျွန်တော်တို့ သက်တူရွယ်တူတွေ၊ ကျွန်တော်တို့ထက် ကြီးတဲ့သူတွေ၊ ကျွန်တော်ထက်အနည်းငယ် ငယ်တဲ့သူတွေကတော့ ဒီကုမ္ပဏီကြီးတွေက နေထွက်တဲ့ရုပ်ရှင်ကားတွေက ဘယ်လောက်ကောင်းတယ်ဆိုတာကိုလည်း သိနိုင်ကြပြီး ဖြစ်ပါတယ်။ သိကြလိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။ ဒါကြောင့်မို့ "သစ်တစ်ပင်ကောင်းရင် ငှက်တစ်သောင်း နားရတယ်" ဆိုသလိုပဲ ကျွန်တော်တို့ မြန်မာနိုင်ငံက ရုပ်ရှင်လောကမှာတော့ သစ်ပင်ကြီးနှစ်ပင် ပေါက်ခဲ့ပါတယ်။ အဲဒီသစ်ပင်ကြီး နှစ်ပင်ထဲကနေပြီးတော့ ပွားများလာတဲ့ ဒီကုမ္ပဏီကြီးတွေကို မှီခိုလာတဲ့ ကျွန်တော်တို့ ရုပ်ရှင်လောကသားတွေက ဒီနေ့ထိကျန်ခဲ့တာကို တွေ့ရပါတယ်။ အခု ကျွန်တော်ဟာ အေဝမ်းရုပ်ရှင်ကုမ္ပဏီက မျိုးဆက်တွေ အကြောင်းပြောရင်းနဲ့ အေဝမ်းအမည်တပ်ထားတဲ့ ပုဂ္ဂိုလ်တစ်ဦးနဲ့ ဒီနေ့ရုပ်ရှင်စကားဝိုင်းကို ပြောကြားမှာ ဖြစ်ပါတယ်။

အဲဒီပုဂ္ဂိုလ်ကတော့ ပထမတော့ ဂစ်တာကြည်အေးဆိုပြီး နာမည်ကြီးတဲ့ ပုဂ္ဂိုလ်ပါ။ နောက်ကျတော့ အေဝမ်းကြည်အေးဆိုတဲ့အမည်နဲ့ ရုပ်ရှင်ကားပေါင်းများစွာကို ရိုက်ပါတယ်။ အေဝမ်းကြည်အေးကနေပြီးတော့ နာမည်ကို သန်းကျော်ငွေလို့ ပြောင်းပါတယ်။ သန်းကျော်ငွေဆိုတဲ့ ဒါရိုက်တာနာမည်နဲ့ ထူးထူးခြားခြား ရုပ်ရှင်ကားတွေ ရိုက်သွားတာကို တွေ့ရပါတယ်။ သူ့ရဲ့မျိုးဆက်သစ်အနေနဲ့ကတော့ သူ့ရဲ့သား ဒါရိုက်တာ မျိုးဇော်အောင် ဖြစ်ပါတယ်။

မျိုးဇော်အောင်ကနေဆင့်ပွားပြီးတော့ တပည့်တပန်းတွေ၊ သားသမီးတွေ ဒီလို



လဲခင်ဗျ။

**အေဝမ်းကြည်အေး**။ ။ ၈၄ ပါ။

**ကြည်စိုးထွန်း**။ ။ ၈၄ ဆိုတော့ ငယ်ပါသေးတယ် ဦးလေးရယ်။

**အေဝမ်းကြည်အေး**။ ။ ငယ်ပါ သေးတယ်ဟားဟား စိတ်ကတော့ ငယ်တုန်းပဲ။

**ကြည်စိုးထွန်း**။ ။ စိတ်ကတော့ ငယ်တုန်းပဲ၊ အနုပညာသည်ကိုးဗျ။ ဦးလေးက ငယ်ငယ်လေးကတည်းက ဂီတမှာ မြတ်နိုးခဲ့တဲ့အတွက် ပိုပြီးတော့ နုပျိုတာပေါ့။ အခုတောင် ကျွန်တော့်ထက် ငယ်နေသလိုပဲ။

**အေဝမ်းကြည်အေး**။ ။ စိတ်ထင်လို့ပါ ဟားဟားဟား ကျွန်တော်



အမည် - အေဝမ်းကြည်အေး
၂၇-၅-၁၉၂၉ - ၁၉-၁၁-၂၀၁၀
အနုပညာအမည် - ဒါရိုက်တာ သန်းကျော်ငွေ
တာဝန်ယူခဲ့သော - ဂီတစာဆို၊ သရုပ်ဆောင်
အနုပညာလုပ်ငန်းများ - ဒါရိုက်တာ

**အေဝမ်းကြည်အေး**။ ။ ကျွန်တော် "ဖြူး"က အဖေက ရန်ကုန်မှာနေတာ။ အမေနဲ့ အိမ်ထောင်ကျပြီးတော့ ဖြူးကို ရောက်သွားကြတာ။

**ကြည်စိုးထွန်း**။ ။ အမေက "ဖြူး" သူလား။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော့် အဖေက အနောက်ပိုင်း က လမ်းမတော် ပန်းထိမ်ဆရာတစ်ယောက် အရင်တုန်းက ပန်းထိမ်နန်းရိုက်တာက သက်သက်မဟုတ်ဘူး။ တူရိုက်နန်းဆွဲ ပန်းထိမ် အကုန်လုပ်တတ်ရတယ်။ စုံမှ ပန်းထိမ်ဆရာဖြစ်တယ်။ အခုခေတ်က နန်းရိုက်ရင်လည်း ပန်းထိမ်ဆရာပဲ။ လက်စွပ်တစ်ကွင်း လုပ်တတ်ရင်လည်း ပန်းထိမ်ဆရာပဲ။ အဲဒီတုန်းက အမေနဲ့ခိုးပြေးတော့ အမေကတော်တော် ပိုက်ဆံပါသွားတယ်။

**ကြည်စိုးထွန်း**။ ။ ဖလေးနဲ့ ဒါးပိန်နဲ့ ပေါင်းပြီးတော့ ရောက်သွားတာပေါ့။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော့်ကိုမွေးတာက ဖြူး ထန်းကုန်းလမ်းမှာ မွေးတယ်။



အမည် - ဦးကြည်စိုးထွန်း
(၉. ၁၂. ၁၉၄၅ - )
အနုပညာအမည် - ကြည်စိုးထွန်း
တာဝန်ယူခဲ့သော - ရုပ်ရှင်ဇာတ်ညွှန်း/ဒါရိုက်တာ
အနုပညာလုပ်ငန်းများ - နာယက မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး

**ကြည်စိုးထွန်း**။ ။ ဦးလေးကတော့ ဖြူးသားစစ်စစ် ဖြစ်သွားပြီ။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော်က "ဖြူး" သား စစ်စစ်ပဲ။

**ကြည်စိုးထွန်း**။ ။ အဲဒီတော့ အဖေက

**ကြည်စိုးထွန်း**။ ။ အမေနာမည်က

**အေဝမ်းကြည်အေး**။ ။ ဒေါ်သိန်းမေ

**ကြည်စိုးထွန်း**။ ။ ဦးရွှေဘ ဒေါ်သိန်းမေ ဟုတ်ကဲ့ ဦးလေးတို့ မွေးချင်းဘယ်လောက်ရှိလဲ။

**အေဝမ်းကြည်အေး**။ ။ ကျွန်တော် တစ်ယောက်တည်းပဲ။

**ကြည်စိုးထွန်း**။ ။ သြော် သားတစ်ယောက် တည်း ဒါကြောင့် ထူးချွန်တာနဲ့တူတယ်။

**အေဝမ်းကြည်အေး**။ ။ ဟုတ်ကဲ့ဟားဟား။

**ကြည်စိုးထွန်း**။ ။ ပြောပါဦး ဦးလေးရဲ့ အဲဒီတော့။

**အေဝမ်းကြည်အေး**။ ။ အဲဒီမှာ ပန်းထိမ် ထောင် တယ်။ နောက် အရပ်က အလှူဥပုသ်သတင်း တီးဝိုင်းသူက 'ဘပါတီ' ဆိုပြီး ထောင်တယ်။

**ကြည်စိုးထွန်း**။ ။ သြော် ရွှေဘပေါ့။

**အေဝမ်းကြည်အေး**။ ။ 'ဘပါတီ' ထောင်တော့ တကယ်တော်ပြီးတော့ တကယ်ကျော်တာက ရှေ့နေဦးလှလေးဆိုတာ နောက်ပိုင်း ကျွန်တော့် ဆရာဖြစ်သွားတယ်။ သူကတကယ့် အနုပညာရှင် ဝါးပတ္တလားတီးတယ်။ တွန်းတယောလည်း အထိုးကောင်းတယ်။

**ကြည်စိုးထွန်း**။ ။ အဖေနဲ့ အပြိုင်

**အေဝမ်းကြည်အေး**။ ။ အဖေက လိုက်ပြိုင်တာ။ အဖေက နည်းနည်းခပ်ကြမ်းကြမ်း လိုက်ပြိုင်တာ။

**ကြည်စိုးထွန်း**။ ။ ရွှေဘကိုး

**အေဝမ်းကြည်အေး**။ ။ ဆရာ့ကို မမီဘူး အမှန်က

**ကြည်စိုးထွန်း**။ ။ သြော်ဦးလှလေးတို့



ဒါရိုက်တာ မျိုးဇော်အောင်



ဆရာရွှေပြည်အေး



ဥသြဘသောင်



ဇော်ဝမ်း



ဂစ်တာစိမ်းမောင်

ထိအောင် ပြန့်ပွားခဲ့တာကိုလည်း ကျွန်တော်တို့ တွေ့ရမှာ ဖြစ်ပါတယ်။

**ကြည်စိုးထွန်း**။ ။ တစ်ချိန်က နာမည်ကြီးခဲ့ ပြီးတော့ ထူးခြားတဲ့ ရုပ်ရှင်ကားတွေကို ရိုက်ခဲ့တဲ့ အေဝမ်းရဲ့ မျိုးဆက်တစ်ဦးဖြစ်တဲ့ အေဝမ်းကြည်အေးနဲ့ ပရိသတ်ကို ကျွန်တော် မိတ်ဆက်ပေးပါရစေ။ ဦးလေး နေကောင်းတယ်နော်။

**အေဝမ်းကြည်အေး**။ ။ ကောင်းပါတယ် ခင်ဗျ။

**ကြည်စိုးထွန်း**။ ။ ဦးလေး အသက် ဘယ်လောက် ရှိပြီ

က ဂီတကို ခုနစ်နှစ်သားကတည်းက စည်းဝါးနိုင်အောင် တီးနိုင်တယ်။ နောက်ပြီးတော့ အင်္ဂလိပ်ခေတ်မှာ ဘင်ဂျိုလင်ဆိုတာ ရှိတယ်။ အင်္ဂလိပ်ကလုပ်တာပဲ။ သံစည်းကိုင်းလေးတွေနဲ့ လက်တံက မယ်ဒလင်လက်တံလေး။ အဲဒါလေးပါ ကျွန်တော့်အဖေက ဝယ်ပေးတယ်။ အဖေက တွန်းတယောထိုးတယ်။ နောက်ပြီးတော့ ဘင်ဂျိုတီးတယ်။ ဘိလပ်ပြန် ဆရာငြိမ်းရဲ့တပည့် ဆရာရွှေပြည်အေး ဦးလေးရဲ့တပည့်။

**ကြည်စိုးထွန်း**။ ။ သြော် ဆရာရွှေပြည်အေးဦးလေးရဲ့တပည့် ဦးလေးတို့က ဖြူးကမဟုတ်လား။

**အေဝမ်းကြည်အေး**။ ။ မဟုတ်ဘူး ခုနက ကျွန်တော် လူလှနဲ့ ရူပရိုက်တဲ့ ကဝအပိုင် ဖလေးရွာက အမေ့ဇာတိပေါ့ဗျာ။

**ကြည်စိုးထွန်း**။ ။ သြော် ဟုတ်ကဲ့ ဒါဖြင့် ဖြူးက ဘယ်သူရှိလို့ ရောက်သွားတာလဲ။

**အေဝမ်းကြည်အေး**။ ။ အဖေက ဒါးပိန်ဇာတိ။ အဲဒီက နေပြီးတော့ ကျွန်တော့်အဖေနဲ့အမေကို အမေ့ဘက်က လူတွေက သဘောမကျဘူး။ အဲဒီတော့ ခိုးပြေးရင်းနဲ့ အဲဒီမှာ စတည်းချတာ။

**ကြည်စိုးထွန်း**။ ။ သြော် "ဖြူး"မှာ။

ဂီတကို ဝါသနာပါတဲ့ အတွက်။

**အေဝမ်းကြည်အေး**။ ။ ပါတော့ အမေ့ဆီက ပါလာတဲ့ ပိုက်ဆံကို အဖေက ဖြုန်းတာ။

**ကြည်စိုးထွန်း**။ ။ နာမည်က

**အေဝမ်းကြည်အေး**။ ။ ဦးရွှေဘ

**ကြည်စိုးထွန်း**။ ။ နာမည်က ဦးရွှေဘ မင်းသားကြီး ရွှေဘက သူ့ဆီကများ နာမည်ယူထားသလား မသိဘူး။

**အေဝမ်းကြည်အေး**။ ။ မပြော တတ်ပါဘူး ဟားဟား။

**အေဝမ်းကြည်အေး**။ ။ ပြိုင်ရင်း ကနေပြီးတော့ သူတို့ချင်းက Against တွေဖြစ် ဈေးထဲမှာ အလှူခံရင်း ရိုက်ကြ ဘင်ဂျိုတွေနဲ့ရိုက်၊ တယောတွေနဲ့ရိုက် အဲဒီခေတ်က။

**ကြည်စိုးထွန်း**။ ။ အလှူခံရင်းနဲ့။

**အေဝမ်းကြည်အေး**။ ။ အဲဒီခေတ်က ဥပုသ်အဖိတ် တိုင်းကို 'ဘပါတီ' 'လှဝတီ' အမြဲပြိုင်တာ။

**ကြည်စိုးထွန်း**။ ။ ရိုက်ပွဲလည်း ဖြစ်တယ် ဟားဟားဟား 'ဖြူး'က ဟုတ်လား။

စာမျက်နှာ ၂၇ သို့ ❖

❖ စာမျက်နှာ ၂၆ မှ

**အေဝမ်းကြည်အေး။** ။ အဲဒီ ကတည်းက ကျွန်တော် က စည်းဝါး တီးတတ်တယ်။ မယ်ဒလင်လေး တီးတတ်တယ်။ အဲဒီကျွန်တော် မယ်ဒလင်လေး တီးတတ်တဲ့အချိန်ကျတော့ ဘာကား ရောက်ပြီလဲဆိုတော့ 'စောင်းတော်ရှင်' ကိုလှဖေနဲ့ မေရှင်။

**ကြည်စိုးထွန်း။** ။ ဩော်'စောင်းတော်ရှင်' ကား။ စောင်းတွေ ဘာတွေ တီးတာပဲ။

**အေဝမ်းကြည်အေး။** ။ ကျွန်တော် စောင်း မတီး တတ်ဘူး။ ကိုလှဖေနဲ့ မေရှင်က ဦးရှင်ကြီးဇာတ်လေ။ အဲဒီထဲက "ဖော်လည်းမစုံညီ..ပွေဖွယ်လီလီ.. စိတ်လေလွင့်ရာ မှန်းမျှော်မိသည်.. အကြောင်းမဲ့..စောင်းနဲ့ နေချင်သည်.. ပျော်ပျော်ကြည်..ပျော်ပျော်ကြည်.. ပျော်ပျော်ကြည်.. ပျော်ပျော်ကြည်.. စောင်းလေး အဖော်လုပ်မည်.."။

**ကြည်စိုးထွန်း။** ။ မောင်ရှင် က မောင်ရှင် တီးနေတာပေါ့။

**အေဝမ်းကြည်အေး။** ။ ဟုတ်ကဲ့ အဲဒီ သီချင်း တွေက ကျွန်တော်က မယ်ဒလင်နဲ့ အကုန်ဆိုပြီး တီးတတ်တယ်။

**အေဝမ်းကြည်အေး။** ။ နောက် ပြီးတော့ ကိုဘသောင် ဆိုတဲ့။

**ကြည်စိုးထွန်း။** ။ ဩော် ဥသြ ဘသောင်။

**အေဝမ်းကြည်အေး။** ။ သာဂလ ခေါ် တိုင်းပြည်ကြီး က ပပဝတီရယ်။

**ကြည်စိုးထွန်း။** ။ မင်းကုသ ဟုတ်ကဲ့ ဆိုပါဦး ဦးလေးရဲ့။

**အေဝမ်းကြည်အေး။** ။ သာဂလ ခေါ် တိုင်းပြည် ကြီးက ပပဝတီရယ် ထူးမြတ်တယ် အစဉ်ကျဖွယ် သတင်းက ကျော်တယ် ခုနစ်ဆောင် တိုက်ခန်းဝယ် မီးမထွန်းဘဲ လင်းရပြန်လေတယ်။

**ကြည်စိုးထွန်း။** ။ အဲဒါ နောက်ကျတော့ ပြန်ဆိုသေးလား ကိုထွန်းရွှေတို့

**အေဝမ်းကြည်အေး။** ။ ကိုထွန်းရွှေ မဆိုဘူး။

**ကြည်စိုးထွန်း။** ။ ကိုသိန်းဆောင်လား။

**အေဝမ်းကြည်အေး။** ။ ဇော်ဝမ်း ဆိုတယ်။

**ကြည်စိုးထွန်း။** ။ ဇော်ဝမ်းဆိုတယ် ဟုတ်လား ဘယ်ကားမှာလဲ။

**အေဝမ်းကြည်အေး။** ။ ဘယ်ကားမှာ ဆိုလည်း မသိဘူး။ ဓာတ်ပြားလား စီးရီးလား မသိဘူး။

**ကြည်စိုးထွန်း။** ။ ဟုတ်လား ထူးခြားလိုက်တာ ဟုတ်ပဟုတ်ပ။

**အေဝမ်းကြည်အေး။** ။ အဲဒီတုန်းကကိုးနှစ်လောက် ရှိသွားပြီ။ ကိုးနှစ်သားလောက်ကတည်းက ကျွန်တော်က မယ်ဒလင်လေးကို လမ်းလျှောက်တီး သူငယ်ချင်းတွေနဲ့ ဘင်ဂျိုတို့၊ မယ်ဒလင်တို့ ညညတီးရတယ်။ ကျွန်တော်တို့ မြို့တစ်ပတ်ပတ်

**ကြည်စိုးထွန်း။** ။ မိန်းကလေး တွေ အိမ်ရှေ့ပေါ့။

**အေဝမ်းကြည်အေး။** ။ အဲဒီ တုန်းက မိန်းကလေး စိတ် (မိန်းကလေးတွေ အိမ်ရှေ့သွားဆိုချင်တဲ့စိတ်) မပေါက်သေးဘူး။ မယ်ဒလင်တို့၊ ဘင်ဂျိုတို့ တီးချင်နေတာပဲ ရှိတယ်။

**ကြည်စိုးထွန်း။** ။ ဟုတ်လား။

**အေဝမ်းကြည်အေး။** ။ ဘာဖြစ်လာလဲ ဆိုတော့ ခုနက ဆရာပြောသလို အာရှလူငယ်ခေတ် ရောက်သွားရော။ အာရှလူငယ်ခေတ်ရောက်သွားတော့ ကျွန်တော့်ဆရာ ဆရာလှက နောက်ဆုံး ညည မယ်ဒလင်တီးတီးပြီးတော့သွားတဲ့ကောင်လေး က ဘယ်သူလဲကွတဲ့ ရွှေဘကြီး သားလေးတဲ့ ဟာ ဒီကောင်ကြီးသားလား ကွာတဲ့။

**ကြည်စိုးထွန်း။** ။ ရွှေဘကြီးတော့ သူ မကြိုက်ဘူး။

**အေဝမ်းကြည်အေး။** ။ ရွှေဘ ကြီးတော့ မကြိုက်ဘူး၊ ကိစ္စမရှိဘူးတဲ့ ကျွန်တော့်အိမ်ရှေ့လာပြီးတော့ 'ဟေ့ ရွှေဘ'တဲ့ 'ဘာလဲကွ မောင်လှ'တဲ့ ကျွန်တော့် အဖေက။

**ကြည်စိုးထွန်း။** ။ သူတို့ ကလည်း သိပ်မတည့်ဘူး။

**အေဝမ်းကြည်အေး။** ။ မင့်သား ငါ့ဆီ ထည့်ကွာတဲ့ ငါ သင်ပေးချင်လို့တဲ့။

**ကြည်စိုးထွန်း။** ။ ဩော်။

**အေဝမ်းကြည်အေး။** ။ နောက်တော့ အနုပညာသမား တွေက ချစ်စရာကောင်းတာက အာဃာတ မရှိတော့ဘူး။ အကုန်လုံး ပျောက်သွားကြတယ်။ သူတို့ ငယ်ငယ်က ဘယ်လိုဖြစ်လာဖြစ်လာ အဲဒီမှာ ဆရာက ကျွန်တော့်ကိုခေါ်ပြီး သူ့အိမ်ရောက်တော့မှ ဝါးပတ္တလားနဲ့ ကျွန်တော့်ကို မဟာဂီတ သင်ရိုး ၁၃ ပုဒ် အဲဒါကို သင်တယ်။ နောက်



ဒါရိုက်တာခင်ဇော်(ကေ)

ပြီးတော့ သီချင်းခန့် သီချင်းခန့်က ဥပမာ 'ထူးမခြားနား' နောက် 'ယိုးဒယား' သင်ပေးလိုက်တော့ ကျွန်တော်က အခြေခံတော်တော် ခိုင်သွားတယ်။ အဲဒီတော့ ကျွန်တော်က အသက်ဘယ်လောက်ရှိသွားပြီလဲဆိုတော့ ၁၆ နှစ်လောက်ရောက်သွားပြီ။ အဲဒီ 'ဖြူး'မှာက ကျွန်တော့်ဆရာတစ်ယောက်ရှိတယ်။ ဗမာဂစ်တာတော်တယ် 'ကိုကြံ' ဆိုတာ အုတ်ဖြတ်လမ်းက 'ကိုကြံ'က ဘာကောင်းလဲဆိုတော့ အရင်တုန်းက ကျွန်တော်တို့ ကျောင်းတွေ ဘာတွေ မရှိဘူးဆရာရဲ့။ အဲဒီတော့ ဆရာကောင်းတွေ လိုက်ကပ်ရတယ်။ ဘယ်က ယူရလဲဆိုတော့ ဥပမာ ခွေးတံဆိပ်ဓာတ်ပြား၊ အေဝမ်းဓာတ်ပြားတွေက ဓာတ်ပြားကိုဖွင့်ဖွင့်ပြီး သေချာနားထောင်ပြီးကျင့် ကျွန်တော်တို့ဆို ကျင့်ရတယ်။ တော်တော်ကို ကျင့်ရတယ်။ မိုးလင်း မိုးလင်းကျင့်ရတယ် တစ်ခါတည်း။ အဲလိုနဲ့တတ်လာကြတာ အခြေခံသိပ်ခိုင်တာ နောက်တစ်ခုကနေ မြန်မာဂစ်တာကို ပျောက်ကွယ်သလောက် ဖြစ်သွားတာကို ကျွန်တော်ဝမ်းအနည်းဆုံးပဲ။ ဘာဖြစ်လို့လဲဆိုတော့ သိပ်အဖိုးတန်တဲ့ပညာ ဒီပညာက။ တယောလို အညအဆွဲလည်း ပါတယ်။ စန္ဒရားလို အပြေးအလိုက်လည်း



ပါတယ်။ ဆိုင်းဝိုင်းတွေလို အခန့်တွေ အဟန့်တွေလည်း ပါတယ်။ နောက် ဒုံးတွေလည်း ပါတယ်။ အဲဒီဒုံးတွေကို မထည့်ကြဘူး။ ဒုံးက ဂစ်တာမှာ သိပ်လှတာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့ နောက် ပြီးတော့ ဦးလေး တီးပြတာပေါ့။ ကျွန်တော်တို့ အစီအစဉ်ဆုံးတဲ့အခါကျတော့ ဟုတ်တယ်မလား။

**အေဝမ်းကြည်အေး။** ။ အဲဒီက နေပြီးတော့ ပထမ ဦးဆုံး လွတ်လပ်ရေးရပြီ ၄၈။

**ကြည်စိုးထွန်း။** ။ ဩော် ၄၈ ခုနှစ်။

**အေဝမ်းကြည်အေး။** ။ လွတ်လပ်ရေး အောင်ပွဲကို မရောက်ခင်

ရောက်တော့ ကျွန်တော့်ဆရာက ကျွန်တော့်ကို စနစ်တကျ ဘုံဆောင်မြင့်ကြိုး ကျွန်တော် ဆိုတီး အဆိုတစ်ယောက်မလိုဘူး ကျွန်တော့် အဖေက စည်းဝါးကိုင်တယ်။ အဲဒီမှာ ဦးစိမ်းမောင်

**ကြည်စိုးထွန်း။** ။ ဂစ်တာ ဦးစိမ်းမောင်

**အေဝမ်းကြည်အေး။** ။ ကိုစောကြည်

**ကြည်စိုးထွန်း။** ။ ဘစောကြည်လား

**အေဝမ်းကြည်အေး။** ။ ဘစောကြည် ကျွန်တော့ ဆရာတွေပေါ့။

အဲဒီတုန်းကစသိတာ နောက်ပြီးတော့ စောင်းဦးဘသန်း၊ ဒေါ်စောမြအေးကြည် နောက် သူ့ယောက်ျား ရကန်ဦးတင် နောက်ပြီးတော့ ဆရာရွှေပြည်အေး။



ဦးဘညွန့်

'ဖြူး'က သခင်သန်းဖေက အာရှလူငယ်ဖွဲ့ထားတယ်။ အဲဒါ 'ဖြူး' မှာ သူဌေးကြီး ဦးစံဘရဲ့သား ဦးထွန်းဖေကြီးက ကျွန်တော်တို့ကို ဂစ်တာတွေ ဝယ်ပေးတယ်။ တယောတွေ ဝယ်ပေးတယ် နှစ်မျိုး နှစ်မျိုးစီ ဝယ်ပေးတယ်။ အဲဒီတုန်းက ဂစ်တာတွေက ဆောင်းဘောက်ဂစ်တာခေတ်။ အဲဒီမှာ ကျွန်တော်တို့ တီးဝိုင်းအဖွဲ့လုပ်ပြီးတော့ အနောက်တောင် အနောက်ရိုးမ မြရာဝင် အဲဒီတည်းက မြရာဝင်ကို ရောက်တာ။ ဘာမှ သိလို့ ရောက်တာမဟုတ်ဘူး။ ကျွန်တော် သေနတ်လည်း တစ်လက်မကိုင်တတ်ဘူး။ ကျွန်တော်တို့က မိုက်ကရိုဖုန်းကြီးချ ဆောင်းဘောက်ကြီးရှေ့မှာဆိုရင် ကျေနပ်နေတာ။ အဲဒါနဲ့ အဲဒီလိုက်သွား ကျွန်တော်တို့ကလူစုဝေးသလို ဖြစ်သွားတာပေါ့။ လူစုပေးပြီးတော့မှ သူတို့ကတရားဟောတာ။

**ကြည်စိုးထွန်း။** ။ ဩော် ဩော်။

**အေဝမ်းကြည်အေး။** ။ တော်လှန်ရေးခေတ် ရောက်လာပြီ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့ ဟုတ်ကဲ့ အဲဒီကနေ ပြီးတော့ ဦးလေးပြိုင်ပွဲရောက်သွားပြီ။

**အေဝမ်းကြည်အေး။** ။ အဲဒီတော့ ပြိုင်ပွဲက ၄၈ မှာ ပြိုင်ပွဲ



ရွှေဒုံးဘီအောင်

**ကြည်စိုးထွန်း။** ။ ဟာ ဆရာကောင်းတွေချည်းပဲ။

**အေဝမ်းကြည်အေး။** ။ အဲဒီလို တွေ့ပြီးတော့ ကျွန်တော်က ဂစ်တာ ပြိုင်တာ ပြိုင်တော့ ကျွန်တော်အထူးဆုရတယ်။ အဲဒီမှာတုန်းက အဖွဲ့မှာက ဒေါ်စောမြအေးကြည်တို့ကတစ်ဖွဲ့၊ ဆရာဦးစိမ်းမောင်တို့၊ ဆရာရွှေပြည်အေးတို့က တစ်ဖွဲ့ အဲဒီနှစ်ဖွဲ့မှာ ဘာတွေကြာနေလဲမသိဘူး။ ကျွန်တော့်ကို ဆုံးဖြတ်ဖို့က တော်တော်နဲ့မဆုံးဖြတ်ဘူး။ အဲဒီနေ့က နောက် ပြီးခါနီးကျမှ အထူးဆုပေးလိုက်တယ်။ ကျွန်တော့်အဖေရဲ့ညီ ဦးစိန်ရှိတာကို ကျွန်တော့်အဖေက အင်းလျားကြက်ကျွန်းမှာ ခေါ်သွားတယ်။ ကြက်ကျွန်းမှာ နေတယ်။ အဘိုးကြီးက တဲကြီးနဲ့တဲကြီးနဲ့ နေပြီးသူက မိန်းမလည်း မရှိဘူး။ သူခိုင်းတဲ့ အဖော်တစ်ယောက်နဲ့။

**ကြည်စိုးထွန်း။** ။ သူကလူပျိုကြီးလား။

**အေဝမ်းကြည်အေး။** ။ လူပျိုကြီး ကျွန်တော့်ဘကြီး အံ့ထွန်းရှိန်ကတော့ လမ်း ၅၀ မှာနေတယ်။ အဲဒီတော့ အဲဒီကနေပြီးတော့ ကျွန်တော့်ကို ဦးကျော်ငြိမ်းဆီပို့တာ မြန်မာ့အသံက။

**ကြည်စိုးထွန်း။** ။ ဩော် မာတလိ မာတလိလား။

**အေဝမ်းကြည်အေး။** ။ ဦးကျော်ငြိမ်း က မာတလိဦးခင်ဇော်က ဒါရိုက်တာ။

**ကြည်စိုးထွန်း။** ။ ဟုတ်ကဲ့"ကေ"ပေါ့။

**အေဝမ်းကြည်အေး။** ။ ဒေါ်သန်းနှစ် သူက အနော်ရထာ မှာ အကြီးဆုံး အဲဒီခေတ်က။ အဲဒီကနေ ကျွန်တော်က အသံလွှင့်ရော လွှင့်တော့ အခု ကိုဝင်းကြည် (ကိုသစ္စာ) ကိုသစ္စာက ဓာတ်ပြားတွေ ကိုင်ရတယ်။ ဖယောင်းဓာတ်ပြားတွေ အသံလွှင့်တော့ ကျွန်တော့်ကို ဦးစိန်က လုပ်ပေးတာ လုပ်ပေးပြီး အသံလွှင့်တော့ ကျွန်တော့်အစ်ကို ကိုကျော်ရွှေက သူ့အမေက ပြောလို့ဟာဒါ တို့မသိန်းမေသား ဒါနင့် ညီအစ်ကိုတွေကွ လိုက်ကြဆိုပြီး။

**ကြည်စိုးထွန်း။** ။ ဩော် မင်းသား ကျော်ရွှေနဲ့။

**အေဝမ်းကြည်အေး။** ။ မင်းသားကျော်ရွှေက တစ်ဝမ်းတည်းကွဲတယ်။

**ကြည်စိုးထွန်း။** ။ အဲဒီ တုန်းက ကျော်ရွှေပေါ့။

**အေဝမ်းကြည်အေး။** ။ ကျော်ရွှေ။

**ကြည်စိုးထွန်း။** ။ ကျော်ဆွေ မဟုတ်သေးဘူးနော်။

**အေဝမ်းကြည်အေး။** ။ မဆွေ သေးဘူး။ ဦးစိန်က တစ်ခါ ဟံသာဝတီမှာလုပ်တော့ သူဌေးကြီး ဦးဘညွန့် ဦးဘညွန့်လား ဦးညွန့်လား မသိဘူး။ အေဝမ်းကလည်း ဦးဘညွန့်။

**ကြည်စိုးထွန်း။** ။ ဦးညွန့် ဦးညွန့် ဗြိတိသျှ ဘားမားက။

**အေဝမ်းကြည်အေး။** ။ ဦးညွန့် ဆီကို ခေါ်သွားတာ။ ခေါ်သွားတော့ ကျွန်တော့်ကို ဒေါ်ငွေတာရီလည်း ရှိသေးတယ် မသေသေးဘူး အဲဒီတုန်းက။

**ကြည်စိုးထွန်း။** ။ ဩော် ဦးညွန့်သမီး ပေါ့။

**အေဝမ်းကြည်အေး။** ။ ကျွန်တော့်ကို ဂစ်တာ တီးခိုင်းတော့ ကျွန်တော်က ဂန္ဓာမာတောင်ကို သွားတီးတာ အဘိုးကြီးက သဘောကျပြီးတော့ ဟာ ဒီကောင့်အသံက ခင်မောင်ရင် ဗိုလ်အောင်ဒင်မှာ ရိုက်ထားသလိုပဲတဲ့။ အဲဒီတော့ ဦးစိန်က ဆရာတဲ့ ကျွန်တော့်တူကို သွင်ရုံမှာ အလုပ်သွင်းပေးပါလား။ ဟာ ကလေးငယ်ငယ်လေး ပျက်စီးသွားမှာပေါ့ကွတဲ့။

**ကြည်စိုးထွန်း။** ။ ဦးညွန့်က။

**အေဝမ်းကြည်အေး။** ။ ဦးညွန့်က စေတနာနဲ့ပါ အဲဒါနဲ့ သွင်ရုံမှာ အလုပ်သွင်းပေးဖို့ပြောတော့ မရဘူး။ မရတော့ ကျွန်တော်အဲဒီမှာ ရှိတုန်းကို ကိုကျော်ရွှေက ရောက်လာတာ။

**ကြည်စိုးထွန်း။** ။ ဩော် မင်းသား ကျော်ရွှေ က ညီလေး ရှိတယ်ဆိုပြီးတော့။

**အေဝမ်းကြည်အေး။** ။ ရောက် လာတာ ရောက်လာတာနဲ့ ချက်ချင်းခေါ်သွားတာ ကျွန်တော့်ကိုဆရာ ရွှေဒုံးဘီအောင်ဆီကနေ ခေါ်သွားပြီးတော့ အခု မဟာမြိုင်တိုက် ဒီဘက်က ဘုရားလေးတွေနားမှာ အဖေကြီး ဦးအောင်ချမ်းသာ ဆေးဝိဇ္ဇာကြီး အဖေကြီး ဦးအောင်ချမ်းသာရဲ့ ယောဂီမကြီးက ကျွန်တော်တို့ကြီးတော်ပေါ့။ ဒေါ်ဖွားရင်အစ်မ မအုန်းဆွေက ကျွန်တော့် အစ်ကိုရဲ့အမေ ကျွန်တော့်အမေက ဒေါ်သိန်းမေ အဲဒီလို အဲဒီလိုအမျိုးတွေ စပ်သွားတာ။

(ဆက်လက်ဖော်ပြပါမည်)

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်အောင်ကြည်
**LL.B (85–93)**
## အသက်(၅၇)နှစ်

သူငယ်ချင်းအားလုံးရဲ့ အားကိုးချစ်ခင်ရတဲ့ ကိုအောင်ရေ ယူကျုံးမရဝမ်းနည်း တမ်းတကြေကွဲရပါတယ်။ ကောင်းမွန်တဲ့ဘုံဘဝမှာ ရောက်နေမယ်လို့ ယုံကြည်ပါတယ်။

**(1985–93) ဥပဒေကျောင်းသား/သူ ချစ်သူငယ်ချင်းများ**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်အောင်ကြည်
**LL.B (85–93)**
## အသက်(၅၇)နှစ်
**ဥပဒေမိသားစု လူမှုရေးအဖွဲ့ဝင် (LFWA)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒါန်လမ်း၊ အမှတ်(၄၄)နေ ဒေါ်စိုးစိမ့်အိ (ဒု-ညွှန်မှူး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၏ခင်ပွန်း ဥပဒေမိသားစု လူမှုရေးအဖွဲ့၏ အားထားရသော ဦးအောင်အောင်ကြည်သည် ၂၂-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ဥပဒေမိသားစု လူမှုရေးအဖွဲ့(LFWA)**

# အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်အောင်ကြည်
**LL.B (85–93)**
## အသက်(၅၇)နှစ်
**(ဒါရိုက်တာ-ကြယ်စင်သီဟဆောက်လုပ်ရေး)**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒါန်လမ်း၊ အမှတ်(၄၄)နေ ဒေါ်စိုးစိမ့်အိ (ဒု-ညွှန်မှူး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၏ ခင်ပွန်း ဦးအောင်အောင်ကြည် (ဒါရိုက်တာကြယ်စင်သီဟဆောက်လုပ်ရေး)သည် ၂၂-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

**ကြယ်စင်သီဟဆောက်လုပ်ရေး မိသားစု**

# စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အီလက်ထရောနစ်ငွေပေးချေမှုစနစ်များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ခြင်းကိစ္စနှင့်စပ်လျဉ်း၍ အသိပေးကြေညာခြင်း

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အခွန်ထမ်းကုမ္ပဏီများ အခွန်ငွေပေးသွင်းခြင်း လုပ်ငန်းစဉ်တွင် လက်ရှိကူးစက်ပြန့်ပွားလျက်ရှိသော COVID-19 ရောဂါကို တတ်နိုင်သမျှ အကာအကွယ်ဖြစ်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်နှင့် အီလက်ထရောနစ်စနစ်များကို အသုံးပြုကာ လွယ်ကူလျင်မြန်စွာ အခွန်ပေးဆောင်နိုင်ရန် ရည်ရွယ်၍ ပုဂ္ဂလိကဘဏ်များ၏ m-Banking, e-Banking, i-Banking စနစ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ Mobile Payment စနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ရန် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

၂။ လက်ရှိတွင် အခွန်ထမ်းများအနေဖြင့် IRD Website (www.ird.gov.mm) ၏ Start Your Tax Online Payment မှတစ်ဆင့် Link ဝင်၍ MPU Corporate Debit Card အသုံးပြုကာ Online မှ အခွန်ပေးသွင်းခြင်းနှင့် သမဝါယမဘဏ်လီမိတက် (CB Bank) ၏ CB Pay & Internet Banking စနစ်များဖြင့် အခွန်ငွေပေးသွင်းခြင်းစသည့် အီလက်ထရောနစ်ငွေပေးချေမှုစနစ်များ အသုံးပြု ပေးဆောင်နေပါသည်။

၃။ ထို့ပြင် ၂၀၂၀ ပြည့်နှစ်၊ မေလ (၂၅) ရက်နေ့မှစ၍ အခွန်ထမ်းမှတ်ပုံတင်အမှတ် (TIN) သတ်မှတ်ရရှိပြီးဖြစ်သော အခွန်ထမ်းများအနေဖြင့် ဧရာဝတီဘဏ်လီမိတက်(AYA Bank) ၏ AYA Mobile Banking, Internet Banking & AYA Pay များကို အသုံးပြု၍ အခွန်ပေးဆောင်နိုင်ပြီ ဖြစ်ပါသည်။

၄။ ထိုသို့ အခွန်ပေးသွင်းရာတွင် ပေးသွင်းမှုအထောက်အထားများအဖြစ် ဧရာဝတီဘဏ်လီမိတက် (AYA Bank) အနေဖြင့် အခွန်ထမ်းသို့ ဘဏ်ငွေလက်ခံဖြတ်ပိုင်း ကနဦး ထုတ်ပေးမည်ဖြစ်ပြီး မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲများရှိ သက်ဆိုင်ရာအခွန်ရုံးများ၏ ငွေစာရင်းများသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ CBM-NET မှတစ်ဆင့် အခွန်ငွေလွှဲပြောင်းပေးပြီးနောက် ပြည်တွင်းအခွန်များဦးစီးဌာနမှ အခွန်ငွေ လွှဲပြောင်းပေးသွင်းပြီးကြောင်း အထောက်အထားများကို email အသုံးပြု ပေးပို့အကြောင်းကြားသွားမည်ဖြစ်ပါသည်။

၅။ အခြားသော ပုဂ္ဂလိကဘဏ်များနှင့် မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုလုပ်ငန်းအဖွဲ့အစည်းများ၏ အီလက်ထရောနစ်ငွေပေးချေမှုစနစ်များဖြင့် ဝန်ဆောင်မှုပေးနိုင်ချိန်တွင်လည်း ထပ်မံအသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

၆။ သို့ဖြစ်ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် ဘဏ်များသို့ ကိုယ်တိုင်(သို့) ကိုယ်စားလှယ်မှ ငွေသား/ ချက်လက်မှတ်ဖြင့် သွားရောက်ပေးသွင်းမည့်အစား အီလက်ထရောနစ် ငွေပေးချေမှုစနစ်များ အသုံးပြု၍ လုံခြုံစိတ်ချစွာဖြင့် အခွန်ငွေများကို ပေးဆောင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၇။ အသေးစိတ်အချက်များကို ပြည်တွင်းအခွန်များဦးစီးဌာန၏ Website ဖြစ်သည့် www.ird.gov.mm တွင် ကြည့်ရှုနိုင်ပြီးသက်ဆိုင်ရာအခွန်ရုံးများနှင့် သတင်းအချက်အလက်နှင့် နည်းပညာဌာနခွဲ(e-Payment Section၊ရန်ကုန်)၊ အမှတ်-၅၆၉/၅၇၇၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ဖုန်းနံပါတ်-၀၁-၈၃၇၉၀၁၂ သို့ ဆက်သွယ်၍ မေးမြန်းစုံစမ်းနိုင်ပါသည်။

**ပုံ (မင်းထွဋ်)**
**ညွှန်ကြားရေးမှူးချုပ်**
**ပြည်တွင်းအခွန်များဦးစီးဌာန**

### ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်နိုလင်း
## အသက်(၈၈)နှစ်

ရန်ကုန်မြို့နေ (ဦးဘကြင်-ဒေါ်မယ်ရှင်)တို့၏ သမီး၊ (အေဝမ်း ဦးတင်နွယ်-ဒေါ်မိမိကြီး)တို့၏ သမီးချွေးမ၊ (ဒါရိုက်တာ အေဝမ်း မောင်လှမျိုး)၏ချစ်လှစွာသောဇနီး၊ဒါရိုက်တာခင်စောမျိုး-ဒေါ်ယဉ်ယဉ်ဝင့်တို့၏ ချစ်လှစွာသောမိခင်ကြီး၊ မခိုင်မွန်စောမျိုး(AYA Royal Banking)၊ မခိုင်ဇင်စောမျိုး(Taw Win Garden Hotel)တို့၏ ချစ်လှစွာသော ဘွားဘွား ဒေါ်နိုလင်းသည် ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) ည ၉:၁၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၃-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းမြှုပ်နှံပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟအပေါင်းတို့အား ကျန်ရစ်သူမိသားစုများမှ အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## အထူးကျေးဇူးတင်ရှိခြင်း

၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) ည ၉:၁၀နာရီတွင် ၉၆ ပါး ရောဂါဖြင့် ကွယ်လွန်သွားသော မိခင်ကြီး ဒေါ်နိုလင်း အသက်(၈၈) နှစ် နာမကျန်းစဉ်တစ်လျှောက်အစစအရာရာ စိတ်ရောကိုယ်ပါ စေတနာဖြင့် ကုသပြုစုပေးပါသော SSC ရွှေဂုံတိုင်ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာဦးဆန်းလွင် (နှလုံးနှင့် အထွေထွေအထူးကု ဆရာဝန်ကြီး)၊ ဒေါက်တာဦးညွန့်နိုင်နှင့်တကွ တာဝန်ကျဆရာဝန်၊ ဆရာမ၊ သူနာပြုအကူဝန်ထမ်းများအားလုံးအားလည်းကောင်း၊ ရပ်ဝေးရပ်နီးမှ ဆွေမျိုးများ မိတ်ဆွေသင်္ဂဟအပေါင်းအားလည်းကောင်း၊ နာရေးကိစ္စအဝဝကို ကူညီဆောင်ရွက်ပေးသော လူမှုကူညီရေးအသင်း(ရန်ကုန်)နှင့် မောင်ဝေဠုကျော်တို့အား ကျန်ရစ်သူမိသားစုအားလုံးမှ ကျေးဇူးအထူးတင်အပ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဒေါ်ယဉ်ယဉ်ကြိုင်(ခ)ဒေါ်ယဉ်ယဉ်
## အသက်(၈၂)နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မိဂသီလမ်းသွယ်(၂၀)၊ အမှတ်(၃၁၈/A)နေ (ဦးဘကြိုင်-ဒေါ်မမတင်)တို့၏ သမီး၊ ဒုတိယဗိုလ်မှူးကြီးစိုးမြင့်(ငြိမ်း)၏ ဇနီး၊ ဒုတိယဗိုလ်မှူးကြီးတင်ထွန်း-ဒေါ်စန္ဒာစိုး၊ ဦးဇွဲမောင်မောင်-ဒေါ်နီလာအောင်တို့၏မိခင်၊ မောင်အောင်ချမ်းမြေ့၊ မမြသက်ရတနာထွန်း၊ မတင်မိုးထိုက်တို့၏ အဘွားသည် ၂၃-၅-၂၀၂၀ ရက် ည ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ ရက် ညနေ ၃:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၅-၂၀၂၀ (သောကြာနေ့)တွင် တောင်ဥက္ကလာပနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

### ရဟန်းအမ
## ဒေါ်စမ်းရီ (လက်ပံတန်း)
## အသက်(၇၉)နှစ်
**စက္ကူ-ခတ်ပုံ (ကုန်သွယ်ရေး-ငြိမ်း)**

ရန်ကုန်မြို့၊ တိုက်(၈/B)၊ အခန်း(၂၀)၊ လေးလွှာ၊ ဦးလူမောင်လမ်း၊ ကရင်အမျိုးသားရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ (ဦးသန်းမောင်-ဒေါ်အေးညို)တို့၏ သမီး၊ ဦးခင်စိုး(စာရေးဆရာမောင်တည်ငြိမ်)၏ ဇနီး၊ (ဦးလှအေး-ဒေါ်လှဝင်း)၊ ဒေါ်စန်းအေး၊ ဦးစန်းကို-ဒေါ်ရင်တို့၏ ညီမ၊ ဦးဟန်မင်းဦး-ဒေါ်ချိုမာ၊ ဦးစိုးမိုးဦး၊ ဦးထွန်းအောင်-ဒေါ်လင်းလင်းမင်းတို့၏ မွေးသမိခင်ကြီး၊ ဒေါ်မြင့်မြင့်အေး၏အစ်မ၊ ကိုဖြိုးစည်သာ၊ ကိုထွန်းလင်းတာ၊ ကိုဇေယျအောင်တို့၏အဘွား ဒေါ်စမ်းရီသည် ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၂၀ (စနေနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွ ရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၃၆ E၊ မြေကွက်အမှတ်-၁၀၂/A-၂/က၊ ဧရိယာ(၀.၂၁၃၅)ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မူလမြေကွက်ကြီး၏ အနောက်ဘက်ခြမ်း၊ အကျယ်အဝန်း (၇၁/၇၉ခန့်x၆၀ခန့်)(စတုရန်းပေ ၄၅၀၀)ရှိ မြေပိုင်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ အောင်မင်းခေါင်ဘုရားလမ်းသွယ်၊ အမှတ်-၁၅/Eဟုခေါ်တွင်သည့် မြေကွက်လွတ်ဧရိယာနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ဝယ်ရှိပိုင်ဆိုင် ရောင်းချခွင့်ရှိသူ ဒေါ်ဝေဝေ[၁၂/ကမရ(နိုင်)၀၀၉၈၉၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်တန်ဖိုးငွေကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့်ပတ်သက်၍ အကျိုးသက်ဆိုင် ခံစားခွင့်ရှိသည်ဆိုပါက စာချုပ်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သီတာအုန်း**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၆၃၀၇)**
**တိုက်အမှတ်(၃၂)၊ အခန်းအမှတ်(၁၀)၊ ဒုတိယထပ်၊**
**၂၃-လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၁၆၀၆၀၇**

### ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ညွန့်ညွန့်သိန်း
## အသက်(၆၀)

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ်(၄၉၈-A)နေ အရာခံဗိုလ်/စာရေးဆရာ ဦးအေးမျိုးကြည်(ငြိမ်း)၏ ချစ်ဇနီး၊ ဒေါ်မျိုးမျိုးမြတ်မွန်-ဦးထိန်လင်း၊ ဦးရာဇာမျိုး-ဒေါ်ဟန်သီစု၊ မောင်နေမျိုးဟိန်းတို့၏ ချစ်လှစွာသောမိခင်ကြီးသည် ၂၃-၅-၂၀၂၀(စနေနေ့) ညနေ ၆:၁၅ နာရီတွင် သင်္ဃန်းကျွန်း၊ အောင်ရတနာဆေးရုံ၌ (၉၆)ပါးသော ရောဂါဝေဒနာဖြင့်ကွယ်လွန်အနိစ္စရောက်သွားပါသောကြောင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၅-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ဘုရားအမှူးရှိသော ပင့်သံဃာတော်အရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါ၍ ၂၉-၅-၂၀၂၀ (သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၂)ရပ်ကွက်၊ အေးရတနာလမ်း၊ အမှတ်(၄၉၈-A)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ညိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်အောင်ကြည်
**LL.B (85–93)**
**ဒါရိုက်တာ(ကြယ်စင်သီဟဆောက်လုပ်ရေး)**
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒါန်လမ်း၊ အမှတ်(၄၄)နေ (ဦးကြည်)-ဒေါ်ခင်လှလှတို့၏ သား၊ ဦးစိုးသိမ်း-ဒေါ်ခင်မေဝင်းတို့၏ သားသမက်၊ ဦးမောင်မောင်-ဒေါ်ထားရီ(မှော်ဘီ)တို့၏ တူ/သား၊ ဒေါက်တာမြင့်ဦး(ဂျီပီ)-ဒေါ်ပြုံးပြုံးကြည်၊ ဦးကျော်ကျော်အောင်-ဒေါ်ဖြူဖြူကြည်၊ ဦးသက်ဦးကြည်-ဒေါ်စံပယ်ဦး၊ (ဦးမျိုးအောင်ကြည်)-ဒေါ်သန်းသန်းဝင်း၊ ဦးသက်တင်ညွန့်(ဒု-ထွေ/ဂျာ-ငြိမ်း၊ သစ်လုပ်ငန်း)-ဒေါက်တာမူမူကြည် တို့၏ ညီ/မောင်၊ ဦးရဲထွေးကြည်-ဒေါ်နီလာတို့၏ အစ်ကို၊ ဒေါ်စိုးစိမ့်အိ(ဒု-ညွှန်မှူး၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)၏ ချစ်လှစွာသောခင်ပွန်း၊ တူ/တူမ ၁၁ ယောက်တို့၏ ဦးလေး၊ မြေးခြောက်ယောက်တို့၏ ဘိုးလေးသည် ၂၂-၅-၂၀၂၀ ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ ရက်နေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

## ဦးအောင်အောင်ကြည်
**LL.B (85–93)**
**ဒါရိုက်တာ(ကြယ်စင်သီဟဆောက်လုပ်ရေး)**
## အသက်(၅၇)နှစ်

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆဒ္ဒါန်လမ်း၊ အမှတ်(၄၄)နေ (ဦးကြည်)-ဒေါ်ခင်လှလှတို့၏ သား၊ ဦးစိုးသိမ်း-ဒေါ်ခင်မေဝင်းတို့၏ သားသမက်၊ ဦးကျော်ကျော်မိုး-ဒေါ်စိုးစိမ့်ခိုင်၊ ဦးသန့်ဇင်-ဒေါ်စိုးစိမ့်လတ်တို့၏ မောင်၊ ဦးစိုးလူလတ်၏ အစ်ကို၊ မောင်စည်သူထက်၊ မောင်လင်းထက်အောင်၊ မောင်သီဟကျော်ဇင်တို့၏ ဦးလေး၊ ဒေါ်စိုးစိမ့်အိ (ဒု-ညွှန်မှူး-စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန)၏ ခင်ပွန်းသည် ၂၂-၅-၂၀၂၀ ရက် နံနက် ၆:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၂၀ ရက်နေ့တွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု







မိမိက ဖြန့်ဖြူးသူ မဖြစ်ပါစေနှင့်၊ နှာချေ၊ ချောင်းဆိုးတိုင်း တစ်ရှူး(သို့မဟုတ်) တံတောင်ကွေးဖြင့် ပါးစပ်နှင့်နှာခေါင်းကို လုံခြုံအောင်ဖုံးအုပ်ပါ။ အခြားအတူနေသူများနှင့် (၆)ပေအကွာတွင်သာ နေထိုင် ပြောဆိုပါ။ ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ အားအင်ကုန်ခမ်းခြင်းနှင့် အသက်ရှူရ ခက်ခဲခြင်းများရှိနေပါက အနီးဆုံး ဆေးရုံဆေးခန်းသို့ သွားရောက်ပြသပါ။

# သစ်တောသစ်ပင် ဒို့ချစ်ခင် အစဉ်စိုက်ပျိုး အလှတိုး

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်အောင်ကြည်
**အသက်(၅၇)နှစ်**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဝန်ကြီးရုံးမှ ဒေါ်စိုးစိမ့်အိ (ဒုတိယညွှန်ကြားရေးမှူး)၏ ခင်ပွန်းဖြစ်သူ ဦးအောင်အောင်ကြည် သည် ၂၂-၅-၂၀၂၀ ရက်နေ့တွင် ရုတ်တရက်ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အမြဲတမ်းအတွင်းဝန် ဦးကိုကိုလွင်နှင့်**
**ဝန်ကြီးရုံးဝန်ထမ်းမိသားစုများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်ကျင်သိန်း
**အသက်(၈၅)နှစ်**

သူငယ်ချင်း သန်းသန်းဦးရဲ့ ချစ်လှစွာသောမိခင်ကြီး ဒေါ်ကျင်သိန်း၊ (ဒေါက်တာဟန်စိန်)၏မိခင်သည် ၁၄-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း၊ သူငယ်ချင်းရဲ့မိခင်ကြီး ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းပေးပါတယ်။

**1982-86⁺⁺ ဘူမိဗေဒတွဲ့ရ**
**ကျောင်းသား/သူများ**
**ရန်ကုန်တက္ကသိုလ်**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်သောင်း
**အသက်(၈၅)နှစ်**

သူငယ်ချင်း နွဲ့နွဲ့ရင် ရဲ့ ချစ်လှစွာသော မိခင်ကြီး ဒေါ်သောင်း(သံတွဲ) သည် ၇-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်းကြားသိရ၍ ကျန်ရစ်သူ သူငယ်ချင်းရဲ့ မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲမိပါကြောင်း၊ သူငယ်ချင်းရဲ့မိခင်ကြီး ကောင်းရာသုဂတိလားပါစေလို့ ဆုတောင်းပေး ပါတယ်။

**1982-86⁺⁺ ဘူမိဗေဒတွဲ့ရ**
**ကျောင်းသား/သူများ**
**ရန်ကုန်တက္ကသိုလ်**

## ဦးသန်းရင် (BPI)
**အသက် (၇၇) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ ပြည်မြို့နေ (ဦးဘကျော်-ဒေါ်အေးစိန်) တို့၏ သား၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ အမှတ် (၇၅)၊ (၈)လမ်း၊ မြေညီထပ်နေ ဒေါ်ခင်သန်းမြင့်(BPI)၏ ခင်ပွန်း၊ ဒေါ်အိရွှေဇင်၊ ဦးကိုကိုလတ်တို့၏ ကျေးဇူးရှင်ဖခင်၊ မောင်မြတ်မင်းသန်း၏အဘိုး ဦးသန်းရင်(BPI)သည် ၂၁-၅-၂၀၂၀(ကြာသပတေး နေ့) ည ၇:၂၀ နာရီ တွင် ကွယ်လွန်အနိစ္စရောက်သွားသောကြောင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၃.၅.၂၀၂၀ (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၅-၂၀၂၀ ရက် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညှိုးငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသိန်းနိုင်
**အသက်(၇၅)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့နေ (ဦးမောင်ခွန်-ဒေါ်မြခင်)တို့၏ သား၊ (ဦးထွန်းလှိုင်-ဒေါ်သိန်းရင်)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ အမှတ် (၁၀၀)နေ ဒေါ်ကြင်အိ၏ခင်ပွန်း၊ မကလျာအိအိနိုင်၊ ဗိုလ်ကြီးဝေမိုးနိုင် (ငြိမ်း)၊ ဒေါက်တာမျိုးမင်းနိုင်တို့၏ ဖခင်သည် ၂၄-၅-၂၀၂၀(တနင်္ဂနွေနေ့) မွန်းလွဲ ၂:၀၅ နာရီတွင် ခုတင်(၁၀၀၀)၊ ပြည်သူ့ဆေးရုံကြီး၊ နေပြည်တော်၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၂၆-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၁ နာရီတွင် ကျွဲကြီးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။ (ဆေးရုံမှ ကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဗိုလ်မှူးသီဟ (ငြိမ်း)
**ရေ-၁၁၈၆**
**D.S.A(11) Intake**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့နေ [ဒုဗိုလ်မှူးကြီး မောင်မောင်ကြီး(ရေ-ငြိမ်း)-ဒေါ်စိန်ရီ] တို့၏ သားကြီး၊ [ဒုဗိုလ်မှူးကြီး သူရ တင်မောင်(ငြိမ်း)]-ဒေါ်ငြိမ်းငြိမ်းတို့၏ သားသမက်၊ အမှတ်(၁၁၈၊ သုံးလွှာ)၊ (၉၂) လမ်း၊ ကန်တော်လေး၊ မင်္ဂလာ တောင်ညွန့်နေ ဒေါ်ရွှေဝါ(ခ)ဝါဝါတင် (Golden Dream ကိုယ်ပိုင်စာသင် စာကျက်ဝိုင်း)၏ ချစ်လှစွာသောခင်ပွန်း၊ မချစ်ကေဇင်နို (Auditor Kyaw & Kyaw CPA)၊ မစနိုးသီ (Segi University)တို့၏ ချစ်လှစွာသောဖခင်သည် ၂၂-၅-၂၀၂၀ ရက် ညနေ ၄:၁၅ နာရီတွင် နေအိမ်၌ ဘဝတစ်ပါးသို့ကူးပြောင်း သွားပါ၍ ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ညနေ ၆:၃၀ နာရီတွင် မီးသဂြိုဟ် ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၅-၂၀၂၀ ရက်နေ့တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းသွတ်တရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးအောင်သိန်း
**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ (ဦးကင်ဟုန်-ဒေါ်အုန်းသင်)တို့၏ သား၊ ဒေါ်သောင်းကျင်၏အစ်ကို၊ 99c/4, သံလွင်လမ်းနေ (ဒေါ်စိန်စိန်)၏ ခင်ပွန်း၊ (ဦးလှသွင်)-ဒေါ်ခင်အုန်းမြင့်၊ ဦးမျိုးမြင့်-ဒေါ်ခင်မာအောင်၊ ဒေါ်မြင့်မြင့်အေး၊ ဦးစိန်ထွန်းအောင်၊ ဦးဝင်းလွင်-ဒေါ်ခင်မေပြုံး၊ ဦးသိန်း လင်း-ဒေါ်ခင်မေနွဲ့၊ ဦးသန်းဇော်အောင်-ဒေါ်သန်းသန်းချို [ကိုကျော်မြင့် (ခ)ကိုကျော်ကြီး]တို့၏ဖခင်၊ မြေး ၁၈ ယောက်တို့၏အဘိုး၊ မြစ်လေး ယောက်တို့၏ဘိုးဘိုးသည် ၂၄-၅-၂၀၂၀(တနင်္ဂနွေနေ့) နံနက် ၂:၃၀နာရီ တွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေး သုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ် ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးတင်မောင် အသက် (၉၀)

ဘီလူးကျွန်း၊ ချောင်းဆုံမြို့နယ်၊ ကလော့ကျေးရွာနေ (ဦးဖိုးချစ်-ဒေါ်ငွေလှိုင်) တို့၏သား၊ ကော့ဒွက်ကျေးရွာနေ (ဦးစက်-ဒေါ်ဆုံ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၅/ရပ်ကွက်၊ ဇင်္ဂမလမ်း၊ အမှတ်(၄)နေ (ဒေါ်လှမေ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးထိန်လင်း-(ဒေါ်သန်းသန်းအေး)၊ (ဦးဝင်းသန်း)-ဒေါ်စောမြင့် (ပြည်တွင်းအခွန်-ငြိမ်း)၊ (ဦးအေးမင်း)-ဒေါ်အေးမြင့်၊ ဒေါ်ကြည် ကြည်ညွန့် (အ-မ-က-၁၄၊ သာကေတ)၊ ဦးသိန်းအောင် (ဌာနခွဲမှူး၊ ဈေးများဌာန) ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ-ဒေါ်စန်းစန်းဝင်း၊ ဦးမင်းတင် အောင်-ဒေါ်နီလာထွေး၊ ဦးလှမျိုးအောင် (သဃ်န်းကျွန်းစည်ပင်)-ဒေါ်ကြူ ကြူသင်းတို့၏ ကျေးဇူးရှင်ဖခင်၊ မြေး ၁၉ ယောက်၊ မြစ် ၂၃ ယောက်တို့၏အဘိုး ဦးတင်မောင်သည် ၂၂-၅-၂၀၂၀ (သောကြာနေ့) ညနေ ၆:၅၀ နာရီတွင် (၉၆)ပါး သောရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်အား ၂၄-၅-၂၀၂၀(တနင်္ဂနွေနေ့)မွန်းလွဲ ၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၈-၅-၂၀၂၀ (ကြာသပတေးနေ့)တွင် ရက်လည်ဆွမ်းကျွေး တရားတော်နာယူမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေး ကုသိုလ်ဝေမျှ အပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း
## ဒေါ်ရှမ်း
**အသက်(၈၅)နှစ်**

လှိုင်မြို့နယ်၊ (၁၆)ရပ်ကွက်၊ ရန်ကုန်၊ အင်းစိန်လမ်းမ၊ အမှတ်(၇/ခ) နေ (ဦးလှထွန်း)၏ ဇနီး၊ ဒေါ်နီ၊ Rev.Dr.ဦးထွန်းကြည်-ဒေါ်ပန်းနီ၊ ဦးလုံးရှန်း-ဒေါ်လှလှထွေး၊ ဦးလုံးရွှေ၊ ဒေါ်လီလီ၊ ဦးသိန်းအောင်-ဒေါ်တင်တင်ရွှေ၊ (ဦးကိုကိုအောင်)-ဒေါ်အေးအေးရွှေတို့၏ မွေးသမိခင်၊ မြေး ၁၂ ယောက်၊ မြစ်တစ်ယောက်၏အဘွား ဒေါ်ရှမ်းသည် ၂၃-၅-၂၀၂၀ ရက် ည ၇:၂၅ နာရီ တွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၅-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ရေဝေးဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါ ကြောင်း အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးညွန့်လှိုင်
**မြန်မာနိုင်ငံ ဝေဒလက္ခဏာ၊နက္ခဗေဒင်ပညာရှင်**
**အသက် (၈၁) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၂)ရပ်ကွက်၊ သီရိလမ်း၊ အမှတ် (၉၆)၊ B-2 နေ [ဒေါ်လှမြိုင် (အလယ်တန်းပြ-ငြိမ်း)]၊ ဒေါ်ကြည်မြင့်တို့၏ ခင်ပွန်း၊ ဦးဝင်းထွန်းအောင် [B.A (History) ဆိပ်ကမ်းတာဝန်ခံ မြတ် မေတ္တာမွန်ကုမ္ပဏီ] - ဒေါ်သဲနုဝင်း (LL.B, DBL အထက်တန်း ရှေ့နေ တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးနှစ်ယောက်တို့၏ အဘိုးသည် ၁၉-၅-၂၀၂၀(အင်္ဂါနေ့) မွန်းလွဲ၁၂:၁၀ နာရီတွင် အထက်ပါ နေအိမ်၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ် ကလာပ်ကို ယင်းနေ့ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးသောင်းညွန့်
**အသက်(၈၀)**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း (၃)လမ်း၊ အမှတ်(၈)နေ (ဦးထွန်းကြိုင်-ဒေါ်အေးကြည်) တို့၏သား (ဦးစံထွန်း-ဒေါ်စိန်ပု)တို့၏သားသမက်၊ (ဦးဖိုးတိုး)-ဒေါ်ရင်နုတို့၏မောင်၊ (ဦးတင်ညွန့်-ဒေါ်အမာကြည်)၊ ဦးစိန်ဟန်-ဒေါ်ခင်မမ၊ ဦးအေးကြိုင်-ဒေါ်ဖွားစိန် တို့၏အစ်ကို၊ ဦးထွန်းထွန်းဦး-ဒေါ်မြစန္ဒာ၊ ဦးတင်ထွဋ်-ဒေါ်အေးအေးသန်း၊ ဦးအောင်မိုးဇော်-ဒေါ်တင်နီထွေး၊ (ကိုအေးထွန်း) တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး၊ ဒေါ်တင်ရွှေ၏ ခင်ပွန်း ဦးသောင်းညွန့်သည် ၂၃-၅-၂၀၂၀(စနေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၂၀ (တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ် မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၉-၅-၂၀၂၀(သောကြာနေ့) နံနက်တွင် အမျှအတန်း ပေးဝေမည်ဖြစ်ပါသဖြင့် အထက်ပါ နေအိမ်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးအောင်နိုင်(ခ) Charlie Swe
**အသက်(၆၄)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့နယ်၊ ယောမင်းကြီးရပ်ကွက်၊ နဝဒေးလမ်း၊ အမှတ် 18(E-5)နေ (ဦးညီပု-ဒေါ်သန်းနု)တို့၏ သား၊ (ဦးညီပု-ဒေါ်ကျင်တင့်)တို့၏ သားသမက်၊ ဦးဝင်းဆွေ-ဒေါ်အေးအေးစော၊ ဦးသန်းဦး-ဒေါက်တာအေးအေးဆွေ၊ ဦးဝင်းဖေ-ဒေါက်တာစန်းစန်းလွင်တို့၏ ညီ/မောင်၊ တူမ လေးယောက်တို့၏ ချစ်လှစွာသောဦးလေး၊ ဒေါ်မီမီအောင် (ခေတ္တ-ထိုင်ဝမ်)၏ ချစ်လှစွာသောခင်ပွန်း၊ မစမ်းစန္ဒာထက် (ခေတ္တ-ဂျပန်နိုင်ငံ)၏ ချစ်လှစွာသောဖခင်သည် ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၆၅) ရပ်ကွက်၊ ပုလဲမွန်အိမ်ရာ၊ တိုက်(၁၀)၊ အခန်း(၀၀၂)တွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ညနေ ၃:၄၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်း ကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၃၀-၅-၂၀၂၀ (စနေနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်ရီရီဇံ (စစ်တွေမြို့)
**ရခိုင်အမျိုးသမီးအသင်း-နာယက(စစ်တွေမြို့)**
**အသက်(၁၀၁)နှစ်**

စစ်တွေမြို့နေ (ဦးစံရွှေဘု) F.R.A.S. Bar, At Law-(ဒေါ်စံသာခိုင်)တို့၏ သမီး၊ (အငြိမ်းစား စက်ရှင် တရားသူကြီး ဦးသာဇံဦး-ဒေါ်မပု)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ် (၂၈)နေ (ဦးမောင်ကျော်ဇံ) ပညာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး(ငြိမ်း)၊ ဗဟိုတရားရုံးချုပ်ရှေ့နေကြီး(ငြိမ်း)၏ ဇနီး၊ (ဦးထွန်းဝင်း)-ဒေါ်လှသန္တာ၊ (ဦးကျော်ဝင်း-ဒေါ်ဝင်းခင်)၊ ဦးခင်မောင်ဦး-ဒေါ်ခင်အေးဇံ၊ (ဦးသာဇံ)-ဒေါ်မိမိဇံ၊ (ဦးဇံဝင်းမောင်)-ဒေါ်ထွေးထွေးစန်း တို့၏ ချစ်လှစွာသောမိခင်ကြီး၊ ဦးဇော်မင်းဝင်း-ဒေါ်ကျင် ကျင်ငွေ၊ ဦးအောင်ကိုကို-ဒေါ်မေကြည်ဝင်း၊ ဦးအေးချိုမောင်-ဒေါ်မေအေးဝင်း၊ ဒေါက်တာစိုင်းကွမ်းဝမ်း-ဒေါက်တာစန္ဒီခင်၊ ဦးဇော်နိုင်ဝင်း-ဒေါ်နှင်းသဇင်မြင့်၊ ဒေါ်ခိုင်သူသူဇံ၊ ဦးရဲဇံမောင်-ဒေါ်နှင်းနှင်းခိုင်၊ ဦးသက် ပိုင်စိုး-ဒေါ်မြပန်းခိုင်၊ ဦးဝင်းကိုမြင့်-ဒေါ်မေမီဝင်း၊ ဦးဗိုလ်စစ်ခိုင်၊ ဦးရဲကျော်ဇံ၊ ဦးသာဝင်း-ဒေါက်တာမိုးပန်းခိုင်၊ ဦးဖြိုးညီညီဇော်-ဒေါ်ခိုင်ဇံထွေးတို့၏ ချစ်လှစွာသော အဘောင်ရှင်၊ မြစ် ၁၆ ယောက်တို့၏ အဖီးရှင်သည် ၂၄-၅-၂၀၂၀ ရက် နံနက် ၉ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့မွန်းလွဲ ၁၂:၃၀ နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ချစ် (ဒေါ်ချစ်ပဲဆိုင်)
**အသက်(၉၃)နှစ်**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၈)ရပ်ကွက်၊ အမှတ်(၅၇၇)၊ မေဓါဝီလမ်းနေ (ဦးမောင်မောင်-ဒေါ်ကြည်)တို့၏ သမီး၊ (ဦးစိုက်ရ-ဒေါ်ခင်မာ)တို့၏ သမီးချွေးမ၊ (ဦးလှစိန်)၏ ချစ်လှစွာသောဇနီး၊ (ဦးခင်ဝင်း)၊ ဦးခင်ရွှေ-ဒေါ်ခင်ခင်ဝင်း (သိန်းငွေအောင် မုန့်ဖို)၊ ဦးမြသန်း-ဒေါ်လှလှ၊ ဦးကျော်စိုး-ဒေါ်အေးကျင်စိန်(ဒေါ်ချစ်ပဲဆိုင်)၊ ဦးနိုင်ဝင်း-ဒေါ်တင်တင်အေး၊ ဦးအောင်ခင်-ဒေါ်သင်းသင်းယုတို့၏ မွေးသမိခင်၊ မြေးရှစ်ယောက်၊ မြစ်ငါးယောက်တို့၏အဘွား ဒေါ်ချစ်သည် ၂၄-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးထွန်းကြည်
**အောင်ပင်လယ်ပွဲရုံ (ဘုရင့်နောင်)**
**အသက် (၈၂) နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (U-33)၊ မြကန်သာလမ်းနေ ဒေါ်ညွန့်ရှင်း၏ ခင်ပွန်း၊ ဦးဘလင်း(ခ)ဦးကိုကိုလွင်-ဒေါ်ခင်သီတာ၊ ဒေါ်မိမိ၊ ဦးမောင်မောင်လွင်၊ ဦးညီညီလွင်၊ ဒေါ်စိုးစိုးတို့၏ကျေးဇူးရှင်မွေးသဖခင်၊ မယွန်းရတီလင်း၏ အဘိုးသည် ၂၃-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် ၂၅-၅-၂၀၂၀ (တနင်္လာနေ့) နံနက် ၁၀ နာရီတွင် အထက်ပါနေအိမ်မှ ရေဝေးသုသာန်သို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အာနိစ္စ

**တောင်တွင်းကြီးမြို့နယ်အသင်း**
**(ရန်ကုန်)**
### ဦးဝင်းခင်(ဗိုလ်ကြီး-အငြိမ်းစား)
**အသက်(၈၂)နှစ်**
**သက်ကြီးကန်တော့ခံ**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့ နယ်၊ ဖဆပလရပ်ကွက်၊ တိုက်အသစ် (၁)၊အခန်း(၆)၊ သာသနာဟိတကာရီ ဓမ္မာရုံလမ်းနေ ဗိုလ်ကြီးဝင်းခင်(ငြိမ်း) သည် ၁၉-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်ပြီး ၂၀-၅-၂၀၂၀ရက်တွင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးစီးပါ ကြောင်း။

အမှုဆောင်အဖွဲ့

## ဦးစိုးတင်(ခ)မောင်မောင်
**လေ-၁၃၂၁၃ (ဒ-လ-ခ၊ ငြိမ်း)**
**အသက်(၇၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၅)ရပ်ကွက်၊ ဇီဇဝါ(၄) လမ်း၊ အမှတ်(၇၈၆)နေ (ဦးသာခင်-ဒေါ်ဖွားတင်)တို့၏ သား၊ ဒေါ်ယဉ်ယဉ်အေး၏ ခင်ပွန်း၊ ဗိုလ်ကြီးတင်ရှိန်(ငြိမ်း)-ဒေါ်ယဉ်ယဉ်စိုး၊ ဦးဇော်မိုးနိုင်-ဒေါ်ဖြူဖြူဝင်း၊ အရာခံဗိုလ် ဦးမိုးဦးထွန်း-ဒေါ်ဝင်းဝင်းစိုး၊ ဦးသက်နိုင်စိုး (MYAN-SHWE PYI TRACTORS Ltd.)-ဒေါ်လဲ့လဲ့ထိုက်တို့၏ ဖခင်၊ မြေးခြောက်ယောက်၊ မြစ်နှစ် ယောက်တို့၏ အဘိုးသည် ၂၃-၅-၂၀၂၀ ရက် ညနေ ၄:၅၁ နာရီတွင် ကွယ်လွန်သွား ပါသဖြင့် ၂၅-၅-၂၀၂၀ ရက် မွန်းတည့် ၁၂ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင် မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၀:၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**သင့်**
**သွေးဖြင့်**
**အသက်**
**ကယ်ပါ**

## ဒေါ်ခင်ပြုံးဝင်း
**ကြီးကြပ်ရေးမှူး(ငြိမ်း)၊ မြန်မာ့စီးပွားရေးဘဏ်(စာရင်းဌာန)**
**အသက် (၆၉) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကန်မြောက်ရပ်ကွက်၊ ဒေါ်သိန်းတင်လမ်း၊ အမှတ်(၆၆)၊ လေးလွှာ(အေ)နေ (ဦးဝင်းဆိုင်-ဒေါ်သန်းခင်)တို့၏ သမီး၊ (ဦးတင်ဖေ-ဒေါ်ခင်ညို)တို့၏ သမီးချွေးမ၊ ဦးဖိုးပါ၏ဇနီး၊ ဦးထွေးဝမ်-ဒေါ်အေးနန္ဒာအောင်(KBX Holding Co.,Ltd)၊ ဗိုလ်ကြီးဇေယျာမျိုး(တပ်မတော်-ရေ)-ဒေါ်အေးမြတ်မွန်(The Avenue Co.,Ltd)တို့၏ ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မောင်ဘုန်း မြင့်မြတ်၊ မရွှန်း မြတ်ယသော်တို့၏ ချစ်လှစွာသောအဘွားသည် ၂၃-၅-၂၀၂၀ (စနေနေ့) နံနက် ၈:၃၀ နာရီတွင် အမှတ်(၂) တပ်မတော်ဆေးရုံ ကြီး၊ ခုတင်(၅၀၀)၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ရက်တွင် ရေဝေး သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သားများ မြဝတီတံတားအမှတ်(၂)မှ ၁၁၁၈ ဦး ဝင်ရောက်



မြဝတီ မေ ၂၄

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၁၁၁၈ ဦးသည် မြဝတီအမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ယနေ့ပြန်လည်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။

မေ ၂၃ ရက်မှစ၍ ပြန်လည်ဝင်ရောက်လာသူများသည် နှစ်နိုင်ငံအစိုးရ၏ ညှိနှိုင်းမှုဖြင့် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံရုံး၏ အစီအစဉ်ဖြင့် ဘေးကင်းလုံခြုံစွာ အခက်အခဲမရှိ ပြန်လည်ဝင်ရောက်လာသူများဖြစ်သည်။

**ကြီးကြပ်ဆောင်ရွက်**

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကိုနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် ကချင်ပြည်နယ်မှ ၁၈ ဦး၊ ကယားပြည်နယ်မှ ခြောက်ဦး၊ ကရင်ပြည်နယ်မှ ၁၀၅ ဦး၊ ချင်းပြည်နယ်မှ တစ်ဦး၊ မွန်ပြည်နယ်မှ ၁၃၀၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၇၀၊ ပဲခူးတိုင်းဒေသကြီးမှ ၃၁၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၈၁ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၅၈ ဦး၊ မန္တလေးတိုင်းဒေသကြီးမှ ၇၄ ဦး၊ နေပြည်တော်မှ ၄၄ ဦး၊ ရှမ်းပြည်နယ်မှ ၃၉ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ခုနစ်ဦး၊ ရခိုင်ပြည်နယ်မှ ၁၀ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၅၈ ဦး စုစုပေါင်း ၁၁၁၈ ဦးဖြစ်ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

ကြေးမုံ ယနေ့ ဖတ်စရာ

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော အသက် ၁၀၇ နှစ်အရွယ် အီရန်အဘွားအို ပြန်လည်ကျန်းမာ
စာမျက်နှာ » ၁၁

ဂျပန်က နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေ ရုပ်သိမ်းရန်စီစဉ်
စာမျက်နှာ » ၁၂

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုရဲ့ ဗဟိုချက်အသစ်တစ်ခုဖြစ်လာတဲ့ လက်တင်အမေရိက
စာမျက်နှာ » ၁၃

COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
စာမျက်နှာ » ၁၅

ဂျူဗင်တပ်ကွင်းလယ်ကစားသမား ရာဘီယော့ကို ခေါ်ယူရန် အာဆင်နယ်၊ အဲဗာတန်နဲ့ မန်ယူတို့ အပြိုင်ကြိုးပမ်းနေ
စာမျက်နှာ » ၂၅

# ရှမ်းပြည်နယ်(အရှေ့ပိုင်း) နယ်စပ်ဂိတ်များမှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား တောင်ကြီးမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် ဆက်လက်ပို့ဆောင်



တောင်ကြီး မေ ၂၄

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်ခရိုင် မိုင်းယောင်းမြို့နယ် မိုင်းယု-ကျိန်းယဲန်းတံတားမှတစ်ဆင့် ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူ ၉၉ ဦးတို့အား ယနေ့ နံနက် ၁၁ နာရီတွင် တောင်ကြီးမြို့ အဝေးပြေးကားဝင်းမှတစ်ဆင့် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ မော်တော်ယာဉ်များဖြင့် စနစ်တကျလွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**စနစ်တကျလွှဲပြောင်း**

တရုတ်နိုင်ငံနှင့် အထူးဒေသ(၄) နမ့်ပန်းဒေသမှ သက်ဆိုင်ရာဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား

စာမျက်နှာ ၇ ကော်လံ ၁ သို့ ❒

# မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာ တိုကျိုအိုလံပစ်ဝင်ခွင့်အတွက် ပြိုင်ပွဲများ ပြန်လည်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၂၄

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် အိုလံပစ်ပြိုင်ပွဲဝင်ခွင့်ရရန် ပစ်မှတ်ထားနေသည့် မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် ပြိုင်ပွဲများပြန်လည်ယှဉ်ပြိုင်မည်ဖြစ်သည်။ ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်သည် ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကာလအတန်ကြာ ပြိုင်ပွဲများကျင်းပမှုကို ရပ်နားခဲ့သော်လည်း မေ ၂၂ ရက်က ယခုနှစ်အတွင်း ကျင်းပမည့်ပြိုင်ပွဲများနှင့်ပတ်သက်၍ အတည်ပြုထုတ်ပြန်ခဲ့သည်။

**စီစဉ်ဆောင်ရွက်**

ကမ္ဘာ့ကြက်တောင်အဖွဲ့ချုပ်က ပြိုင်ပွဲများပြန်လည် ကျင်းပတော့မည်ဖြစ်သောကြောင့် သက်ထားသူဇာသည် ကျင်းပမည့်ပြိုင်ပွဲများအပေါ် မူတည်၍ ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။ မြန်မာကြက်တောင်အားကစားမယ် သက်ထားသူဇာသည် မတ်လကတည်းက ပြိုင်ပွဲယှဉ်ပြိုင်မှုရပ်နားထားရသော်လည်း လေ့ကျင့်မှုမပြတ်စေရန်

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ✻



ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

ပြည်သူ့အတွက်
စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ပြည်ထောင်စုလွှတ်တော်နှင့် မွန်ပြည်နယ်အစိုးရအဖွဲ့၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုရှစ်မျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ
အထူးကဏ္ဍ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ
မေ ၂၅၊ ၂၀၂၀ (တနင်္လာနေ့)

# စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရန် အခြားမဏ္ဍိုင်များနှင့် အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုလွှတ်တော်

ဆောင်းပါး - နန္ဒာဝင်း ၊ ဓာတ်ပုံ - တာရာ

**ပါတီစုံဒီမိုကရေစီစနစ် ကျင့်သုံးမှုအားကောင်းခိုင်မာရန်အတွက် နိုင်ငံတစ်နိုင်ငံတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည် လွန်စွာအရေးကြီးလှသည်။ လွှတ်တော်များသည် နိုင်ငံသားပြည်သူများကို ကိုယ်စားပြုလျက် ခေတ်စနစ်နှင့် မလျော်ညီသည့် ဥပဒေများ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ဥပဒေ၏ အကာအကွယ်ရယူ၍ ပြည်သူများ အေးချမ်းလုံခြုံစွာနေထိုင်နိုင်ရန်နှင့် ဥပဒေ၏အကာအကွယ်ကို တန်းတူရရှိစေရန် လိုအပ်သည့် ဥပဒေသစ်များ အတည်ပြုပြဋ္ဌာန်းပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။**



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

လွှတ်တော်များသည် နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတွင် ဥပဒေပြုရေးအာဏာအပြင် အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲ၍ အပြန်အလှန်ထိန်းကျောင်းခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုလွှတ်တော်သည် နိုင်ငံတော်၏ ဥပဒေပြုရေးအာဏာကို အပ်နှင်းရရှိထားသည့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ခုဖြစ်သည်။ အဓိကတာဝန်ဖြစ်သော ကိုယ်စားပြုခြင်း၊ ဥပဒေပြုခြင်းနှင့် အပြန်အလှန်ထိန်းကျောင်းခြင်း တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် အလေးထားဆောင်ရွက်လျက်ရှိသည်။

**လွှတ်တော်အစည်းအဝေးများကျင်းပ**

ဒုတိယအကြိမ် လွှတ်တော်များသည် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် စတင်ခဲ့ပြီး ၂၀၂၁ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ (၅)နှစ်သက်တမ်းဖြစ်ရာ ပြည်ထောင်စုလွှတ်တော်သည် ယခုဆိုလျှင် စတုတ္ထ (၁) နှစ်တာကာလကို ကျော်လွန်ဖြတ်သန်းခဲ့ပြီး ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပုံမှန်အစည်းအဝေး (၄)ကြိမ် ကျင်းပနိုင်ခဲ့သည်။

**ဥပဒေဆိုင်ရာကိစ္စရပ်များ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ အဓိကလုပ်ငန်းတာဝန်ဖြစ်သည့် ဥပဒေအသစ်များ ပြဋ္ဌာန်းခြင်းအပြင် လက်ရှိအာဏာတည်ဆဲ ဥပဒေများကို အမြဲမပြတ်ဆန်းစစ်လေ့လာကာ ၎င်းတို့အထဲမှ ခေတ်စနစ်နှင့် မကိုက်ညီတော့သည့် ဥပဒေများကို ပယ်ဖျက်ခြင်း၊ ခေတ်စနစ်နှင့်အညီ ပြန်လည်ပြင်ဆင်ခြင်းများ ဆောင်ရွက်ခဲ့သည်။

ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ တီထွင်မှုမူပိုင်ခွင့်ဥပဒေ၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် ကျန်းမာရေးဆိုင်ရာဥပဒေ၊ စားသုံးသူကာကွယ်ရေးဥပဒေ၊ ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေ၊ နယ်နိမိတ်တိုင်းတာ ပိုင်းခြားသတ်မှတ်ရေးဥပဒေ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ လောင်းကစားဥပဒေ၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေ၊ စာပေနှင့်အနုပညာမူပိုင်ခွင့်ဥပဒေ၊ တံတားကြီးများဥပဒေ၊ အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ ၂၀၁၈ - ၂၀၁၉ ဘဏ္ဍာနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေ၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေ၊ တရားလွှတ်တော်ရှေ့နေများကောင်စီအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေ၊ မြန်မာ့ဆက်သွယ်ရေးကော်ပိုရေးရှင်းဥပဒေ၊ မြေသိမ်းဆည်းခြင်း၊ ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ခြင်းဆိုင်ရာဥပဒေ၊ ပြည်ထောင်စုတရားစီရင်ရေး ဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်းဥပဒေ၊ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဥပဒေ၊ ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်

အထူးကဏ္ဍ [ ခ ] သို့ »»»

**လွှတ်တော်များသည် နိုင်ငံတော် အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာတွင် ဥပဒေပြုရေးအာဏာအပြင် အုပ်ချုပ်ရေးအာဏာနှင့် တရားစီရင်ရေးအာဏာတို့ကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲ၍ အပြန်အလှန် ထိန်းကျောင်းခြင်းဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိ**




ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး ကျင်းပစဉ်။



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တက်ရောက်လာကြသူများ (၁၅-၉-၂၀၁၉)ရက်နေ့က အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုကြစဉ်။

»»» အထူးကဏ္ဍ [ က ] မှ

ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ အပင်မျိုးသစ်အကာအကွယ်ပေးရေး ဥပဒေ၊ ၂၀၁၉ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ၊ စကားရပ်ပြောင်းလဲသတ်မှတ်သည့် ဥပဒေ၊ မြန်မာနိုင်ငံ တံဆိပ်ခေါင်းအက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေ၊ မြန်မာနိုင်ငံ ဆေးပညာရပ်ဆိုင်ရာဘွဲ့၊ ဒီပလိုမာနှင့်လက်မှတ်များ ဥပဒေ၊ အခြေခံပညာရေးဥပဒေ၊ သွင်းကုန်ပမာဏ မြင့်တက်ခြင်းမှ ကာကွယ်ပေးမှုဥပဒေ၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့် ဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲ ဥပဒေကို ပဥ္စမအကြိမ် ပြင်ဆင်သည့်ဥပဒေ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေ စသည်ဖြင့် ဥပဒေ ၂၄ ခုကို အသစ်ပြဋ္ဌာန်းနိုင်ခဲ့သည့်အပြင် ဥပဒေ ၁၁ ခုကို ပြင်ဆင်နိုင်ခဲ့သည်။

ထိုဥပဒေများအနက် ပြည်ထောင်စုအစိုးရအဖွဲ့ကသာ တင်သွင်းခွင့်ရှိပြီး ပြည်ထောင်စုလွှတ်တော်၌ ဆွေးနွေးဆုံးဖြတ်ရမည့် နိုင်ငံတော်၏ အမျိုးသားစီမံကိန်း ဥပဒေ၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၊ ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဆိုင်ရာဥပဒေများကို နှစ်စဉ်နှစ်တိုင်း ဘဏ္ဍာရေးနှစ် မစတင်မီ ပြဋ္ဌာန်းပေးနိုင်ခဲ့သည်။

ထို့ပြင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ ခန့်အပ်ခြင်းနှင့် ပြည်ထောင်စုဝန်ကြီးဌာန ပြင်ဆင်သတ်မှတ်ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**ကော်မတီများဖွဲ့စည်းမှု**

ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီများတွင် ပါဝင်သော ကော်မတီဝင်ဦးရေ တူညီစွာပါဝင်သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်အခွင့်အရေးကော်မတီနှစ်ရပ်မှ သင့်လျော်သော ကော်မတီဝင်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီတို့ကို ဒုတိယသက်တမ်း၏ ပထမပုံမှန် အစည်းအဝေးကာလမှစ၍ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး လွှတ်တော်ဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိသည်။

**မြန်မာနိုင်ငံလွှတ်တော်အဖွဲ့**

ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လွှတ်တော်များအကြား လွှတ်တော်ဆိုင်ရာလုပ်ငန်းများ အောင်မြင်ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးနှင့် ဥပဒေပြုရေးလုပ်ငန်းများတွင် ချိတ်ဆက်ဆောင်ရွက်နိုင်ရေးအတွက် ပြည်ထောင်စုလွှတ်တော်နာယက၊ ဒုတိယနာယက၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်များရှိ ဥက္ကဋ္ဌများပါဝင်သော မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ကို ၂၀၁၆ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် စတုတ္ထ (၁) နှစ်တာကာလအတွင်း မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (MPU) အစည်းအဝေး တစ်ကြိမ် ကျင်းပနိုင်ခဲ့သည်။

**စာချုပ်များနှင့် သဘောတူညီချက်များ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း နိုင်ငံတကာစာချုပ်များနှင့် သဘောတူညီချက် စုစုပေါင်း ၂၂ ခုကို လွှတ်တော်၌ ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

Vienna Convention on Road Traffic 1968 နှင့် Vienna Convention on Road Signs and Signals 1968 တို့ကို လက်ခံကျင့်သုံးဆောင်ရွက်ရန်၊ အခြေပြစာချုပ်ငယ် (၂) ၏ အတည်ပြုစာချွန်လွှာအား အာဆီယံအတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန်၊ အာဆီယံ - ဟောင်ကောင်(တရုတ်) လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အသက်ဝင်ရေးအတွက် အတည်ပြုကြောင်း အသိပေးအကြောင်းကြားစာကို စာချုပ်ဝင်နိုင်ငံ အားလုံးသို့ ပေးပို့ရန်၊ အာဆီယံ - ဟောင်ကောင် (တရုတ်) ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်အား အတည်ပြုရန်၊ အာဆီယံတရားသူကြီးချုပ်များ ကောင်စီက ဆွေးနွေးညှိနှိုင်းသဘောတူပြီး ဖြစ်သော အာဆီယံတရားသူကြီးများကောင်စီ ပဋိညာဉ်စာတမ်း အတည်ပြုနိုင်ရန်နှင့် ပါဝင်လက်မှတ်ရေးထိုးနိုင်ရန် စသည့် နိုင်ငံတကာ စာချုပ်များနှင့် သဘောတူညီချက်များကို ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

ထို့ပြင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီမှ ရုံးသုံးမော်တော်ယာဉ် ငါးစီး တင်သွင်းရာတွင် အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် အထူးကုန်စည်ခွန် ကင်းလွတ်ခွင့်ရရှိရေး၊ Protocol of 1988 relating to the International Convention for the Safety of Life at Sea,1974 တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ ဂေဟစနစ်ဝန်ဆောင်မှုများနှင့် ဇီဝမျိုးစုံမျိုးကွဲဆိုင်ရာ နိုင်ငံတကာ သိပ္ပံ - မူဝါဒ လုပ်ငန်းအဖွဲ့သို့ ဝင်ရောက်ရေး၊ အာဆီယံဘက်စုံ ရင်းနှီးမြှုပ်နှံမှု သဘောတူစာချုပ်ကို ပြင်ဆင်သည့် စတုတ္ထ အခြေပြစာချုပ်တွင် မြန်မာနိုင်ငံမှ လက်မှတ်ရေးထိုးနိုင်ရေးနှင့် အတည်ပြုနိုင်ရေး၊ အာဆီယံ ဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးရေး၊ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်း၏ အခွန်စီမံခန့်ခွဲမှု ပူးပေါင်းဆောင်ရွက်ခြင်းစနစ် တည်ထောင်သည့် နားလည်မှုစာချွန်လွှာတွင် လေ့လာသူအဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးရေး၊ Memorandum of Understanding on the Improvement of Safety Standards and Inspection for Non – Convention Ships Within ASEAN Member States တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ The Protocol of 1988 relating to the International Convention on Load Lines, 1966 (LL PROT 1988) တွင် မြန်မာနိုင်ငံက ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ နိုင်ငံတကာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအကယ်ဒမီ (IACA) ကို နိုင်ငံတကာ အဖွဲ့အစည်းအဖြစ် ထူထောင်ခြင်းဆိုင်ရာ သဘောတူစာချုပ်တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်အဖြစ် ပါဝင်လက်မှတ်ရေးထိုးရေး၊ ကလေးသူငယ်များ၏ အခွင့်အရေးများဆိုင်ရာ စာချုပ်၏ လက်နက်ကိုင်ပဋိပက္ခအတွင်း ကလေးသူငယ်များပါဝင်ပတ်သက်မှုဆိုင်ရာ နောက်ဆက်တွဲ အခြေပြစာချုပ်သို့ မြန်မာနိုင်ငံမှ အတည်ပြုပါဝင်နိုင်ရေးကိစ္စ စသည့် နိုင်ငံတကာစာချုပ်များနှင့် သဘောတူညီချက်များကို ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

ထို့အတူ အာဆီယံဒေသတွင်း မော်တော်ယာဉ်ဆိုင်ရာထုတ်ကုန်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်(APMRA)တွင် မြန်မာနိုင်ငံမှ ပါဝင်လက်မှတ်ရေးထိုးနိုင်ရေး၊ သက်ကြီးရွယ်အိုအဖွဲ့အစည်းဆိုင်ရာ အာဆီယံ ဗဟိုဌာနထူထောင်ရေးစာချုပ်၊ Convention on Limitation of Liability for Maritime Claims, 1976 (LLMC 1976) နှင့် Protocol of 1996 to amend the Convention on Limitation of Liability for Maritime Claims, 1976 (LLMC PROT 1996) ၊ International Convention for the Unification of Certain Rules of Law Relating to Bill of Lading (“Hague Rules”) ၊ Hague Visby Rules နှင့် SDR Protocol ၊ ကမ္ဘာ့အကောက်ခွန်အဖွဲ့က ပြန်လည်သုံးသပ်ထားသော အပြည်ပြည်ဆိုင်ရာ ကျိုတိုသဘောတူစာချုပ် (WCO Revised Kyoto Convention) တွင် မြန်မာနိုင်ငံမှ အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်လက်မှတ်ရေးထိုးနိုင်ရေးကိစ္စများ၊ အငယ်ဆုံး အသက်ပြဋ္ဌာန်းချက်အမှတ် -၁၃၈ (၁၉၇၃) ကို မြန်မာနိုင်ငံမှ လက်ခံကျင့်သုံးနိုင်ရန် အတည်ပြုပါဝင်နိုင်ရေး၊ Toyota Landcruiser (Bullet Proof) မော်တော်ယာဉ် ခြောက်စီး တင်သွင်းရာတွင် အထူးကုန်စည်ခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်

အထူးကဏ္ဍ [ ဂ ] သို့ »»»

**ပြည်ထောင်စုလွှတ်တော်တွင် ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့ရှိ ဥပဒေကြမ်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းကော်မတီများတွင် ပါဝင်သော ကော်မတီဝင်ဦးရေ တူညီစွာပါဝင်သည့် ဥပဒေကြမ်းပူးပေါင်းကော်မတီ၊ ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီနှင့် လွှတ်တော်အခွင့်အရေးကော်မတီနှစ်ရပ်မှ သင့်လျော်သော ကော်မတီဝင်များဖြင့် ဖွဲ့စည်းသည့် လွှတ်တော်ကိုယ်စားလှယ်စိစစ်ရေးကော်မတီတို့ကို ဒုတိယသက်တမ်း၏ ပထမပုံမှန် အစည်းအဝေးကာလမှစ၍ လွှတ်တော်၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး လွှတ်တော်ဆိုင်ရာလုပ်ငန်းတာဝန်များ ဆောင်ရွက်လျက်ရှိ**



(၈-၇-၂၀၁၉)ရက်နေ့က မြန်မာနိုင်ငံလွှတ်တော်အဖွဲ့အစည်းအဝေး ကျင်းပစဉ်။

»»» အထူးကဏ္ဍ [ ခ ] မှ

ကင်းလွတ်ခွင့်ရရှိရေး ကိစ္စများကိုလည်း ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

**ချေးငွေဆိုင်ရာကိစ္စရပ်များ**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း ပြည်တွင်း၊ ပြည်ပ ချေးငွေများဖြစ်သည့် မြန်မာနိုင်ငံ၏ ဒေသတွင်းအခြေခံအဆောက်အအုံ မြှင့်တင်ခြင်း စီမံကိန်းဆောင်ရွက်ရန်အတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်း ဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၈ ဒသမ ၆၄၂ ဘီလီယံ ချေးငွေရယူရန်၊ ၂၀၁၈ ခုနှစ် အောက်တိုဘာလမှ ၂၀၁၉ ခုနှစ် စက်တင်ဘာလအထိ ပြည်ထောင်စု အစိုးရ အပ်ငွေစာရင်း၏ လိုငွေအား ဖြည့်ဆည်းပေးရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ငွေကျပ် ၁၀၁၆ ဒသမ ၈၁၈ ဘီလီယံ ချေးငွေရယူရန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးမှုတိုးတက်ကောင်းမွန်စေရေး စီမံကိန်း ဆောင်ရွက်ရန်အတွက် NEDA ထံမှ ထိုင်းဘတ် ၁၄၅၈ ဒသမ ၂၄၈ သန်း ချေးငွေရယူရန်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် အလုံးစုံပြင်ဆင်မွမ်းမံခြင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ပြင်သစ်ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီထံမှ ယူရို ၃၅ ဒသမ ၇ သန်းချေးငွေရယူရန် ကိစ္စများကို ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

ထို့ပြင် မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးရေးစီမံကိန်းများအတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၈၂ ဒသမ ၂၇၃ ဘီလီယံ ချေးငွေရယူရန်၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီမှ ရေပေးဝေရေးစီမံကိန်း ဆောင်ရွက်ရန် နယ်သာလန်နိုင်ငံ FMO နှင့် ING Bank ထံမှ ယူရို ၂၉ ဒသမ ၉၆ သန်း ချေးငွေ ရယူရန်၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှ မွေးဖွားလာသည့် အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့ခြင်း အစီအစဉ်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေး အဖွဲ့ထံမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ချေးငွေရယူရန်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကျေးလက်လမ်းများ ဆက်သွယ်ရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် ထံမှ အမေရိကန်ဒေါ်လာသန်း ၅၁ ဒသမ ၂၀ ချေးငွေရယူရန်၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် တံ့ပြန်နိုင်စွမ်း အားကောင်းသော လူထုဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ် ထံမှ အမေရိကန်ဒေါ်လာ ၁၈၅ သန်း ချေးငွေ ရယူရန်တို့ကိုလည်း ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

ထို့အတူ ပညာရေးဝန်ကြီးဌာနမှ လူတိုင်း အကျုံးဝင် အရည်အသွေးမီ ပညာရေးလုပ်ငန်း အစီအစဉ် အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေးအဖွဲ့ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စွန့်ပစ်အမှိုက်များကို ပြုပြင်သန့်စင်သည့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ချေးငွေ ရယူရန် စသည်ဖြင့် ပြည်တွင်း၊ ပြည်ပချေးငွေ ၁၁ ခုကို လွှတ်တော်၌ ဆွေးနွေးအတည်ပြုနိုင်ခဲ့သည်။

**နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ**

မြန်မာလွှတ်တော်အနေဖြင့် နိုင်ငံတကာ လွှတ်တော်များနှင့် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်လုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ အာဆီယံပါလီမန်များ ညီလာခံဆိုင်ရာ ပူးပေါင်းကော်မတီနှင့် နိုင်ငံတကာပါလီမန်များ အဖွဲ့ဆိုင်ရာ ပူးပေါင်းကော်မတီတို့ကို ဖွဲ့စည်းထားရှိသည်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း ASEAN Inter-Parliamentary Assembly (AIPA) အစည်းအဝေးများ၊ အလုပ်ရုံဆွေးနွေးပွဲများ (၁၂)ကြိမ်နှင့် Inter-Parliamentary Union (IPU) အစည်းအဝေး (၃)ကြိမ် စုစုပေါင်း ၁၅ ကြိမ် တက်ရောက်နိုင်ခဲ့သည်။

ထို့ပြင် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေး ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ (Joint Coordination Committee - JCC) အဖွဲ့ကို ၂၀၁၆ ခုနှစ် မေ ၂ ရက်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ပြည်ထောင်စုအဆင့် လွှတ်တော်များသာမက တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် လွှတ်တော်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာလွှတ်တော်များနှင့် မိတ်ဖက်အဖွဲ့အစည်းများ၏ အကူအညီပေးရေး အစီအစဉ်များကို အကျိုးရှိစွာ ရယူဆောင်ရွက်လျက်ရှိသည်။

**အခမ်းအနားများ**

အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားကို ၂၀၁၉ ခုနှစ် စက်တင်ဘာ ၁၅ ရက်တွင် လွှတ်တော်ဝင်းအတွင်း သဘင်ဆောင်၌ ကျင်းပခဲ့ပြီး ထိုအခမ်းအနားသို့ နိုင်ငံတော်သမ္မတ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံခြားသံရုံးများနှင့် ကုလသမဂ္ဂ

အထူးကဏ္ဍ [ ဃ ] သို့ »»»



(၂၂-၁-၂၀၂၀)ရက်နေ့က ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွမှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေးပွဲ ကျင်းပစဉ်။

**ပညာရေးဝန်ကြီးဌာနမှ လူတိုင်း အကျုံးဝင် အရည်အသွေးမီပညာရေး လုပ်ငန်းအစီအစဉ် အကောင်အထည်ဖော်ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ဘဏ်၏ အပြည်ပြည်ဆိုင်ရာဖွံ့ဖြိုးရေးအဖွဲ့ထံမှ အမေရိကန်ဒေါ်လာသန်း ၁၀၀ ချေးငွေရယူရန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ စွန့်ပစ်အမှိုက်များကို ပြုပြင်သန့်စင်သည့်စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရန်အတွက် ပိုလန်နိုင်ငံအစိုးရထံမှ ODA ချေးငွေ ယူရိုသန်း ၅၀ ချေးငွေရယူရန် စသည်ဖြင့် ပြည်တွင်း၊ ပြည်ပချေးငွေ ၁၁ ခုကို လွှတ်တော်၌ ဆွေးနွေးအတည်ပြုနိုင်ခဲ့**



၃၁-၁-၂၀၂၀ ရက်က ကျင်းပသည့် ဒုတိယအကြိမ်လွှတ်တော် (၄)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားသို့ တက်ရောက်လာကြသူများကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ ၈ ] မှ

လက်အောက်ခံ အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ လူမှုရေးအသင်းအဖွဲ့များ၊ အနုပညာရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်၍ ဒီမိုကရေစီ အထိမ်းအမှတ် စာတမ်းများ ဖတ်ကြားဆောင်ရွက်ခဲ့သည်။

၂၀၁၉ ခုနှစ်သည် နိုင်ငံတကာပါလီမန်များအဖွဲ့ (IPU) တည်ထောင်မှုနှစ် ၁၃၀ ပြည့်မြောက်သည့် အခါသမယဖြစ်သည်။ ထို့ကြောင့် နိုင်ငံတကာပါလီမန်များအဖွဲ့ နှစ် ၁၃၀ ပြည့် အထိမ်းအမှတ်လှုပ်ရှားမှုများကို ကမ္ဘာတစ်ဝန်းရှိပါလီမန်များတွင် 130 Years of Empowering Parliamentarians ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ၂၀၁၉ ခုနှစ် ဇွန်လမှ ၂၀၂၀ ပြည့်နှစ် ဇွန်လအထိ တစ်နှစ်တာကာလအတွင်း သတ်မှတ်ဆောင်ရွက်လျက်ရှိရာ အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့အခမ်းအနားတွင် IPU နှစ် ၁၃၀ ပြည့် လှုပ်ရှားမှုအပါအဝင် အထိမ်းအမှတ်ပြပွဲတစ်ရပ် ခင်းကျင်းပြသခဲ့သည်။

ထို့ပြင် နိုင်ငံ၏ ပုံရိပ်ကို စစ်မှန်သော ဒီမိုကရေစီဖက်ဒရယ်စနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် လူငယ်လူရွယ်များ၏ စိတ်ဓာတ်သဏ္ဌာန်တွင် ဒီမိုကရေစီ မျိုးစေ့ရှင်သန်ရေးကို ရည်ရွယ်ပြီး အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများကို အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်နှင့် တက္ကသိုလ်အဆင့် စသည်ဖြင့် သတ်မှတ်၍ ဆုချီးမြှင့်မှုအစီအစဉ်များကို ထည့်သွင်းကျင်းပခဲ့သည်။

ထို့အတူ ဒုတိယကြိမ် လွှတ်တော်များ၏ (၄) နှစ်မြောက် နှစ်ပတ်လည်နေ့ အခမ်းအနားကို ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလ ၃၁ ရက်တွင် လွှတ်တော်ဝင်းအတွင်း ကျင်းပခဲ့ပြီး ၎င်းအခမ်းအနားတွင် နိုင်ငံတော်သမ္မတနှင့် လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ တက်ရောက်၍ ဂုဏ်ပြုအမှာစကားပြောကြားခဲ့သည်။

**သုတေသနဆိုင်ရာဆောင်ရွက်ချက်များ**

ပြည်ထောင်စုလွှတ်တော်သည် သုတေသနဆိုင်ရာ ဆောင်ရွက်ချက်များအနေဖြင့် Customer တစ်ဦးချင်း မေးခွန်းများ ဖြေကြားခြင်းနှင့် သုတေသနစာတမ်းတိုများ ရေးသားဖြန့်ဝေခြင်းတို့ကို အဓိက ဝန်ဆောင်မှုပေးလျက်ရှိသည်။ စတုတ္ထ (၁) နှစ်တာကာလအတွင်း နိုင်ငံရေးဆိုင်ရာ စာတမ်းတို ၂ စောင်၊ စီးပွားရေးဆိုင်ရာ စာတမ်းတို ၅ စောင်၊ ဥပဒေကြမ်း စာတမ်းတို ၃ စောင်၊ စာရင်းအင်းဆိုင်ရာ စာတမ်းတို ၄ စောင်နှင့် အထွေထွေစာတမ်းတို ၅ စောင် စုစုပေါင်း ၁၉ စောင် ရေးသားပြုစု၍ ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။

Westminster Foundation of Democracy – WFD ၏ ပံ့ပိုးကူညီမှုဖြင့် UK အောက်လွှတ်တော်မှ ကျွမ်းကျင်ပညာရှင်များနှင့် မြန်မာလွှတ်တော်ရုံးများမှ သုတေသနဝန်ထမ်းများ ပူးပေါင်း၍ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ် လွှတ်တော်ရုံးများမှ သုတေသနဌာနရှိ ဝန်ထမ်းများအတွက် သုတေသနစွမ်းရည်ဆိုင်ရာ ဆွေးနွေးပွဲကို ပူးပေါင်းဆောင်ရွက်ပေးနိုင်ခဲ့သည်။

**လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး**

လူ့စွမ်းအားအရင်းအမြစ်ဌာန၏ အစီအစဉ်ဖြင့် ဝန်ထမ်းများ အင်္ဂလိပ်စာ အရည်အသွေး ပိုမိုအားကောင်းစေရန် ရည်ရွယ်၍ အင်္ဂလိပ်စာသင်တန်း ၁ ကြိမ်နှင့် လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှုသင်တန်း ၂ ကြိမ်၊ အခမ်းအနားမှူးသင်တန်း ၁ ကြိမ်တို့ကို ဖွင့်လှစ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့ပြင် ဝန်ထမ်းများ လုပ်ငန်းခွင်တွင် စိတ်အားထက်သန်တက်ကြွမှုရှိစေရေး အလုပ်ရုံဆွေးနွေးပွဲ ၂ ကြိမ်ကို ပြုလုပ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ဝန်ထမ်းများအတွက် လေ့လာသင်ယူမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုအစီအမံ (Learning and Development Plan) စစ်တမ်းမေးခွန်းလွှာများ (questionnaire) ဖြန့်ဝေကောက်ခံနိုင်ခဲ့ပြီး ရရှိသော အချက်အလက်များအရ ဝန်ထမ်းတစ်ဦးချင်းစီအတွက် လိုအပ်သော သင်တန်းများပေးနိုင်ရန် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

**e-Parliament အကောင်အထည်ဖော်**

e-Parliament စနစ်ကို အကောင်အထည်ဖော်ရာတွင် Hluttaw Intranet (Share Point) စနစ်ကိုအသုံးပြုပြီး လွှတ်တော်ဆိုင်ရာ သတင်းအချက်အလက်များ၊ စာရွက်စာတမ်းများ လုံခြုံလျင်မြန်စွာ ပေးပို့အသုံးပြုလျက်ရှိသည်။ Hluttaw Intranet ကို လွှတ်တော်ကိုယ်စားလှယ်များသို့ ၂၀၁၉ ခုနှစ် မေလတွင် စတင်မိတ်ဆက်ပြီး ကော်မတီအလိုက် သုံးစွဲလျက်ရှိသည်။

လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် ICT နည်းပညာဆိုင်ရာ ဝန်ဆောင်မှုများ အသုံးပြုရာတွင် အခက်အခဲမရှိစေရေးအတွက် (၁၃) ကြိမ်မြောက် ပုံမှန်အစည်းအဝေးမှ စတင်၍ ICT Helpdesk Counter ထားရှိပြီး လိုအပ်သည့် နည်းပညာအကူအညီများ ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည်။

စတုတ္ထ (၁) နှစ်တာကာလအတွင်း လွှတ်တော်ကိုယ်စားလှယ်များနှင့် ဝန်ထမ်းများ၏ လုပ်ငန်းစွမ်းဆောင်ရည်များသည် နည်းပညာအကူအညီများကြောင့် ပိုမိုမြင့်မားတိုးတက်ကောင်းမွန်လာခဲ့သည်။ ထိုကဲ့သို့ လွှတ်တော်များ၊ ပြည်သူတို့၏ စိတ်ကူးအိပ်မက်များကို ပြည်သူတို့ကိုယ်စား အကောင်အထည်ဖော်ပေးနေသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည်များ မြင့်မားလာသည်နှင့်အမျှ ပြည်သူတို့၏ မျှော်လင့်ချက်၊ လိုလားချက်များသည် ပြည့်ဝအောင်မြင်လာမည်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁)နှစ်တာကာလအတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းပေးခြင်းနှင့် နိုင်ငံတကာသဘောတူစာချုပ်များ၊ ချေးငွေများကို အတည်ပြုပေးခြင်း၊ သုတေသနဝန်ဆောင်မှုပေးခြင်းနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ်သင်ကြားပို့ချခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုကဲ့သို့ ပြည်သူလူထုက ရွေးချယ်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းထားသည့် ပြည်ထောင်စုလွှတ်တော်ကြီးသည် အခြားမဏ္ဍိုင်ကြီးများနှင့် အပြန်အလှန် ထိန်းကျောင်းဆောင်ရွက်ရင်း စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး တည်ဆောက်နိုင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ဂုဏ်ပြုရေးသားတင်ပြလိုက်ရပါသည်။ ။

**ဒုတိယ အကြိမ် ပြည်ထောင်စုလွှတ်တော်၏ စတုတ္ထ (၁)နှစ်တာကာလ အတွင်း နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွား အတွက် လိုအပ်သော ဥပဒေများကို ပြဋ္ဌာန်းပေးခြင်းနှင့် နိုင်ငံတကာ သဘောတူ စာချုပ်များ၊ ချေးငွေများကို အတည်ပြုပေးခြင်း၊ သုတေသန ဝန်ဆောင်မှုပေးခြင်းနှင့် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုး တိုးတက်ရေးအတွက် သင်တန်းများ ဖွင့်လှစ် သင်ကြား ပို့ချခြင်းများကို ဆောင်ရွက်ပေးနိုင်ခဲ့**




(၈-၅-၂၀၁၉)ရက်နေ့က e – Parliament System Hluttaw Intranet (Share Point) မိတ်ဆက်ခြင်း အခမ်းအနားတွင် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်စဉ်။

# ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်နေသည့် မွန်ပြည်နယ်

**တွေ့ဆုံမေးမြန်း – သီသီမင်း၊ ဓာတ်ပုံ – သဇင်**

မွန်ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် စတုတ္ထ (၁)နှစ်တာကာလအတွင်း မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တွင် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ပြည်နယ်ဘဏ္ဍာရန်ပုံငွေတို့ဖြင့် ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ ဒေသခံပြည်သူများ၊ ဒေသတွင်းလာရောက်ရင်းနှီးမြှုပ်နှံသူများနှင့် ကုမ္ပဏီနှင့် အဖွဲ့အစည်းများမှ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ကာ ပြည်နယ်ဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြည်နယ်ဖွံ့ဖြိုးရေးအတွက် အဓိကအရေးပါသည့် စီမံကိန်းများကို စနစ်တကျ ချမှတ်ရေးဆွဲကာ အကောင်အထည်ဖော် ဆောင်ရွက်နေသည့် မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြလိုက်ပါသည် –

**မေး။ ။** စတုတ္ထ (၁)နှစ်တာကာလအတွင်းမှာ လမ်းပန်းဆက်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်နေမှုကို သိပါရစေရှင့်။

**ဖြေ။ ။** မွန်ပြည်နယ် အစိုးရအဖွဲ့အနေနဲ့ ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်ခဲ့တဲ့ ကိစ္စတွေထဲက အဓိကကျတဲ့ လမ်းပန်းဆက်သွယ်ရေးကဏ္ဍမှာ ကတ္တရာ ကွန်ကရစ်ထပ်ပိုးလွှာခင်းခြင်း ၁၆ မိုင် ၅ ဒသမ ၅ ဖာလုံ၊ ကတ္တရာခင်းခြင်း ၁ ဖာလုံ၊ ကတ္တရာလမ်းချဲ့ခြင်း ၁၁ မိုင်၊ ကွန်ကရစ်လမ်းခင်းခြင်း ၁၁ မိုင် ၇ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၁၅ မိုင် ၆ ဖာလုံအပြင် သံကူကွန်ကရစ်တံတားတည်ဆောက်ခြင်း ၄၆ စင်း၊ သံကူကွန်ကရစ် ရေထွက်ပေါက်ပြုလုပ်ခြင်း ခြောက်စင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။ ဒါ့အပြင် အဓိကကျတဲ့ ကျိုက်မရောမြို့နယ်ရှိ ကျိုက်မရော – စံပယ်ဂူ – ကော့ပနော လမ်းပေါ်မှာ အရှည် ၆၄၄ ဒသမ ၁ မီတာရှိတဲ့ အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတား တည်ဆောက်ရေး စီမံကိန်းကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာ စတင်ဆောင်ရွက်လျက်ရှိပြီး ယခု ၇၆ ဒသမ ၅ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်ပါတယ်။

**မေး။ ။** စိုက်ပျိုးရေးကဏ္ဍဆောင်ရွက်နေမှုကို သိချင်ပါတယ်ရှင့်။

**ဖြေ။ ။** စိုက်ပျိုးရေးကဏ္ဍအနေနဲ့ မွန်ပြည်နယ်မှာ ယခင်နှစ်က မိုးသည်းထန်စွာရွာသွန်းခဲ့တဲ့အတွက် ရေကြီးနစ်မြုပ်ခဲ့တဲ့ လယ်မြေတွေကို အချိန်မီ ပြန်လည်စိုက်ပျိုးနိုင်ဖို့ တောင်သူလယ်သမားတွေကို လက်တွန်းထွန်စက်အစီး ၅၀ ပံ့ပိုးပေးခဲ့ပြီး ရေကြီးနစ်မြုပ်တဲ့ လယ်မြေ ၄၃၂ ဒသမ ၅ ဧကကို ကောက်စိုက်စက်တွေနဲ့ ကူညီဆောင်ရွက်ပေးခဲ့ပါတယ်။ ဒါ့အပြင် လယ်ယာမြေ ၅၈၈ ဧကကို အဆင့်မြှင့်ဧကကွက်များ ဖော်ထုတ်ခြင်းနဲ့ မြေညှိခြင်းတို့ကို ဆောင်ရွက်ခဲ့ပါတယ်။

ဒါ့အပြင် ၂၀၁၉ ခုနှစ် ဩဂုတ်လမှာ မိုးသည်း ထန်စွာရွာသွန်းပြီး ရေကြီးနစ်မြုပ်မှုကြောင့် မိုးစပါး ၂၃၉၁၁ ဧကနဲ့ ချက်ကြံခင်း ဧက ၂၀၀ ပျက်စီးသွားပါတယ်။ ဒီပျက်စီးသွားတဲ့ လယ်ယာမြေတွေအတွက် စုစုပေါင်း မျိုးစပါး ၁၃၆၁၁ တင်းကို ဖြန့်ဝေပေးခဲ့ပါတယ်။ ယခုလိုဆောင်ရွက်တဲ့အပြင် အဓိကအနေနဲ့ ဆောင်ရွက်ခဲ့တာက သထုံမြို့နယ်မှာ ခေတ်အဆက်ဆက် တိမ်ကောနေတဲ့ သထုံဆားချောင်းတူးဖော်ရေးကို သထုံမြို့နယ်ရဲ့ အကျိုးပြုလယ်ဧက စုစုပေါင်း ၈၀၀၀၀ ကျော်ကို လာမယ့်နှစ်မှာ ရေပေးဝေနိုင်ဖို့အတွက် ဘီးလင်းမြစ်ကနေ ပေါင်မြို့နယ် ရေးမြစ်အထိ စုစုပေါင်းအရှည် ၂၄ ဒသမ ၃၃ မိုင်ကို တူးဖော်ခဲ့ပါတယ်။

**မေး။ ။** ဒေသတွင်းပြည်သူတွေရဲ့ လူနေမှုဘဝ မြင့်မားရေးမှာ အရေးပါတဲ့ စွမ်းအင်ကဏ္ဍ ဆောင်ရွက်ပေးနေမှုကို သိချင်ပါတယ်ရှင့်။

**ဖြေ။ ။** စွမ်းအင်ကဏ္ဍအနေနဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၈၆ ဒသမ ၁၂ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၂၉ ဒသမ ၄၃ မိုင်၊ ၁၁/၀ ဒသမ ၄ ကေဗွီဓာတ်အားခွဲရုံ ၁၃၈ ရုံ၊ အစားထိုးဓာတ်အားလိုင်းတွေအဖြစ် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၅ ဒသမ ၆၈ မိုင်၊ ၁၁ ကေဗွီ ဓာတ်အားလိုင်း ၂၂ ဒသမ ၁ မိုင်၊ ၄၀၀ ဗို့ ဓာတ်အားလိုင်း ၃၃ ဒသမ ၈၈ မိုင်ကို ကျေးရွာပေါင်း ၃၀ ရှိ အိမ်ထောင်စုပေါင်း ၄၅၂၃ စုကို လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးဆောင်ရွက်ပေးနိုင်ပြီး ဖြစ်ပါတယ်။ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် ပေါင်မြို့နယ် အုန်းတစ်ပင်ကျေးရွာအုပ်စု ဆင်ရွာကျေးရွာမှာ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၆ မိုင်နဲ့ ၃၃ / ၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်ပြီးစီးပါက ကျေးရွာ ၃၄ ရွာရှိ အိမ်ထောင်စုပေါင်း ၅၈၂၅ စုကို မီးအားပြည့်မီအောင် ပေးနိုင်မှာဖြစ်ပါတယ်။ သထုံမြို့နယ် ကျေးရွာ ၁၁ ရွာရှိ အိမ်ထောင်စုပေါင်း ၁၃၃၃ စုကို ထပ်မံပြီး လျှပ်စစ်ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။ ကျိုက်မရောမြို့နယ် ကဒါကျေးရွာမှာ ၃၃ ကေဗွီဓာတ်အားလိုင်း ၆ မိုင်နဲ့ ၃၃/၁၁ ကေဗွီ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံ တစ်ရုံ တည်ဆောက်လျက်ရှိပြီး ကျေးရွာ ၂၄ ရွာရှိ အိမ်ထောင်စု ၄၈၄၁ စုကို ဓာတ်အားဖြန့်ဖြူးပေးဖို့အတွက် ဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်မှာ မီးလင်းပြီး ကျေးရွာပေါင်း ၈၃၃ ရွာရှိကာ ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ်ပြီးစီးပါက မီးလင်းမည့်ကျေးရွာပေါင်း ၉၀၉ ရွာ ဖြစ်လာမှာဖြစ်တဲ့အတွက် ကျေးရွာပေါင်း ၇၆ ရွာ ပိုမိုတိုးတက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာ ဖြစ်ပါတယ်။

**မေး။ ။** ပညာရေးကဏ္ဍ ဆောင်ရွက်ထားရှိမှုကို သိပါရစေရှင့်။

**ဖြေ။ ။** ပညာရေးကဏ္ဍအနေနဲ့ အခြေခံပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းသို့ရောက်ရှိစေရေး နိုင်ငံသားတိုင်း အခြေခံပညာအဆင့် လက်လှမ်းမီစေရေးနဲ့ မြို့ပြကျေးလက်ပညာရေးတန်းတူညီမျှမှုရှိစေရေးအတွက် အခြေခံပညာကျောင်း ၉၂ ကျောင်းကို အဆင့်တိုးမြှင့် ဖွင့်လှစ်ပေးနိုင်ပြီး တက္ကသိုလ်ဝင်စာမေးပွဲ စာစစ်ဌာနလေးခုကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ကျောင်းအဆောက်အအုံ ၁၄၉ ကျောင်း ဆောက်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး

အထူးကဏ္ဍ [ စ ] သို့ »»»

**ကျောင်းအဆောက်အအုံ ၁၄၉ ကျောင်း ဆောက်လုပ်ခြင်းကို ဆောင်ရွက်လျက်ရှိပြီး တက္ကသိုလ်များမှ စာသင်ဆောင်များ၊ ဆရာ ဆရာမအိမ်ရာတွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် အိပ်ဆောင်တွေနဲ့ ထမင်းစားဆောင်တွေ တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ပြည်နယ်အတွင်း Tourism နဲ့ပတ်သက်တဲ့ ကောလိပ်တစ်ခုကို မွန်ပြည်နယ်မှာ ထပ်မံဆောက်လုပ်နေ**



မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအေးဇံ



ကျိုက်မရော–စံပယ်ဂူ–ကော့ပနောလမ်းပေါ်ရှိ အတ္ထရံမြစ်ကူး(စံပယ်ဂူ)တံတားအား တည်ဆောက်လျက်ရှိသည်ကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ င ] မှ

တက္ကသိုလ်များမှ စာသင်ဆောင် များ၊ ဆရာဆရာမအိမ်ရာတွေ၊ ကျောင်းသား ကျောင်းသူတွေအတွက် အိပ်ဆောင်တွေနဲ့ ထမင်းစားဆောင်တွေ တိုးချဲ့ဆောက်လုပ်ပေးနိုင်ခဲ့ပါတယ်။ အထူးသဖြင့် ပြည်နယ်အတွင်း Tourism နဲ့ပတ်သက်တဲ့ ကောလိပ်တစ်ခုကို မွန်ပြည်နယ်မှာ ထပ်မံဆောက်လုပ်နေကြောင်း တင်ပြလိုပါတယ်။

**မေး။ ။ ကျန်းမာရေးကဏ္ဍ ဆောင်ရွက်နေမှုကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** ကျန်းမာရေးကဏ္ဍအနေနဲ့ ကျေးလက်ကျန်းမာရေးဌာနနဲ့ ဌာနခွဲတွေမှာ အဆောက်အအုံနဲ့ ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း ၁၂ ခု၊ ကျေးလက်ကျန်းမာရေးဌာနခွဲတွေမှာ ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း ၁၄ ခုနဲ့ မော်လမြိုင်မြို့နယ်မှာ အမျိုးသမီးနှင့် ကလေးဆေးရုံကြီး ပင်မဆောင် အကြီးစားပြင်ဆင်မွမ်းမံခြင်း၊ ကျိုက်မရောမြို့နယ်ဆေးရုံ၊ ချောင်းဆုံမုရစ် ကလေးတိုက်နယ်ဆေးရုံ၊ ကျိုက်ထိုမြို့နယ် သိမ်ဇရပ် ကျောက်ညှပ်တိုက်နယ်ဆေးရုံတွေကို တိုးချဲ့ဆောင်ရွက်နေပါတယ်။

**မေး။ ။ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ကျေးလက်လမ်း ဖွံ့ဖြိုးရေးကဏ္ဍ ဆောင်ရွက်နေမှုအပိုင်းကို သိပါရစေရှင့်။**

**ဖြေ။ ။** ကျေးလက်လမ်း ဖွံ့ဖြိုးရေးကဏ္ဍအနေနဲ့ ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနဲ့ ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း စုစုပေါင်း ၈ မိုင် ၄ ဒသမ ၄၇ ဖာလုံ၊ ကွန်ကရစ်တံတား လေးစင်းနဲ့ ပြည်နယ်ဘဏ္ဍာရန်ပုံငွေဖြင့် ကွန်ကရစ်လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း၊ ကျောက်ချောလမ်းခင်းခြင်း၊ ဂဝံလမ်းခင်းခြင်း၊ မြေသားလမ်းခင်းခြင်း၊ မြေသားတာပေါင်ပြုလုပ်ခြင်း စုစုပေါင်း ၇၄ မိုင် ၇ ဒသမ ၀၇ ဖာလုံနဲ့ ကွန်ကရစ်တံတား ၁၇ စင်းနဲ့ Box Culvert ခုနစ်စင်း ဆောင်ရွက်ခဲ့ပါတယ်။

ကျေးလက်နေ ပြည်သူလူထုအတွက် အဓိကလမ်းမကြီးတွေနဲ့ မြို့တွေ ဆက်သွယ်သွားလာနိုင်တဲ့ ကျေးလက်လမ်းတွေကို ပိုင်းလော့ပရောဂျက်အနေနဲ့ သံဖြူဇရပ်မြို့နယ် ကရုပ္ပိ –ကော့လေး – ကျောင်းရွာ – အနင်းလမ်း ၂၆ မိုင် ၅ ဖာလုံ၊ သထုံခရိုင်ရဲ့ အဓိက ကျေးလက်လမ်းဖြစ်တဲ့ ဖြူဘ – သဲကုန်းလမ်းပေါ်ရှိ ကျုံဟော်ရာမဆိပ် ကွန်ကရစ်တံတားပေ ၃၆၀ တို့ကို ဆောင်ရွက်လျက်ရှိပါတယ်။ ကျုံဟော်ရာမဆိပ်တံတားက ယခုနှစ်အတွင်း ပြီးမြောက်မှာ ဖြစ်ပါတယ်။

ပြည်နယ် ဖွံ့ဖြိုးကြီးကြပ်ရေးရုံးက ပြည်နယ်ဘဏ္ဍာရန်ပုံငွေနဲ့ ကျိုက်မရောမြို့နယ် လေးအိမ်စု–ကြက်မတွန်ကုန်း လမ်းအရှည်နဲ့ သထုံမြို့နယ် ထိန်ပင်ကျေးရွာမှ သထုံဘူတာအထိ မြေသားလမ်းဖောက်ခြင်း သုံးခု၊ ကျိုက်ထိုမြို့နယ် ကျိုက်ပိ–သောင်ကွင်း ကုန်ထုတ်လမ်း ဂဝံခင်းခြင်းလုပ်ငန်း တစ်ခု၊ မော်လမြိုင်မြို့ ဦးနာအောက်လမ်း၊ ကတိုး–ကော့နှပ် – ဇာသပြင်လမ်း၊ ရေးမြို့နယ်အတွင်းရှိ လမ်းတွေမှာ ကတ္တရာလမ်းခင်းခြင်း၊ လမ်းပိုင်း ကွန်ကရစ်လမ်းခင်းခြင်း၊ ကွန်ကရစ်တံတား တည်ဆောက်ခြင်းနဲ့ Box Culvert ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ ဦးဆောင်မှုနဲ့ ဘီးလင်းမြို့ ကမ်းနားလမ်းတစ်လျှောက် ဖိုးရာဇာရပ်ကွက် မြေထိမ်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ကျိုက်ထိုမြို့နယ် စစ်တောင်းကျေးရွာ စစ်တောင်းတံတားရဲ့ မြစ်ကြောဘက် စစ်တောင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်း၊ ကျိုက်ထိုမြို့နယ် မုတ္တမော့–ခရွဲကားလမ်း ဦးသီလကုန်းအနီးမှာ စစ်တောင်းမြစ် ကမ်းပြိုကာကွယ်ရေးလုပ်ငန်းတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

**မေး။ ။ မြို့ရွာတွေ သာယာလှပရေးအတွက် ဆောင်ရွက်နေမှုကို သိပါရစေရှင့်။**

**ဖြေ။ ။** မြို့ရွာတွေ သန့်ရှင်းသာယာလှပရေးအတွက် မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့အနေနဲ့ မြို့နယ် ၁၀ မြို့နယ်အတွင်းမှာ နိုင်လွန်ကတ္တရာခင်းခြင်း၊ လမ်းသစ်ခင်းခြင်း၊ ကွန်ကရစ်ခင်းခြင်း၊ ကတ္တရာထပ်ပိုးလွှာ

အထူးကဏ္ဍ [ ဆ ] သို့ »»»



မွန်ပြည်နယ် ပေါင်မြို့နယ်ရှိ ကျုံဟော်–ရာမဆိပ်တံတားအား တည်ဆောက်လျက်ရှိသည်ကို တွေ့ရစဉ်။




မော်လမြိုင်မြို့ ကမ်းနားလမ်းကို တွေ့ရစဉ်။

**အဓိကအနေနဲ့ ဒီနှစ်အတွင်းမှာ မော်လမြိုင် အတ္ထရုံမြစ်ရေပေးရေး စီမံကိန်းကို မြစ်ရေတင်စီမံကိန်း အနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံကိန်းက မော်လမြိုင်မြို့မှာ ရှိနေတဲ့ ရပ်ကွက်/ကျေးရွာပေါင်း ၁၄ ခုကို တစ်နေ့ ရေဂါလန် ၃၄၂ သန်းသောက်သုံးရေပေးဖို့ ရည်ရွယ်တဲ့ စီမံကိန်းကြီးဖြစ်**

»»» အထူးကဏ္ဍ [ စ ] မှ

ခင်းခြင်း၊ အမာခံလမ်းခင်းခြင်း စုစုပေါင်း ၇၅ မိုင် ၄ ဒသမ ၄၄ ဖာလုံ၊ တံတားလုပ်ငန်းတွေ အနေနဲ့ ကွန်ကရစ်တံတား ၁၆၇ စင်း၊ ရေပြွန်နှစ်ခုနဲ့ အခြားလုပ်ငန်းတစ်ခုကို ဆောင်ရွက်ခဲ့ပါတယ်။ အဓိကအနေနဲ့ ဒီနှစ်အတွင်းမှာ မော်လမြိုင် အတ္တရံမြစ်ရေပေးရေးစီမံကိန်းကို မြစ်ရေတင်စီမံကိန်းအနေနဲ့ ဆောင်ရွက်လျက်ရှိပါတယ်။ ဒီစီမံကိန်းက မော်လမြိုင်မြို့မှာရှိနေတဲ့ ရပ်ကွက်/ကျေးရွာပေါင်း ၁၄ ခုကို တစ်နေ့ရေဂါလန် ၃၄၂ သန်း သောက်သုံးရေပေးဖို့ ရည်ရွယ်တဲ့ စီမံကိန်းကြီး ဖြစ်ပါတယ်။ ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလအကုန် ပြီးစီးမှာ ဖြစ်ပါတယ်။

**မေး။ ။ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းတွေ ဆောင်ရွက်နေတဲ့အပိုင်းကို ရှင်းပြပေးပါဦးရှင့်။**

**ဖြေ။ ။** သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းအနေနဲ့ ၂၀၁၉ ခုနှစ် အောက်တိုဘာလမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလအထိ မွန်ပြည်နယ်အတွင်း သဘာဝဘေးအန္တရာယ်ဆိုင်ရာဟောပြောဆွေးနွေးခြင်း၊ ဘေးအန္တရာယ်လျော့ပါးဖို့အတွက် စေတနာ့ဝန်ထမ်းလူငယ်တွေနဲ့ ဆင့်ပွားသင်တန်းဖွင့်လှစ်ခြင်းလုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ မွန်ပြည်နယ်မှာ ၂၀၁၉ ခုနှစ် ဧပြီလမှ ၂၀၂၀ ပြည့်နှစ် ဧပြီလအထိ ရေဘေးသင့်ပြည်သူတွေကို စားနပ်ရိက္ခာတွေ ထောက်ပံ့ခြင်း၊ လေဘေးသင့်သူတွေအတွက် စားနပ်ရိက္ခာ ထောက်ပံ့ခြင်း၊ ပျက်စီးသွားတဲ့ ကျေးလက်လမ်း၊ တံတားတွေပြုပြင်ပေးခြင်း၊ လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးသွားတဲ့ စာသင်ကျောင်းတွေ၊ ဌာနဆိုင်ရာ ရုံးအဆောက်အအုံ ပြုပြင်ပေးခြင်းစတဲ့ လုပ်ငန်းတွေကို ဆောင်ရွက်ခဲ့ပါတယ်။ ဒ့ါအပြင် ထူးကဲဒီရေကြောင့် စစ်တောင်းကျေးရွာမှာ ပျက်စီးခဲ့တဲ့ မိသားစုတွေကို အိမ်ရာသစ်တွေနဲ့ မြေကွက်တွေကို ထောက်ပံ့ခဲ့ပါတယ်။

ရေးမြို့နယ်မှာရှိတဲ့ ဟံဂံကျေးရွာတွေမှာ ရေမြောင်းတွေ တူးဖော်ခြင်းနဲ့ ဆိုင်ကလုန်းရှပ်တာတွေ တည်ဆောက်ခြင်းတို့အတွက် ငွေကျပ် ၁၂၉၅ ဒသမ ၂၆ သန်း ထောက်ပံ့ပေးနိုင်ခဲ့ပြီး ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စုရဲပြားကုန်းကျေးရွာ မလတ်တောင် မြေပြိုဘေးပြန်လည်ထူထောင်ရေးအတွက် ငွေကျပ် ၁၀၆၅ ဒသမ ၃၈၁ သန်း အပါအဝင် စုစုပေါင်း ငွေကျပ် ၂၃၆၀ ဒသမ ၆၄၅ သန်းကို ထောက်ပံ့ပေးခဲ့ပါတယ်။

**မေး။ ။ အခြားဆောင်ရွက်နေမှု တွေကို ဖြည့်စွက်ပြောကြားပေးပါဦးရှင်။**

**ဖြေ။ ။** ပြည်နယ်အစိုးရရဲ့ ခွင့်ပြုရန်ပုံငွေနဲ့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို မွန်ပြည်နယ်အတွင်း နေရာအနှံ့အပြားမှာ ဆောင်ရွက်ခဲ့ပါတယ်။ ကျေးလက်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေထူထောင်ပြီး သက်ဆိုင်ရာ ခရိုင်/မြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပြည်နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနနဲ့ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့တွေကနေ မော်လမြိုင်မြို့နယ်မှာလုပ်ငန်း နှစ်ခု၊ ချောင်းဆုံမြို့နယ်မှာ လုပ်ငန်း ငါးခု၊ ကျိုက်မရောမြို့နယ်မှာ လုပ်ငန်း တစ်ခု၊ မုဒုံမြို့နယ်မှာ လုပ်ငန်း ခြောက်ခု၊ သံဖြူဇရပ်မြို့နယ်မှာ လုပ်ငန်း နှစ်ခု၊ ရေးမြို့နယ်မှာ လုပ်ငန်း သုံးခု၊ ကျိုက်ထိုမြို့နယ်မှာ လုပ်ငန်း လေးခု၊ ဘီးလင်းမြို့နယ်မှာ လုပ်ငန်း သုံးခု၊ သထုံမြို့နယ်မှာ လုပ်ငန်း သုံးခု၊ ပေါင်မြို့နယ်မှာ လုပ်ငန်း တစ်ခုနဲ့ စုစုပေါင်းလုပ်ငန်း ၂၈ ခုကို ဆောင်ရွက်ခဲ့ပြီး ကျေးလက်နေပြည်သူလူထုနဲ့ ပူးပေါင်းကာ ဘိလပ်မြေအိတ် ၈၀၀၀၀ ကို ကျေးလက်လမ်းတွေအတွက် ထောက်ပံ့ပေးခဲ့ပါတယ်။ မွန်ပြည်နယ်အတွင်း အဓိကအနေနဲ့ အတ္တရံမြစ်ရေတင်စီမံကိန်း၊ သထုံမြို့နယ် ဆားချောင်းတူးဖော်ရေးနဲ့ ကျိုက်မရော – စံပယ်ဂူတံတား စီမံကိန်းကြီးတွေကို အဓိက စီမံကိန်း သုံးခုအနေနဲ့ ဆောင်ရွက်ပေးခဲ့ပါတယ်။



မွန်ပြည်နယ် ချောင်းဆုံမြို့နယ် ကွမ်လှာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း RC နှစ်ထပ်ကျောင်းဆောင်သစ်ကို တွေ့ရစဉ်။



မော်လမြိုင်မြို့ အစိုးရနည်းပညာအထက်တန်းကျောင်း ဒီဇိုင်းပုံစံကို တွေ့ရစဉ်။

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်မှာ မီးလင်းပြီးကျေးရွာပေါင်း ၈၃၃ ရွာရှိကာ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ပြီးစီးပါက မီးလင်းမည့် ကျေးရွာပေါင်း ၉၀၉ ရွာ ဖြစ်လာမှာဖြစ်တဲ့အတွက် ကျေးရွာပေါင်း ၇၆ ရွာ ပိုမိုတိုးတက်ပြီး ဓာတ်အားဖြန့်ဖြူးပေးနိုင်မှာဖြစ်**




မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် သေမင်းတမန်ပြတိုက်တွင် ပြသထားသည့် ရထားတစ်စင်းအား တွေ့ရစဉ်။



မွန်ပြည်နယ် ပေါင်မြို့နယ် သဲဖြူကုန်းကျေးရွာအုပ်စု ရဲပြားကုန်းကျေးရွာရှိ မလတ်တောင်မြေပြိုကျမှုတွင် အိုးအိမ်ဆုံးရှုံးခဲ့ရသော မိသားစုများအတွက် ဆောက်လုပ်ပေးထားသည့် လုံးချင်းအိမ်ရာများကို တွေ့ရစဉ်။

# ပြည်တွင်း ပြည်ပ ခရီးသွားများ လာရောက်လည်ပတ်လျက်ရှိသည့် မွန်ပြည်နယ်ရှိ အထင်ကရ နေရာများ



ကျိုက်ထိုမြို့နယ်ရှိ ကျိုက်ထီးရိုးဆံတော်ရှင်စေတီတော်



မုဒုံမြို့နယ်ရှိ ဝင်းစိန်တောရဆရာတော်ကျောင်း



ပေါင်မြို့နယ်ရှိ နွားလပို့တောင် ဆံတော်ရှင်စေတီတော်



ကျိုက်မရောမြို့နယ်ရှိ ဆုတောင်းပြည့်စေတီတော်



ကျိုက္ခမီမြို့ရှိ ကျိုက္ခမီရေလယ်ဘုရား



သထုံမြို့နယ်ရှိ ရွှေစာရံစေတီတော်



ရေးမြို့နယ်ရှိ ကဗျာဝကမ်းခြေ